# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၈)ရက် ၊ တနင်္လာနေ့ ၊ (19-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၇၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် ၇/၂၀၂၆

၁၃၈၈ ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်)

**ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်**

**ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာခြင်း**

၁။ နိုင်ငံတော်သမ္မတရုံးက ၁၃၈၈ ခုနှစ် ဒုတိယဝါဆိုလဆန်း ၇ ရက်၊ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်းကြေညာသည့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် ၃/၂၀၂၆ ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

စာမျက်နှာ ၁၇ ကော်လံ ၁

## စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် ၈/၂၀၂၆

၁၃၈၈ ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်)

**စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်ခြင်း**

၁။ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်(၇/၂၀၂၆)ဖြင့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ဆက်လက်တည်ရှိကြောင်း ကြေညာထားသည့်မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃ ပုဒ်မခွဲ(ခ)အရ စစ်အုပ်ချုပ်ရေးအမိန့်ဆက်လက်ထုတ်ပြန်၍ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာလုပ်ပိုင်ခွင့်နှင့် တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းလိုက်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁

## ဒုတိယသမ္မတ ဦးညိုစော ကရင်ပြည်နယ် ဘားအံမြို့နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့တို့တွင် ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး




ဒုတိယသမ္မတ ဦးညိုစော ရှိုင်းထူး လယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်ရေး စက်ရုံ၌ ခေတ်မီ လယ်ယာသုံး စက်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၈ ဒုတိယသမ္မတ ဦးညိုစောသည် ခရီးစဉ်တွင် လိုက်ပါလာသော အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁

**ရတနာပုံ ယနေ့ဖတ်စရာ**

**ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက၊ အရေး အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး** စာမျက်နှာ - ၁၇

## ၅၀၀၀၀ ကျပ်တန် ငွေစက္ကူအမျိုးအစားသစ်ကို ထုတ်ဝေမည်မဟုတ်ကြောင်း အသိပေးထုတ်ပြန်ချက်

လက်တလော လူမှုကွန်ရက်စာမျက်နှာများနှင့် အင်တာနက် Website များတွင် သတင်းမီဒီယာအချို့က ၅၀၀၀၀ ကျပ်တန် ငွေစက္ကူအမျိုးအစားသစ်ကို ထုတ်ဝေမည့်သတင်းများဖြန့်ဝေလျက်ရှိရာ (ကျပ်ငွေငါးသောင်းတန်) ငွေစက္ကူသစ်များ ထုတ်ဝေမည်ဆိုသည့် မမှန်မကန်သော ကောလာဟလသတင်းများ ပျံ့နှံ့လျက်ရှိပါကြောင်း၊ ယင်းသတင်းများသည် မှန်ကန်မှုမရှိပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၅၀၀၀၀ ကျပ်တန်ငွေစက္ကူသစ်များထုတ်ဝေမည့်အစီအစဉ်မရှိပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏အဓိကရည်မှန်းချက်မှာ ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိရန်နှင့် ထိန်းသိမ်းရန်ဖြစ်သည့်အတွက် ငွေကြေးတည်ငြိမ်ရေးနှင့် ငွေကြေးစနစ်တည်ငြိမ်ရေးအတွက်

စာမျက်နှာ ၁၆ ကော်လံ ၃

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ ဗီယက်နမ်နိုင်ငံရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၁၈ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ ၃၆ ဦးနှင့် အုပ်ချုပ်သူများကို နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်စေလွှတ်ခဲ့ရာ အောက်တိုဘာ ၁၆ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာကြပြီး ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိကြသည်။

ယမန်နေ့နံနက်ပိုင်းတွင် ထူးချွန်ကျောင်းသား၊ကျောင်းသူများသည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှ ဟာလောင်းမြို့သို့ ထွက်ခွာကြကာ ယူနက်စကို(UNESCO)၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံထားရသည့် Halong Bay သို့ရောက်ရှိပြီး အပျော်စီးသင်္ဘောဖြင့်

စာမျက်နှာ ၁၈ ကော်လံ ၁



ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၉ ရက်
အယ်ဒီတာ့အာဘော်

## နိုင်ငံတော်နှင့်တပ်မတော်အတွက် အားထားရသည့်အားကစားသမားများ

၆၃ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲနှင့် ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၁၆ ရက်က နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်အားပေးပြီး ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

မြန်မာ့အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲအသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် အားကစားသမားများသည် သမိုင်းကြောင်းလှပခဲ့သည့် တပ်မတော်အားကစားပုံရိပ်ဆက်လက်မြင့်မားစေရေး အစွမ်းကုန်ယှဉ်ပြိုင်ကစားကြပြီး ထိုက်တန်သော ဆုများအသီးသီး ရယူနိုင်ခဲ့ကြသည်။ အားကစားသမားကောင်းဖြစ်လာသူများကိုလေ့လာကြည့်ပါက ထိုးထွင်းကြံဆလုပ်ဆောင်တတ်မှုနှင့် တီထွင်လုပ်ကိုင်ဆောင်ရွက်တတ်မှုရှိခြင်းဟူသော အရည်အချင်းကို မြင်တွေ့နိုင်ပေသည်။

တပ်မတော်အနေဖြင့် အားကစားပြိုင်ပွဲအသီးသီးကို သတ်မှတ်ကာလများတွင် ကျင်းပလျက်ရှိသည်မှာ ထူးချွန်သည့်အားကစားသမားများပေါ်ထွန်းလာစေရန် ရေးအစဉ်အလာများနှင့်အညီ ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ တပ်ခွဲအဆင့်၊ တပ်ရင်းအဆင့်၊ တပ်မအဆင့်၊ တိုင်းအဆင့်တို့မှတစ်ဆင့် တပ်မတော်ကိုယ်စားပြု အားကစားသမားတစ်ယောက်ဖြစ်အောင်ကြိုးစားရခြင်းသည် လွယ်ကူလှသည်မဟုတ်ပေ။ ပင်ကိုဝါသနာနှင့် ဇွဲ၊ လုံ့လ၊ ဝီရိယ ကြိုးစားမှုရှိမှသာ အောင်မြင်မည်ဖြစ်ပေသည်။

တပ်မတော်သားများသည် ပြည်သူလူထုမှ မွေးဖွားကြီးပြင်းလာကြသူများဖြစ်၍ ပြည်သူတို့၏ သား၊ သမီးများသာဖြစ်သည်။ ၎င်းတို့သည် တပ်မတော်(ကြည်း၊ရေ၊လေ) တွင် ဝင်ရောက်ပြီး တပ်မတော်၏ မူလတာဝန်ကို ထမ်းဆောင်ကြသကဲ့သို့ မိမိတို့အသီးသီးတွင် တတ်ကျွမ်းပြီးသော ပညာရပ်များနှင့်အညီလည်း တာဝန်ထမ်းဆောင်ကြသည်။ အားကစားဝါသနာပါသူများက အားကစားဘက်တွင် ထူးချွန်အောင်ကြိုးစားကြရသည်။ တပ်မတော်အနေဖြင့် အဆိုပါ ပညာရပ်များနှင့်ပတ်သက်၍ ပြိုင်ပွဲများကျင်းပပေးကာ ထူးချွန်ထက်မြက်သူများကို ရွေးချယ်ကြသည်။ ယခုအခါ ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲကျင်းပပြီး တပ်မတော်ဂုဏ်ဆောင် အားကစားသမားများ မွေးထုတ်၍ နိုင်ငံ့ဂုဏ်ဆောင်သူများအဖြစ်သို့ ရောက်ရှိအောင်ပို့ဆောင်ပေးလျက် ရှိပေသည်။

နိုင်ငံ့ဂုဏ်ဆောင်တပ်မတော်အားကစားသမားများ ပေါ်ထွက်လာခြင်းသည် အသင်းအုပ်ချုပ်သူများ၊ နည်းပြအဖွဲ့ဝင်များအနေဖြင့် အားကစားသမားများ ရွေးချယ်ခြင်း၊ လေ့ကျင့်ခြင်း ကိစ္စရပ်များတွင် အမှန်တကယ်အစွမ်းအစရှိသူများကို ရွေးထုတ်ပေးခြင်းကြောင့်ဖြစ်သည်။ ထို့အတူ အားကစားသမားများ အနေဖြင့်လည်း အထက်ကပေးအပ်သည့်အမိန့်နှင့်တာဝန်ကို တိကျစွာလိုက်နာလုပ်ဆောင်ခြင်းကြောင့်လည်းဖြစ်ပေသည်။

အားကစားပြိုင်ပွဲသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယ ကြိုးပမ်းအားထုတ်မှုများနှင့် စည်းလုံးညီညွတ်မှုများကို ဖော်ထုတ်ပြသနိုင်သည့် စွမ်းရည်ယှဉ်ပြိုင်ပွဲဖြစ်သည်။ သို့ဖြစ်ရာ တပ်မတော်သားများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲအသီးသီးမှတစ်ဆင့် ကိုယ်စီရှိထားကြသည့် အရည်အချင်းအသီးသီးကို ဖော်ထုတ်ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အားကိုးအားထားပြုရသည့် အားကစားသမားကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၃၁၀၉၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**အရာတော် အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၃၁၀၉၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၄၆၅၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၃၁၀၉၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နှမ်းဧက ၃၄၆၅၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၃၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲစေရေး၊ ပိုးမွှားကင်းရှင်းစေရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။ (၂၀၆)

## ပုသိမ်ကြီးမြို့နယ် ကန်လယ်ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ်ကြီး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်လယ်ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကို ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကန်လယ်ရွာသစ်ကျေးရွာရှိ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကန်လယ်ရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို စီမံကိန်း ရန်ပုံငွေကျပ် ၄၄ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အောင်ရဲကျော်**

## အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၈၄၄ ဧက စိုက်ပျိုးမည်

**မြောင်းမြ အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၈၄၄ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ် ၂၈၄၄ ဧက စိုက်ပျိုးရန် လျာထားပြီး နိုဝင်ဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အိမ်မဲမြို့နယ်မှာ ငရုတ်ဧက ၂၈၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ငရုတ်သီး စိုက်ပျိုးမှုတွေကတော့ တိုးတက်ကောင်းမွန်ပါတယ်။ ငရုတ်သီး စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားရောဂါကင်းရှင်းဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားပါမယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ယခုနှစ် အိမ်မဲမြို့နယ်တွင် စိုက်ပျိုးမည့်ငရုတ်သီးနှံများ အထွက်နှုန်းကောင်းမွန်စေရေး၊ အရည်အသွေးကောင်းမွန်ပြီး ဈေးရရှိစေရေးအတွက် စိုက်ပျိုးနည်းစနစ်နည်းပညာပေးခြင်း၊ မြေဆီလွှာ အာဟာရ ဖွံ့ဖြိုးတိုးတက်စေရေး၊ နည်းပညာပေးခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ငရုတ်ကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငရုတ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# သာစည်မြို့နယ် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၃ ဒသမ ၆ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဘုရားကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၁၉ ဒသမ ၇သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၂၂ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူဦးရေ ၄၀ ကို ငွေကျပ် ၂၁ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို ရန်ပုံငွေကျပ် ၆၃ ဒသမ ၆ သန်းထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၂၈လမ်း၊ ၇၁ လမ်းx၇၂လမ်းကြားနေ ဦးတင်ကိုကိုကြီးနှင့် သား၊ သမီး၊ မြေးမိသားစုက ဒေါ်နီနီထွန်းအားရည်စူး၍ တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ၇၅၀၀၀၀၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၄၇၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၂၂၀၀၀၀ လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ဥက္ကဋ္ဌ ဦးစိုးလင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၂၈၃၁၄ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**တန့်ဆည် အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၂၈၃၁၄ ဧကထိ နုတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မြေပဲ ၃၅၇၃၉ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ဩဂုတ်လပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၈၃၁၄ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၂ ဒသမ ၇၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ မြေပဲ ၃၅၇၃၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေကို အခုလက်ရှိမှာ နုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၂၈၀၀၀ ကျော် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းကြပါတယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် မြေပဲစိုက်တောင်သူများကို စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# စဉ့်ကိုင်မြို့နယ် ရေကင်းကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**စဉ့်ကိုင် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေကင်းကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်မေသူဇင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ရေကင်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ (နည်းပညာ)က ဆောင်ရွက်ပြီး ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ရေကင်းကုန်းကျေးရွာ၌ အရှည်ပေ ၅၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်မေသူဇင်ထံမှ သိရသည်။

**သော်ဇင်ထူး**

# ဘိုကလေးမြို့နယ်တွင် နေလှန်းဆားများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**ဘိုကလေး အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဘိုကလေးမြို့နယ် ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူအောင်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် အောက်တိုဘာလဒုတိယပတ်မှ ယနေ့ထိ နေလှန်းဆားများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ နေလှန်းဆား တစ်ပိဿာလျှင် ငွေကျပ် ၄၅၀ မှ ၇၅၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်မှာ နေလှန်းဆားတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ငါးပိ၊ ငါးခြောက်လုပ်တဲ့အချိန်ဆိုတော့ ဆားအရောင်းအဝယ်ကောင်းလာတာပါ။ ဆားတွေကတော့ ဒေသထွက် နေလှန်းဆားတွေပါပဲ။ လတ်တလောမှာ တစ်ရက်ကို နေလှန်းဆားပိဿာချိန် ၂၅၀၀ ကနေ ၄၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုလို ဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ် ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူအောင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဒေသထွက်နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်နှင့် ငံပြာရည်ထုတ်လုပ်သည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း၊ အဆိုပါဆားများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေသောကြောင့် ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဇရာကို ရင်ဆိုင်ခြင်း

**ချစ်နိုင်(စိတ်ပညာ)**




"အိုမင်းခြင်း(ဇရာ)ကို တားဆီး၍မရသော်လည်း ဇရာကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးပြဿနာများနှင့် ရောဂါများခံစားရခြင်းဆိုသည့် နာခြင်း(ဗျာဓိ)ကိုမူ ကြိုတင်ကာကွယ်၍ ရပါသည်။ ထိရောက်စွာကုသ၍လည်း ရပါ၏။"

**ဒေါက်တာတင်ထွန်းဦး**

တစ်ခုသော မိုးရာသီ၏ ကောင်းကင်ပြင်တွင် တိမ်တောင် တိမ်လိပ်များသည် လေနှင်ရာရွေ့လျားလွင့်မျောနေကြလေသည်။ တိမ်ထုအထူကြီးလည်း မြင်ရသည်။ တိမ်ပါးပါးလေးများလည်း တွေ့ရသည်။ တိမ်ညို၊ တိမ်ပြာ၊ တိမ်ဖြူ စသော ရောင်စုံ အရောင်အသွေးများလည်း ရှိကြသည်။ သူတို့သည် တာရှည်တော့ မခံကြပါ။ ပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းလဲပြီး ပျောက်ကွယ်သွားကြစမြဲပင်ဖြစ်ပေသည်။ ဘယ်မိုးတိမ်မှ ငြိမ်သက်စွာတာရှည်ရပ်တည်နေခြင်း မရှိကြပါချေ။

လူ့ဘဝသည်လည်း တိမ်ပမာ၊ လေပမာ ရွေ့လျားနေကြပါတကား။ ငယ်စဉ်ဘဝ၊ လူရွယ်ဘဝ၊ လူကြီးဘဝ၊ အမြဲမပြတ် ပြောင်းလဲပြီးသော် လူအိုဘဝ ရောက်ကြရ၏။ တကယ်တော့လည်း ဇရာဘဝ အချိန်ပိုင်းသည်လည်း အသက် ၆၀ အရွယ်မှ ၉၀ နီးနီးထိ၊ အများအားဖြင့် အိုမင်းကာလသည် အနှစ် ၃၀ ဝန်းကျင်မျှသာ ရှိတတ်ပါသည်။ ဆရာ ဒေါက်တာတင်ထွန်းဦးကမူ "အိုမင်းမစွမ်း"ဆိုသည်ကို လက်မခံပါနှင့်ဟု သူကဆိုထား၏။ အဘယ်ကြောင့်ဆိုသော် သူ့အမြင်အရ "အိုမင်းခြင်းကိုရှောင်လွှဲ၍ မရသော်လည်း မစွမ်းခြင်း၊ ရင့်ရော်ခြင်းတို့ကိုမူ ကာကွယ်ဟန့်တားနိုင်ပါ၏"ဟု သူကဆိုလေသည်။ အသက်အရွယ် ၄၀-၅၀ နှစ်ခန့်မှစ၍ ဇရာကြောင့်ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးပြဿနာနှင့် ရောဂါများကို ကြိုတင်ကာကွယ်ဆင်ခြင်သင့်ပါသည်ဟု သူကရေးသားထားပါ၏။

မနေ့က ဈေးသို့ရောက်တော့ စာအုပ်ဆိုင်ရှိရာဘက်သို့ ထွက်လာခဲ့သည်။ လိုချင်စရာ စာအုပ်တွေ တွေ့ရသော်လည်း မိမိဝင်ငွေနှင့် နေ့စဉ်ဈေးဖိုးကို တွက်ဆကာ လက်ထဲမှပြန်ချထားလိုက်ရသည်သာ။ မိမိနှစ်သက်၍ ဖတ်ချင်လွန်းသည့် စာအုပ် ၃-၄ အုပ်ကိုတော့ အားတင်းလျက် ဝယ်ခဲ့လိုက်၏။ ထိုအထဲတွင် သုတစွယ်စုံမဂ္ဂဇင်း၊ အာရောဂျံမဂ္ဂဇင်းနှင့် ပြည်မြန်မာဂျာနယ် စသည့်စာအုပ်စာစောင်များ ထုတ်ဝေနေသော အယ်ဒီတာချုပ် ဒေါက်တာတင်ထွန်းဦးရေးသော "ဇရာကို ရင်ဆိုင်ခြင်း အနုပညာ"ဆိုသည့် စာအုပ်ကိုတော့ မိမိစိတ်ဝင်စားပါသည်။

ပထမဆုံးအချက်မှာ မိမိကိုယ်တိုင် အသက်အရွယ် ၈၀ သို့ နီးကပ်နေပြီဖြစ်သဖြင့် အသားအရေကြွက်သားတို့သည် အသက် ၄၀ ကာလဆီကနှင့် ကွာခြားခဲ့လေပြီ။ ဇရာကို ဒုတ်ဒုတ်ထိရင်ဆိုင်ဖြတ်သန်းနေဆဲ အချိန်ဖြစ်သဖြင့် ဤစာအုပ်ကို မြည်းကြည့်ပြီးနောက် လက်ဝယ်ဆောင်ထား၍ မကြာခဏ ဖတ်သင့်လောက်သောစာအုပ်ဟု အကဲခတ်မိနေသည်။

စာအုပ်အကြောင်းအရာ "ဇရာကိုရင်ဆိုင်ခြင်းအနုပညာ"ဟုဆိုသဖြင့် မိမိဖတ်ရမည်ဟု နားလည်ပါ၏။ ဒုတိယအကြောင်းကမူ စာရေးသူနှင့်သူ့အရည်အသွေးကို အကဲခတ်မိခြင်းနှင့် သက်ဆိုင်လိမ့်မည်။ ဒေါက်တာတင်ထွန်းဦးသည် မိမိထက် ခြောက်နှစ်ခန့် ငယ်ရွယ်ပါသေး၏။ သို့ရာတွင် မိမိထက်သာသော အချက်တွေများစွာရှိလေသည်။ ငယ်စဉ်ကလေးထပ်ကွမ်း လူရည်ချွန်ဖြစ်ခဲ့သူပင်။ ငယ်ရွယ်စဉ်ကပင် စာကြိုးစားသည်၊ စည်းကမ်းရှိသည်၊ ဉာဏ်ကောင်းသည်။ လူတော်လူကောင်းပုဂ္ဂိုလ်အဖြစ် အစဉ်အလာကိုယ်ရေးရာဇဝင် ကောင်းခဲ့သူဖြစ်ပေသည်။ ရန်ကုန်ဆေးတက္ကသိုလ်(၂)မှ ဆရာဝန်ဘွဲ့ကို "ဆေးပညာဂုဏ်ထူးဖြင့် ဘွဲ့ရခဲ့သူဖြစ်၏။ ဆေးပညာမဟာသိပ္ပံ (ပြည်သူ့ကျန်းမာရေး)ဘွဲ့ ကိုလည်း ဂုဏ်ထူးဖြင့်ပင် အောင်မြင်ခဲ့သူဖြစ်၏။ ၁၉၇၂ ခုနှစ်မှစတင်၍ စာပေနယ်သို့ စာပေဗိမာန်စာမူဆု (ပထမဆု) ရ စာအုပ်ဖြင့် ဝင်ရောက်ခဲ့၏။

ထို့ပြင် ၁၉၉၁ ခုနှစ်နှင့် ၁၉၉၄ ခုနှစ်တို့တွင်လည်း သူပြုစုသော စာအုပ်များဖြင့် အမျိုးသားစာပေဆု နှစ်ကြိမ်ရခဲ့ဖူးသူဖြစ်ပေသည်။ ကျန်းမာရေးဦးစီးဌာနတွင် ၁၉၉၅ ခုနှစ်ထိ လက်ထောက်ညွှန်ကြားရေးမှူး တာဝန်ကို ထမ်းဆောင်ခဲ့ပြီး စာပေထုတ်ဝေရေးလမ်းကြောင်းဖြင့် ဘဝကို ဆက်လက်လျှောက်လှမ်းသည်။

အများအကျိုးအတွက် လက်တွေ့ကျသော လူမှုရေးလုပ်ငန်းများကိုလည်း ထိရောက်စွာလုပ်ဆောင်နိုင်ခဲ့သူဖြစ်၏။ ဟင်္သာတမြို့နယ် ဦးဖိုးကျား၏ ဇာတိနိဗ္ဗာန်ရွာတွင် "ဦးဖိုးကျားအထိမ်းအမှတ် သုတစွယ်စုံစာကြည့်တိုက်"ကို တည်ထောင်ခဲ့ပြီးအဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်များ၊ စာပေဟောပြောပွဲများ စသည်ဖြင့် နှစ်စဉ်ပံ့ပိုးဖြည့်စွမ်းနေပေသေးသည်။ နိဗ္ဗာန်ရွာ သုတစွယ်စုံစာကြည့်တိုက်၏ ဘေးမှာ စင်ထိုးကာ စာပေဟောပြောပွဲနှစ်ကြိမ် မိမိလည်း ရောက်ရှိဟောပြောခဲ့ဖူးပေသည်။ ဒေါက်တာတင်ထွန်းဦးက ဟင်္သာတမြို့သားဖြစ်သဖြင့် သူမွေးရပ်ဇာတိကို စာပေဖြင့် ပြုစုပျိုးထောင်ခြင်းဟုလည်း ဆိုနိုင်လေသည်။

၂၀၀၆ ခုနှစ်မှ ယနေ့ထက်တိုင်ပင် အနှစ် ၂၀ ကြာရှည်ခဲ့ပြီဖြစ်သော နိုင်ငံတော်အသိအမှတ်ပြု "သုတစွယ်စုံစာပေဆု" ကိုဖော်ဆောင်ကာ သုတစာအုပ်ကောင်းများကို နှစ်စဉ်ရွေးချယ်ဆုပေးခဲ့သည်။ စာအုပ်ပေါင်း ၁၀၀ ပင် ကျော်ပေပြီ။ စာရေးဆရာများကို ငွေကြေးချီးမြှင့်ဂုဏ်ပြုခဲ့သည်။ ၂၀၀၇ ခုနှစ်က ထုတ်ဝေခဲ့သော ချစ်နိုင်(စိတ်ပညာ)၏ဘဝတစ်ခုစီမံမှု" ဘာသာပြန်စာအုပ်ကို ဒေါက်တာတင်ထွန်းဦးနှင့်ဇနီး ဒေါက်တာခင်မိုးမိုးတို့၏ သုတစွယ်စုံ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့မှ တိုင်းကျိုးပြည်ပြုသုတ စာပေ၊ လူငယ်စာပေဆုအနေနှင့် ဆုငွေချီးမြှင့်ခဲ့လေသည်။

ဒေါက်တာတင်ထွန်းဦး၏ ကျေးဇူးရှိခဲ့ဖူးခြင်းကို မခွင်းမချန်ဖော်ပြရမည်ဆိုလျှင် ယခုအချိန်ထိ အကြိမ်ပေါင်း ၂၀ ကျော် ထပ်ကာထပ်ကာ ထုတ်ဝေနေဆဲဖြစ်သော မိမိ၏ ချစ်နိုင်(စိတ်ပညာ)၊ ချစ်လို့ပြောတာမှတ်ပါစာအုပ်တွင် အမှာစာဖော်ပြပေးသူကား ဒေါက်တာတင်ထွန်းဦးပါတည်း။ ၁၉၉၆ ခုနှစ်က ဖြစ်ပါသည်။ လွန်ခဲ့သော အနှစ် ၃၀ တိတိကာလကြာမြင့်သော်လည်း သူ၏ကူညီပေးမှု ကျေးဇူးကား အထူးပင် ထိရောက်ကြီးမားပါပေသည်။ လူငယ်စာပေ အမျိုးသားစာပေဆုလည်း ရခဲ့လေသည်။

ဒေါက်တာတင်ထွန်းဦးသည် လူမှုထူးချွန်(ဒုတိယဆင့်)ရသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့်အပြင် မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ စသည့် လူမှုဝန်ထမ်းတာဝန်များကို စိတ်အားထက်သန်စွာ ထမ်းဆောင်နေပေသည်။

ကတညုတ ကတဝေဒီဟူသော စကားနှင့်အညီ ကျေးဇူးရှိခဲ့ဖူးသူအား ကျေးဇူးတုံ့ပြန်ဆပ်ရန်ဖြစ်သော်လည်း နှစ်ပေါင်း ၃၀ ကြာခဲ့သည်အထိ သတိတရရှိလျက်နှင့် ကျေးဇူးပြုခွင့် မသာခဲ့ပါချေ။ ယခု ဤစာအုပ်အကြောင်း ရေးသားဖော်ပြရာတွင် စာအုပ်ရေးသူအား ကျေးဇူးဆပ်ခြင်းသဘောထက် စာဖတ်သူများအား ကောင်းကျိုးကျေးဇူး အထူးရစေမည့် စာအုပ်ကောင်းအမှန်ဖြစ်သဖြင့်သာ စာအုပ်အကြောင်း ရေးသားတင်ပြနေခြင်းဖြစ်ပါသည်။ စာအုပ်ကြော်ငြာ မဟုတ်။ စာအုပ်မိတ်ဆက်မဟုတ်၊ စာအုပ်ဝေဖန်ချက်၊ စာအုပ်အညွှန်းလည်း မဟုတ်ပါ။

လူပုဂ္ဂိုလ်အကြောင်း၊ စာပေအကြောင်း၊ စာအုပ်အကြောင်း၊ အနုပညာအကြောင်း၊ တေးသီချင်းအကြောင်း၊ ဂီတအကြောင်း၊ တေးစာသားအကြောင်း စသည်တို့ကို အချိန်အခါ၊ အခြေအနေနှင့် စာဖတ် ပရိသတ်အကျိုးရှိရာရှိကြောင်းတို့ကိုသာ ရှာဖွေစုဆောင်းကာ ပြုစုရေးသားခဲ့ပါသည်။

စာအုပ်ပင်လယ် ကျယ်ဝန်းပါ၏။

စာပေသမုဒ္ဒရာ နက်ရှိုင်းလှပါ၏။

စာပေသမုဒ္ဒရာ၊ စာအုပ်ပင်လယ်တို့သည် နက်ရှိုင်း ကျယ်ဝန်းလှသည်နှင့်အမျှ ဖတ်ရှုရသူအား အကျိုးပြုနိုင်စွမ်းလည်း မတူကွဲပြား ခြားနားကြပါသည်။ လူသားတွေက လှေများ၊ ဖောင်များ၊ သင်္ဘောများအပြင် ရေးက ရွက်များ၊ ရွက်တိုင်များဖြင့်လည်းကောင်း၊ လက်ရှိခေတ်တွင်မူ ကွန်တိန်နာသင်္ဘောများ၊ ဆီလှောင်ကန်ကြီးများဖြင့် လည်းကောင်း၊

အောက်ပါ ကျန်းမာရေးနှင့် ဆေးပညာစာအုပ်များကို ရေးခဲ့ပြီးဖြစ်သည်။

၁။ လူတိုင်းအတွက်စိတ်ဝင်စားစရာ ဆေးပညာ (၁၉၈၃)
၂။ ပတ်ဝန်းကျင်နှင့်သင့်ကျန်းမာရေး (၁၉၈၃)
၃။ ကိုယ်စိတ်ကျန်းမာ သင့်ခန္ဓာ (၂၀၂၁)

ဤစာအုပ်ပြုစုနိုင်ရန် သူ၏အောက်ပါ ယခင်က ပြုစုခဲ့သည့်ကျမ်းများ စာအုပ်များကို ကိုးကားနိုင်ခဲ့သည်-

၁။ အသက်ရှည်ရာ အနာမဲ့ကြောင်း (၁၉၇၉)
၂။ သက်ရှည်ကျန်းမာ ဆေးပညာ (၁၉၈၈)
၃။ သက်ကြီးရွယ်အိုနှင့်ကျန်းမာရေး ပြဿနာ (၂၀၀၄)
၄။ သက်ရှည်ကျန်းမာ နည်းလမ်း ၁၀၀ (၂၀၂၁)

ထို့ပြင် အောက်ပါစာအုပ်များကိုလည်း လေ့လာကိုးကားခဲ့ပေသေးသည်-

ထို့ပြင် အောက်ပါစာအုပ်များကိုလည်း လေ့လာကိုးကားခဲ့ပေသေးသည်-

| | | |
|---|---|---|
| ၁။ | ကျော်ဇေယျ(ပုသိမ်) | အသက်၅၀ ကျော်လျှင် (၂၀၀၁) |
| ၂။ | ဒေါက်တာခင်မောင်လွင် (FAME) | ဇရာကိုအံတုခြင်း (၂၀၂၀) |
| ၃။ | ချစ်စံဝင်း | ဆန်းဖွပ်သည့်အဘိုးအို(၂၀၂၁) |
| ၄။ | မောင်မောင်လှိုင် (အပ်စိုက်ကု) | ကျန်းကျန်းမာမာ အသက် ၁၀၀ (၂၀၀၃) |
| ၅။ | ဟိန်းလတ် | ဖြည်းဖြည်းလာပါ အိုဇရာ (၂၀၀၀) |

❖ လူ့ဘဝသည်လည်း တိမ်ပမာ၊ လေပမာ ရွေ့လျားနေကြပါတကား။ ငယ်စဉ်ဘဝ၊ လူရွယ်ဘဝ၊ လူကြီးဘဝ၊ အမြဲမပြတ်ပြောင်းလဲပြီးသော် လူအိုဘဝရောက်ကြရ၏။ တကယ်တော့လည်း ဇရာဘဝ အချိန်ပိုင်းသည်လည်း အသက် ၆၀ အရွယ်မှ ၉၀ နီးနီးထိ၊ အများအားဖြင့် အိုမင်းကာလသည် အနှစ် ၃၀ ဝန်းကျင်မျှသာ ရှိတတ်ပါသည်။ ဆရာ ဒေါက်တာတင်ထွန်းဦးကမူ "အိုမင်းမစွမ်း"ဆိုသည်ကို လက်မခံပါနှင့်ဟုသူကဆိုထား၏။ အဘယ်ကြောင့်ဆိုသော် သူ့အမြင်အရ "အိုမင်းခြင်းကိုရှောင်လွှဲ၍မရသော်လည်း မစွမ်းခြင်း၊ ရင့်ရော်ခြင်းတို့ကိုမူ ကာကွယ်ဟန့်တားနိုင်ပါ၏"ဟု သူကဆိုလေသည်။ ❖

ဤပင်လယ်သမုဒ္ဒရာတို့အား ဉာဏ်စွမ်းအားဖြင့် ဖြတ်ကျော်ကူးသန်းကာ ကုန်မျိုးစုံကို သယ်ယူပို့ဆောင်နေကြလေပြီ။ လူသုံးပစ္စည်းမျိုးစုံကို ကုန်စည်ဖလှယ်၊ ရောင်းဝယ်ပို့ဆောင်နေကြလေတော့သည်။ ပင်လယ်နှင့်သမုဒ္ဒရာများသည် လူသားကို သမိုင်းကြောင်းတစ်လျှောက် ကောင်းကျိုးများ ပြုခဲ့ပါပေသည်။

ဘာသာစကား၊ စာပေများသည်လည်း လူသား၏ သမိုင်းစဉ်တစ်လျှောက်တွင် တိုးတက်ဖွံ့ဖြိုးစေခဲ့ပုံမှာ စာဖတ်သူများအားလုံးလည်း သိပြီးသားပင်။

စာပေရေးသားသူ၊ ထုတ်ဝေသူသာမက စာပေဆု တည်ထောင်ဆုပေးသူ (နှစ် ၂၀ ရှိခဲ့ပြီ)၊ ဇာတိမြို့မှာ ဦးဖိုးကျား အမှတ်တရ သုတစွယ်စုံစာကြည့်တိုက် ထူထောင်အားဖြည့်ပေးနေသူ ဒေါက်တာတင်ထွန်းဦး၏ စေတနာနှင့်လုပ်ဆောင်ချက်များကား အထူးပင် မြင့်မားခဲ့ပါ၏။

အထက်ပါစာအုပ်များသည် အကြောင်းအရာရွေးချယ်မှုကောင်းခြင်း၊ အချက်အလက်ကောင်းခြင်း၊ ရေးသားတင်ပြပုံကောင်းမွန်ခြင်းတို့ကြောင့် ထင်ရှားခဲ့ကြပါသည်။ ဤစာအုပ်များအပါအဝင် ကျမ်းကိုးစာအုပ်ပေါင်း ၅၀ ကျော်ကို မွှေနှောက်လေ့လာစုဆောင်းပြီး စနစ်တကျ ပြုစုခဲ့သော စာအုပ်တစ်အုပ်ဖြစ်လေသည်။ ဒေါက်တာတင်ထွန်းဦး၏ ကြိုးစားအားထုတ်မှုနှင့် တတ်မြောက်ကျွမ်းကျင်သော ဘာသာရပ်အကြောင်းရင်းတစ်ခုဖြစ်သောကြောင့် စာဖတ်သူအတွက် ကောင်းကျိုးမုချအမှန်ရစေမည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း လေ့လာဖတ်ရှု သိခဲ့ရပါသည်။ ဒေါက်တာတင်ထွန်းဦးသည် ကံကောင်းသော ဆရာဝန်၊ စာရေးဆရာ၊ အယ်ဒီတာ၊ ထုတ်ဝေသူတစ်ဦးဖြစ်လေသည်။ သူ၏ စေတနာအတိမ်အနက်ကို သူ၏ လုပ်ဆောင်ချက်အတိုင်းအဆက သက်သေပြလျက်ရှိနေပေသည်။

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အမေ့ရွာ

- ကျောင်းကြီးခေတ္တ ပိတ်ချိန်ကျသည့်
ဝါလကင်းလွတ် သီတင်းကျွတ်ဝယ်
နှင်းဆွတ်သောခါ ငါးမည်ကြာတို့
ထုံစွာပျံ့မွှေးပြီတကား။

- ကြာနံ့သင်းသင်း မြောက်လေညင်းသော်
လယ်ကွင်းတစ်ခို မြကောက်ညိုတို့
ဟိုမှသည်တိမ်း လှဲ့လှဲ့စိမ်းသည်
ယိမ်းကသည့်နှယ်ပါတကား။

- နွားရုပ် ဆင်ရုပ် ဟင်္သာရုပ်နှင့်
ရုပ်စုံဝဲပျံ မီးပုံးပျံတို့
မိုးယံခြိမ့်အုန်း ရှုမဆုံးအောင်
ရွာလုံးအုတ်အော် တူနွဲပျော်သည်
ပွဲတော်စည်လှသည်တကား။

- သက်ကြီးမိဘ ဦးနှိမ်ချဖို့
ပြုကြစဉ်မြဲ ကန်တော့ပွဲ၌
မုန့်ပဲချိုချဉ် ကောင်းစွာပြင်လျက်
ကြည်လင်ရိုကျိုး လက်စုံမိုးသည်
ရိုးရာယဉ်လှသည်တကား။

- သြော်... ကျောင်းကြီးခေတ္တ ပိတ်ချိန်ကျသည်
ဝါလကင်းလွတ် သီတင်းကျွတ်ဝယ်
ပျံ့ဆွတ်နှင်းပေါက် ကြွေချိန်ရောက်တိုင်း
မရောက်ခဲ့ကြာ အမေ့ရွာကို
စိတ်မှာမှန်း၍ တမ်းတ၍လျှင်
လွမ်းငွေ့ဝေဘိသည်တကား။ ။

**မြင်းမူမောင်နိုင်မိုး**

## ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူ ဧက ၁၂၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ကြက်သွန်ဖြူစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူ ဧက ၁၂၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူ ဧက ၁၂၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ စတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ရေဦးခရိုင်မှာ ကြက်သွန်ဖြူ ဧက ၁၂၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ကြက်သွန်ဖြူ စိုက်ပျိုးမှုအနေနဲ့ကတော့ ပုံမှန်အတိုင်းပါပဲ။ ကြက်သွန်ဖြူအထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ နည်းပညာနဲ့ မျိုးတွေကို ပံ့ပိုးပေးသွားမှာပါ"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၁၁၄၅ ဧက၊ တန့်ဆည်မြို့နယ်တွင် ၅၅ ဧက စုစုပေါင်း ဧက ၁၂၀၀ ဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်ဖြူစိုက်တောင်သူများကို ကြက်သွန်ဖြူများကြာရှည်စွာအထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့်ကြက်သွန်ဖြူများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်ဖြူ တစ်ဧကစိုက်ပျိုးလျှင် ကုန်ကျစရိတ် ငွေကျပ် ၁၀ သိန်းကျော်ခန့်ရှိပြီး တစ်ဧကအထွက်နှုန်း ၂၉၇၃ ဒသမ ၁၇ ပိဿာခန့်ရှိကြောင်း သိရသည်။

ကြက်သွန်ဖြူကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်ဖြူကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။ (၂၀၆)

## ကျောက်ပန်းတောင်းမြို့နယ် ဂွေးကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂွေးကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဂွေးကုန်းကျေးရွာ၌ လမ်းအရှည် ၅၅၆ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့စေရေးအတွက် စနစ်တကျ ထိန်းသိမ်းအသုံးပြုကြရန် မှာကြားသည်။

အဆိုပါ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သော်ဇင်ထူး**

## ကဝမြို့နယ် ဝက်ကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကဝ အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝက်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၁၆ ဒသမ ၈ သန်းကို ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဝက်ကုန်းကျေးရွာ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို ငွေကျပ် ၁၆ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

## ဆော်ဒီအာရေဗျနိုင်ငံကို ကာကွယ်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်မည်ဟု အီဂျစ်သမ္မတ ပြောကြား



**ရီယာ့ဒ် အောက်တိုဘာ ၁၈**

ဆော်ဒီအာရေဗျ အစိုးရအဖွဲ့က တောင်းဆိုလာခဲ့ပါက အီဂျစ်နိုင်ငံသည် ဆော်ဒီအာရေဗျနိုင်ငံကို ကာကွယ်ရေးအတွက် လိုအပ်သည့် လုပ်ငန်းအစီအမံအားလုံး ဆောင်ရွက်မည် ဖြစ်ကြောင်း အီဂျစ်သမ္မတ အယ်လ်စီစီက အောက်တိုဘာ ၁၇ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ လုံခြုံရေးနှင့် တည်ငြိမ်မှုထိခိုက်ပျက်ပြားမည့်အရေးကို မိမိတို့ကြည့်နေ၍မဖြစ်နိုင်ကြောင်း အီဂျစ်သမ္မတ အယ်လ်စီစီက အီဂျစ်စစ်တက္ကသိုလ်ကျောင်းဆင်းပွဲ အခမ်းအနား၌ ထုတ်ဖော်ပြောကြားခဲ့သည်။

သို့ရာတွင် ဆော်ဒီအာရေဗျနိုင်ငံကို ကာကွယ်ရေးအတွက် အီဂျစ်လွှတ်တော်၏ သဘောတူညီချက်ကို ရယူရန်လိုအပ်ကြောင်း အီဂျစ်သမ္မတ အယ်လ်စီစီက ပြောကြားထားသည်။

ယီမင်အခြေစိုက် ဟူသီလက်နက်ကိုင်အဖွဲ့သည် မကြာသေးမီရက်များအတွင်း ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့ နိုင်ငံတကာလေဆိပ်နှင့် နိုင်ငံပိုင် အာရမ်ကို ရေနံကုမ္ပဏီ၏ လုပ်ငန်းများကို ဆက်တိုက် တိုက်ခိုက်ခဲ့သည်။

ဆော်ဒီအာရေဗျ ကျောထောက်နောက်ခံပြု နိုင်ငံတကာအသိအမှတ်ပြု ယီမင်အစိုးရနှင့် စစ်ရေးပဋိပက္ခများ ပြန်လည်ဖြစ်ပွားနေချိန်တွင် ဟူသီလက်နက်ကိုင်အဖွဲ့က ဆော်ဒီအာရေဗျနိုင်ငံကို တိုက်ခိုက်နေခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ရုရှားသမ္မတပူတင်နှင့် ပုပ်ရဟန်းမင်းကြီးလီယိုတို့ အိုလက်ရှ်ကီမြို့ကိစ္စ ဖုန်းခေါ်ဆိုဆွေးနွေး



**မော်စကို အောက်တိုဘာ ၁၈**

ရုရှားသမ္မတပူတင်နှင့် ရိုမန်ကက်သလစ် ခရစ်ယာန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး လီယိုတို့သည် အောက်တိုဘာ ၁၆ ရက်တွင် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ပုပ်ရဟန်းမင်းကြီး လီယို၏ မေတ္တာရပ်ခံချက်အရ ရုရှားတပ်များ ထိန်းချုပ်မှုအောက်တွင်ရှိသော ယူကရိန်းမြို့တစ်မြို့ဖြစ်သည့် အိုလက်ရှ်ကီမြို့သို့အရေးပေါ်အကူအညီများ ပေးအပ်ရာတွင် ပူးပေါင်းဆောင်ရွက်ပေးရန် ရုရှားသမ္မတပူတင်က သဘောတူခဲ့ကြောင်း ကရင်မလင်နန်းတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အောက်တိုဘာ ၁၆ ရက်ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် အိုလက်ရှ်ကီမြို့တွင်းသို့ အကူအညီများ ပေးအပ်ရေးအတွက် အပစ်အခတ်ရပ်စဲပေးရန် ပုပ်ရဟန်းမင်းကြီး လီယိုက သမ္မတပူတင်ထံတောင်းဆိုခဲ့ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံ အိုလက်ရှ်ကီမြို့သည် ရုရှားတပ်များက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ထိန်းချုပ်ခဲ့သည့် မြို့တစ်မြို့ဖြစ်သည်။

အိုလက်ရှ်ကီမြို့၌ ပေါ်ပေါက်နေသော လူမှုဒုက္ခအကျပ်အတည်းအတွက် စိုးရိမ်ပူပင်မိသည်ဟု ပုပ်ရဟန်းမင်းကြီးလီယိုက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## အနောက်ဘက်ကမ်းဒေသရောက် ဥရောပသံတမန်များကို မျက်နှာဖုံးစွပ်အစ္စရေးအခြေစိုက်နေထိုင်သူများ တိုက်ခိုက်

**ဂျေရုဆလင် အောက်တိုဘာ ၁၈**

အနောက်ဘက် ကမ်းဒေသသို့ လာရောက်သည့် ဥရောပသံတမန်များကို မျက်နှာဖုံးစွပ်ထားသော အစ္စရေး အခြေစိုက်နေထိုင်သူများက အောက်တိုဘာ ၁၇ ရက်တွင် သတ္တုတုတ်များနှင့် ရိုက်နှက်တိုက်ခိုက်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အနောက်ဘက် ကမ်းဒေသ၏ သံလွင်ပင် ရိတ်သိမ်းရာသီကာလအတွင်း အစ္စရေး အခြေစိုက် နေထိုင်သူများက ပါလက်စတိုင်းလူမျိုးများနှင့် နိုင်ငံခြားသားများကို ဒုတိယမြောက်နေ့အဖြစ် အကြမ်းဖက်တိုက်ခိုက်နေချိန်တွင် အနောက်ဘက်ကမ်းဒေသရောက် ဥရောပသံတမန်များ တိုက်ခိုက်ခံရခြင်းဖြစ်သည်။

အနောက်ဘက် ကမ်းဒေသသို့ ရောက်ရှိနေသည့် ဥရောပသံတမန်များတိုက်ခိုက်ခံရမှုသည် တေဘားပါလက်စတိုင်း ခရစ်ယာန်ကျေးရွာတစ်ရွာအနီး ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထိုဖြစ်စဉ်အတွင်း မျက်နှာဖုံးစွပ်အစ္စရေးအခြေစိုက် နေထိုင်သူများသည် ဘယ်လ်ဂျီယံကောင်စစ်ဝန်ချုပ်၊ ပြင်သစ်၊ ပိုလန်သံတမန်များ၊ ကက်သလစ် ခရစ်ယာန်အဖွဲ့ဝင် ကိုယ်စားလှယ်များကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ဘယ်လ်ဂျီယံနိုင်ငံခြားရေးဝန်ကြီး မက္ကဇင်း ပရီဗော့က ပြောကြားထားသည်။

ထိုတိုက်ခိုက်မှုသည် အစ္စရေးအစိုးရ၏ တရားမဝင်အခြေစိုက်အိမ်ရာများ တည်ဆောက်ရေးမူဝါဒနှင့် ဆက်စပ်နေသည်ဟု ဘယ်လ်ဂျီယံ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားသည်။

ထို့ပြင် အစ္စရေးအစိုးရက အနောက်ဘက်ကမ်းဒေသ၌ တရားမဝင် အကောင်အထည်ဖော်နေသော အစ္စရေးအခြေစိုက်အိမ်ရာ စီမံကိန်းများအပေါ် ဥရောပသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုများကို ထပ်မံမြှင့်တင်မည်ဟု ဘယ်လ်ဂျီယံနိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အိန္ဒိယဘာသာရေးပွဲတော်၌ လူပြိုမှုကြောင့် လူ ၁၉ ဦး သေဆုံး၍ ၂၅ ဦး ဒဏ်ရာရ

**ဒေလီ အောက်တိုဘာ ၁၈**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ကိုလ်ကတ္တားမြို့ ဟိန္ဒူဘာသာရေးပွဲတော်တစ်ခု၌ အောက်တိုဘာ ၁၇ ရက်က လူပြိုမှုဖြစ်ပွားခဲ့ရာ လူ ၁၉ ဦးသေဆုံး၍ ၂၅ ဦးဒဏ်ရာရခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကိုလ်ကတ္တားမြို့ ဟိန္ဒူဘာသာရေးပွဲတော်လူပြိုမှုသည် ပွဲတော်ကျင်းပနေသည့် ဂျာရစ်ရှ်ပတ်ခ်ပန်းခြံဝင်ပေါက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားထားသည်။

ပွဲတော်ကျင်းပနေစဉ် မိုးရုတ်တရက်ရွာသွန်းမှုကြောင့် ရာပေါင်းများစွာသော ဧည့်ပရိသတ်များ ပွဲတော်မှ အလုအယက်ထွက်ခွာချိန်တွင် လူပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဘာသာရေးပွဲတော် လူပြိုမှုအတွင်း လူ ၁၉ ဦးသေဆုံး၍ ၂၅ ဦးဒဏ်ရာရခဲ့ကြောင်း ကိုလ်ကတ္တားမြို့ ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားထားသည်။

ကိုလ်ကတ္တားမြို့ ဟိန္ဒူဘာသာရေးပွဲတော်လူပြိုမှုအတွင်း သေဆုံးခဲ့သူများအတွက် တစ်ဦးလျှင် ကရုဏာကြေးအဖြစ် ရူပီး ၂၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၂၁၀၆ ဒသမ ၁၅ ဒေါ်လာ) စီ ပေးအပ်မည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီကပြောကြားထားသည်။

လာရောက်သူ ပရိသတ်အလွန်များပြားသော အိန္ဒိယဘာသာရေးပွဲတော်များ၌ လူအသေအပျောက်များသည့် လူပြိုမှုများမကြာခဏဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဟော်မုဇ်ရေလက်ကြားအတွင်း ရေနံတင်သင်္ဘောနှစ်စီး ရေမြှုပ်မိုင်းများ ထိမှန်မှုကြောင့် မီးလောင်မှုဖြစ်ပွား



**တီဟီရန် အောက်တိုဘာ ၁၈**

ပါရှန်ပင်လယ်ကွေ့ ဟော်မုဇ်ရေလက်ကြားအတွင်း ရေမြှုပ်မိုင်းများထိမှန်မှုကြောင့် ရေနံတင်သင်္ဘောနှစ်စီး မီးလောင်ခဲ့ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်က အောက်တိုဘာ ၁၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရေမြှုပ်မိုင်းများ ထိမှန်ခဲ့သော ရေနံတင် သင်္ဘောများသည် တစ်စီးလျှင် ရေနံစည်နှစ်သန်းခန့်စီ သယ်ဆောင်ထားကြောင်း အီရန်တော်လှန်ရေး အစောင့်တပ် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရေမြှုပ်မိုင်းများ ထိမှန်ခဲ့သော ရေနံတင်သင်္ဘော နှစ်စီး၏ အမည်များကို အီရန်တော်လှန်ရေး အစောင့်တပ်က ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

ထိုရေနံတင်သင်္ဘော နှစ်စီးသည် ရေမြှုပ်မိုင်းထိမှန်ချိန်တွင် တည်နေရာပြစနစ်နှင့် ရေဒါစနစ်များကိုပိတ်ထားပြီး အီရန်နိုင်ငံက ခွင့်ပြုထားခြင်းမရှိသော ရေလမ်းကြောင်းကို အသုံးပြုရန်ကြိုးပမ်းခဲ့သည်ဟု အီရန်တော်လှန်ရေး အစောင့်တပ် တာဝန်ရှိသူများက ပြောကြား ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဂျပန်အမျိုးသားအာကာသအေဂျင်စီက MMX အင်္ဂါဂြိုဟ် ဂြိုဟ်ရံလများ လေ့လာရေးမစ်ရှင်ကို လွှတ်တင်ရန်စီစဉ်ထား



**တိုကျို အောက်တိုဘာ ၁၈**

ဂျပန်အမျိုးသား အာကာသ အေဂျင်စီသည် MMX အမည်ရှိ အင်္ဂါဂြိုဟ်ဂြိုဟ်ရံလများ လေ့လာရေးမစ်ရှင်ကို အောက်တိုဘာ ၂၀ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း အောက်တိုဘာ ၁၇ ရက် သတင်းများအရ သိရသည်။

ဂျပန်အာကာသအေဂျင်စီသည် MMX အာကာသယာဉ်ကို တာနီဂါရှီးမား အာကာသစခန်းမှတစ်ဆင့် အိတ်ချ်-၃ ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဂျပန်မီဒီယာများက သတင်း ထုတ်ပြန်ထားသည်။

MMX အာကာသယာဉ်သည် အင်္ဂါဂြိုဟ်၏ဂြိုဟ်ရံလ နှစ်စင်းဖြစ်သော ဖိုးဘော့စ် ဂြိုဟ်ရံလနှင့် ဒေးမော့စ်ဂြိုဟ်ရံလတို့ကို လေ့လာမည်ဖြစ်သည်။

ဂျပန်အမျိုးသား အာကာသ အေဂျင်စီ၏အဆိုအရ MMX အာကာသယာဉ်သည် ၂၀၂၇ ခုနှစ် ဩဂုတ်လတွင် အင်္ဂါဂြိုဟ်ဆီသို့ ရောက်ရှိမည်ဖြစ်သည်။

ထို့အပြင် MMX အာကာသယာဉ်သည် ၂၀၂၈ ခုနှစ် ဒီဇင်ဘာလအတွင်း ဖိုးဘော့စ် ဂြိုဟ်ရံလ မျက်နှာပြင်ပေါ်သို့ ဆင်းသက်၍ ကျောက်သားနမူနာများ ရယူမည်ဖြစ်ပြီး ၂၀၃၁ ခုနှစ်တွင် ၎င်း ကျောက်သားနမူနာများကို ကမ္ဘာပေါ်သို့ ပြန်လည်ပို့ဆောင်မည်ဖြစ်ကြောင်း ဂျပန်အမျိုးသား အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားထားသည်။

MMX အာကာသယာဉ်တွင် အမေရိကန်အမျိုးသား အေဂျင်စီက တည်ဆောက်ပေးထားသည့် ဓာတုစမ်းလေ့လာရေး စနစ်များလည်း တပ်ဆင်ထားထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# တစ်ပတ်လျှင် ကဖင်းဓာတ်ပါသောအချိုရည် နှစ်ဘူးထိ သောက်သုံးသူကလေးများ၌ စိတ်ပိုင်းဆိုင်ရာပြဿနာများ ဖြစ်ပေါ်နိုင်

**လန်ဒန် အောက်တိုဘာ ၁၈**

တစ်ပတ်လျှင် ကဖင်းဓာတ်ပါသောအချိုရည် နှစ်ဘူးထိ သောက်သုံးသူ ကလေးများ၌ စိုးရိမ်သောက ဝင်ရောက်မှုနှင့် စိတ်ကျဝေဒနာကဲ့သို့ စိတ်ပိုင်းဆိုင်ရာပြဿနာများ ဖြစ်ပေါ်နိုင်ကြောင်း အောက်တိုဘာ ၁၇ ရက် သတင်းများအရ သိရသည်။

ကလေးများ၌ အဆိုပါစိတ်ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်နိုင်ခြင်းသည် အချိုရည်တွင် ပါဝင်သော ကဖင်းဓာတ်ပမာဏနှင့် ဆက်စပ်နေကြောင်း၊ တစ်ပတ်လျှင် ကဖင်းဓာတ်ပမာဏ မီလီဂရမ် ၉၀ ထိ သောက်သုံးသည့်ကလေးများ၌ နောင် ၁၈ လကြာတွင် စိတ်ပိုင်းဆိုင်ရာပြဿနာများ ပေါ်လာနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ဦးနှောက်ဓာတ်မှန်များကို နှိုင်းယှဉ်လေ့လာချက်အရ ကဖင်းဓာတ် အများဆုံးသောက်သုံးသူနှင့် အနည်းဆုံးသောက်သုံးသူ ကလေးများ၏ ဦးနှောက်နယ်မြေများကြားတွင် ကွဲပြားခြားနားမှုများ ရှိလာတတ်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် အသက် ကိုးနှစ်နှင့် ၁၁ နှစ်ကြား ကလေး ၉၆၀၀ ကျော်တို့၏ ကဖင်းဓာတ်ပါ အချိုရည်များ သောက်သုံးမှုအလေ့အထကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြထားခြင်းဖြစ်သည်။

Ref : Russia Today
Trs : KKO

# UPF အစားအစာများ စားသုံးမှုပမာဏက အူမကြီးကင်ဆာရောဂါဖြစ်လာနိုင်ခြေ မြင့်တက်မှုနှင့် ဆက်စပ်မှုမရှိဟုဆို

**နယူးယောက် အောက်တိုဘာ ၁၈**

အလွန်အကျွံပြုပြင် စီရင်ထားသည့် အစားအစာများ (UPF) စားသုံးမှုပမာဏသည် အူမကြီးကင်ဆာရောဂါ ဖြစ်နိုင်ခြေမြင့်တက်လာမှုနှင့် ဆက်စပ်မှုမရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ အောက်တိုဘာ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံတွင် အရွယ်ရောက်သူများ နေ့စဉ်စားသုံးနေသည့် စွမ်းအင်ပမာဏ ထက်ဝက်ကျော်သည် UPF အစားအစာများမှ ရရှိနေခြင်းဖြစ်ကြောင်း၊ သို့ဖြစ်ရာ UPF အစားအစာများနှင့် အူမကြီးကင်ဆာရောဂါအပါအဝင် နာတာရှည်ရောဂါများနှင့် ဆက်စပ်နေနိုင်ဖွယ်ရှိမှုကြောင့် UPF အစားအစာများ စားသုံးမှု၏အကျိုးသက်ရောက်မှုများအပေါ် ဆေးပညာရှင်များက စိတ်ဝင်စားခဲ့ကြသည်။

UPF အစားအစာများ စားသုံးမှုနှင့် အူမကြီးကင်ဆာဖြစ်ပွားနိုင်ခြေ မြင့်မားလာမှုတို့ကြား ဆက်စပ်မှု ရှိ၊ မရှိကို နားလည်ရေးအတွက် အသက် ၅၀ နှင့် ၇၁ နှစ်ရှိသော အရွယ်ရောက်သူ ၄၀၀၀၀၀ ကျော်တို့၏ UPF အစားအစာများ စားသုံးမှုပုံစံကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ UPF အစားအစာများ စားသုံးမှုပမာဏနှင့် အူမကြီးကင်ဆာရောဂါ ဖြစ်ပွားနိုင်ခြေတို့ကြား ဆက်စပ်မှုမရှိဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# စပေ့စ်အိတ်ကုမ္ပဏီက အမေရိကန်အာကာသတပ်ဖွဲ့၏ USSF-481 သူလျှိုဂြိုဟ်တုကို အောင်မြင်စွာလွှတ်တင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁၈**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် အမေရိကန် အာကာသတပ်ဖွဲ့၏ USSF – 481 အမည်ရှိ သူလျှိုဂြိုဟ်တုကို အောက်တိုဘာ ၁၆ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း အောက်တိုဘာ ၁၇ ရက် သတင်းများအရ သိရသည်။

စပေ့စ်အိတ် ကုမ္ပဏီသည် USSF – 481 သူလျှိုဂြိုဟ်တုကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် ဖယ်လ်ကွန် – ၉ ဒုံးပျံသည် USSF-481 သူလျှိုဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန် – ၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးပျံယာဉ်ကမူ




ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

USSF – 481 မစ်ရှင်၏အသေးစိတ် အချက်အလက်များကို စပေ့စ်အိတ်ကုမ္ပဏီနှင့် အမေရိကန် အာကာသတပ်ဖွဲ့တို့က ထုတ်ပြန်ကြေညာထားခြင်း မရှိပေ။

USSF – 481 မစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ၁၁၄ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# လူသားတို့၏မျက်စိဖြင့်ကြည့်ပါက အစိမ်းရောင် ကြယ်တစ်စင်းအဖြစ် တွေ့မြင်နိုင်သော အဖြူရောင်ကြယ်သိမ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**လန်ဒန် အောက်တိုဘာ ၁၈**

လူသားတို့၏မျက်စိဖြင့် ကြည့်ပါက အစိမ်းရောင်ကြယ်တစ်စင်း အဖြစ် တွေ့မြင်နိုင်သော အဖြူရောင်ကြယ်သိမ်တစ်စင်းကို ပထမဆုံးအကြိမ်အဖြစ် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း အောက်တိုဘာ ၁၇ ရက် သတင်းများအရ သိရသည်။

ထို့ပြင် မှတ်တမ်းတင်နိုင်ခဲ့ဖူးသမျှ အနီရောင်အရင့်ဆုံး ကြယ်တစ်စင်းကို ဗြိတိန်နိုင်ငံ ဝါးဝစ်ခ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားသည်။

စကြဝဠာအတွင်းရှိ သက်တမ်းကုန်ကြယ်များကို အဖြူရောင်ကြယ်သိမ်များဟူ၍ အမည်ပေးထားသည့်တိုင် ၎င်းကြယ်များသည် အရောင်အမျိုးမျိုးဖြင့် အလင်းရောင်ကို ထုတ်လွှတ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဖြူရောင်ကြယ်သိမ်အများစုသည် ၎င်းတို့၏အပူချိန်ကိုလိုက်၍ အရောင်မျိုးစုံထုတ်လွှတ်တတ်ရာ အေးမြသောကြယ်များသည် လိမ္မော်ရောင်ကို ထုတ်လွှတ်တတ်ပြီး နေကဲ့သို့ပူနွေးသော ကြယ်များက အဖြူရောင်ကို ထုတ်လွှတ်ပေးကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ထိုနည်းတူ အပူဓာတ်အပြင်းထန်ဆုံးကြယ်များမှာ အပြာရောင် ဖျော့ဖျော့အလင်းရောင်ကို ထုတ်လွှတ်ပေးတတ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဗြိတိန်သိပ္ပံပညာရှင်များပထမဆုံးအကြိမ် တွေ့ရှိခဲ့သော အစိမ်းရောင်ကြယ်မှာ WDJ 1330+6435 အမည်ရှိ ကြယ်ဖြစ်ပြီး ကမ္ဘာမြေနှင့် အလင်းနှစ် ၂၈၄ နှစ်အကွာတွင် တည်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# ရှန်ဟိုင်းမာစတာအမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို ဒါဗီဒိုဗစ်ဆွတ်ခူး

**ပေကျင်း အောက်တိုဘာ ၁၈**

တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် ရှန်ဟိုင်းမာစတာ အမျိုးသား တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် စပိန်တင်းနစ် ကစားသမားဒါဗီဒိုဗစ် ကချန်ပီယံဆု ဆွတ်ခူးခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဒါဗီဒိုဗစ်သည် ဆီမီးဖိုင်နယ် အဆင့်တွင် ပြိုင်ပွဲ၌ချန်ပီယံဆု ဆွတ်ခူးနိုင်ခြေ အဆင့်(၁) သတ်မှတ်ခံထားရသည့် ဂျာမနီ တင်းနစ်ကစားသမား ဇီရက်ဖ်ကို နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရပြီးနောက် ဗိုလ်လုပွဲအဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့တွင် ဒါဗီဒိုဗစ်သည် တစ်နိုင်ငံတည်းသား ဂျိုဒါနှင့်ကစားခဲ့ရာ ပထမပွဲငယ်တွင် (၆-၁)ရလဒ်ဖြင့်ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင်(၇-၆)၊(၆-၄) ရလဒ်ဖြင့် ပြန်လည်အနိုင်ရပြီး ချန်ပီယံဆု ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဒါဗီဒိုဗစ်က "ကျွန်တော် ဆီမီးဖိုင်နယ်မှာတည်းက ဇီရက်ဖ်ကို အနိုင်ရရှိပြီး ယုံကြည်မှုအပြည့်ရှိခဲ့တာပါ။ ပထမပွဲငယ်မှာ အမှားယွင်းတွေများပြီး ရှုံးနိမ့်ခဲ့ပါတယ်။ ကျန်တဲ့ပွဲစဉ်တွေမှာတော့ ကျွန်တော်သေချာ အာရုံစိုက်ပြီး အကောင်းဆုံး ကစားနိုင်ခဲ့လို့ အခုလို ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့တာပါ။ အခုလို ချန်ပီယံဆုဆွတ်ခူး နိုင်ခဲ့တဲ့အတွက်လဲ တကယ်ကို ဂုဏ်ယူရပါတယ်"ဟု ပြောကြားခဲ့သည်။

ဒါဗီဒိုဗစ်သည် ရှန်ဟိုင်းမာစတာအမျိုးသား တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးခဲ့သည့်အတွက် ပရော်ဖက်ရှင်နယ် ကစားသမားဘဝ အဓိက ဆုဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : AGTP Tennis

Trs : STA



# မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)တွင် ဒဂုံစတားအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့နှင့် ပဲခူးမြို့တို့တွင်ကျင်းပခဲ့ရာ ဒဂုံစတားအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြောင်း သိရသည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃နာရီခွဲက ပဲခူးမြို့ Grand Royal အားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရပြီး ဟံသာဝတီယူနိုက်တက်အသင်း အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၈၁ မိနစ်တွင် ဝင်းမိုးကျော်က သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ Sunset အားကစားကွင်းတွင် စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများနှင့်အတူ ဒဂုံစတားအသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီး ဒဂုံစတားအသင်းအတွက်သွင်းဂိုးများကို ပွဲချိန် ၁၀ မိနစ်တွင် ပက်ထရစ်၊ ပွဲချိန် ၅၄ မိနစ်တွင် အီဒီအွန်၊ ပွဲချိန် ၈၈ မိနစ်တွင် သီဟဇော်၊ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုသုံးမိနစ်တွင် ရန်ကျော်ထွေးတို့က သွင်းယူခဲ့ပြီး စစ်ကိုင်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၄ မိနစ်တွင် ကောင်းဇေယျာလင်းနှင့် ပွဲချိန် ၆၆ မိနစ်တွင် ဒဂုံစတားအသင်းမှ ဝေယံလင်းသူက ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဒဂုံစတားအသင်းက အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# AFC Challenge League ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်း သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းရှုံးနိမ့်

**ရန်ကုန် အောက်တိုဘာ ၁၈**

AFC Challenge League ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်း ကယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု ကလပ်အသင်းများဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းက သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းက ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

AFC Challenge League ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့ညနေ မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲက အင်ဒိုနီးရှားနိုင်ငံတွင် အင်ဒိုနီးရှားကလပ် Borneo FC အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာBorneo FC အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး Borneo FC အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၃ မိနစ်တွင် မန်ဒွန်ကာ၊ ပွဲချိန် မိနစ် ၈၀ တွင် ဒီယာရာတို့က သွင်းယူခဲ့သည်။

အလားတူ ယနေ့ညနေ ၆နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့်တရုတ်(တိုင်ပေ)ကလပ် Hang Yuenအသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပွဲချိန် ၅၄မိနစ်တွင် ဟိုင်ချန်လင်းက Hang Yuenအသင်းအတွက် သွင်းဂိုးသွင်းယူခဲ့ပြီးပွဲချိန် ၆၄မိနစ်တွင် သက်ဝေမိုးက ချေပဂိုး သွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

AFC Challenge League ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ရှမ်းယူနိုက်တက်အသင်းသည် အောက်တိုဘာ ၂၁ ရက်တွင် ဘရူနိုင်းကလပ် Kasuka အသင်းနှင့်ကစားရမည်ဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်းက အောက်တိုဘာ ၂၄ရက်တွင် ဟောင်ကောင်ကလပ် Tain-an City အသင်းနှင့်ဆက်လက်ကစားရမည် ဖြစ်ကြောင်း သိရသည်။

STA

# 2026 UCI Track Cycling World Championships စက်ဘီးစီးပြိုင်ပွဲတွင် လိုင်ဆန်ကို ရွှေတံဆိပ်ဆွတ်ခူး

**ပေကျင်း အောက်တိုဘာ ၁၈**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပခဲ့သည့် 2026 UCI Track Cycling World Championships စက်ဘီးစီးပြိုင်ပွဲတွင် ရုရှားစက်ဘီးစီးမယ် လိုင်ဆန်ကိုက ရွှေတံဆိပ် ဆွတ်ခူးခဲ့ကြောင်း UCI သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

2026 UCI Track Cycling World Championships စက်ဘီးစီးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့တွင် ကျင်းပခဲ့ရာ လိုင်ဆန်ကိုက ပထမနေရာမှ ပန်းဝင်ခဲ့ပြီးနောက် ရွှေတံဆိပ်ကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဂျာမနီစက်ဘီးစီးမယ် ဖရိုက်ရစ်က ဒုတိယနေရာမှ ပန်းဝင်ခဲ့ကာ ငွေတံဆိပ်နှင့် ဗြိတိန်စက်ဘီးစီးမယ် ဖီနူကာနီက တတိယနေရာမှ ပန်းဝင်ခဲ့ပြီးနောက် ကြေးတံဆိပ်တို့ကို အသီးသီးဆွတ်ခူးခဲ့သည်။

အဆိုပါဗိုလ်လုပွဲစဉ်တွင် ပြိုင်ပွဲအစပိုင်းမှစတင်ပြီး ပြိုင်ပွဲဝင်ကစားသမားများသည် ကွာခြားမှုမရှိခဲ့သော်လည်း ပန်းဝင်ခါနီးတွင် လိုင်ဆန်ကိုက မြန်နှုန်းမြှင့်တင်ပြီး စီးနင်းခဲ့ကာ ပထမနေရာမှ ပန်းဝင်ခဲ့ပြီးနောက် ၎င်းအနေဖြင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲတွင် ပထမဆုံး ရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : UCI

Trs : STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသင်းသစ်နှင့် ရာသီအစခုနစ်ပွဲဆက် အနိုင်ရသည့် ပထမဆုံးနည်းပြအဖြစ် မန်စီးတီးအသင်းနည်းပြ မာရက်စကာရပ်တည်

**မန်ချက်စတာ အောက်တိုဘာ ၁၈**

မန်စီးတီးအသင်း နည်းပြ မာရက်စကာသည် ပရီးမီးယား လိဂ်ပြိုင်ပွဲတွင် အသင်းသစ်နှင့် ရာသီအစ ခုနစ်ပွဲဆက်အနိုင်ရသည့် ပထမဆုံးနည်းပြအဖြစ် ရပ်တည်ခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။



မာရက်စကာသည် ပရီးမီးယား လိဂ်ပြိုင်ပွဲ ပွဲစဉ်(၇) အဖြစ် အောက်တိုဘာ ၁၇ ရက်တွင် မန်စီးတီးအသင်းက အစ်ဗာ်စ် အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီးနောက် အသင်းသစ်နှင့် ရာသီအစ ခုနစ်ပွဲဆက်အနိုင်ရသည့်နည်းပြအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက မာရက်စကာသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသင်းသစ်နှင့်ရာသီအစ ခြောက်ပွဲဆက် အနိုင်ရခဲ့သည့်နည်းပြများအဖြစ် ၂၀၀၉-၂၀၁၀ ဘောလုံးရာသီက ချဲလ်ဆီးအသင်းနည်းပြဟောင်း အန်ဆယ်လော့တီ၊ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီက မန်စီးတီးအသင်း နည်းပြဟောင်း ဂွာဒီယိုလာ၊၂၀၁၇-၂၀၁၈ဘောလုံးရာသီက မန်ယူအသင်းနည်းပြဟောင်း ဆိုးရှားလ်တို့နှင့် အတူ ရပ်တည်ခဲ့သော်လည်း ယခုအခါ မာရက်စကာကငင်းတို့ကို ကျော်ဖြတ်ပြီး အသင်းသစ်နှင့် ရာသီအစ ခုနစ်ပွဲဆက်အနိုင်ရသည့် နည်းပြအဖြစ်ရပ်တည်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဘုန်းမောက်အသင်းကို နှစ်ဂိုး တစ်ဂိုး၊ ပဲလေ့စ်အသင်းကို လေးဂိုး တစ်ဂိုး၊ ကိုဗင်ထရီအသင်းကို တစ်ဂိုး ဂိုးမရှိ၊ မန်ယူအသင်းကို တစ်ဂိုး ဂိုးမရှိ၊ ဆန်းဒါးလန်းအသင်းကို ငါးဂိုး သုံးဂိုး၊ လီဗာပူးအသင်းကို သုံးဂိုး ဂိုးမရှိ၊ အစ်ဗာ်စ်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အသီးသီးအနိုင်ရပြီး ရမှတ် ၂၁ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်နေကြောင်း သိရသည်။

Ref : B/R Football

Trs : STA





# ဒူဘွိုက်စ်က ဖေဘီယိုကို အနိုင်ရပြီး WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကို ကာကွယ်ခဲ့



လန်ဒန် အောက်တိုဘာ ၁၈

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ The O2 Arena တွင်ယနေ့ ထိုးသတ်ခဲ့သည့် WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် ဗြိတိန်လက်ဝှေ့သမားများဖြစ်သည့်လက်ရှိချန်ပီယံ ဒူဘွိုက်စ်က စိန်ခေါ်သူ ဖေဘီယိုကို အလဲထိုးဖြင့် အနိုင်ရပြီး ချန်ပီယံခါးပတ်ကို ကာကွယ်ခဲ့ကြောင်း Mirror Fighting သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ် ပထမအချီအစ ၁၇ စက္ကန့်တွင် ဒူဘွိုက်စ်၏ ပြင်းထန်အားပါသည့် ညာလက်သီးချက်ကြောင့် ဖေဘီယိုအနေဖြင့် လဲကျခဲ့သော်လည်း ပြန်လည်ရုန်းထခဲ့ကာ ပထမအချီပြီးဆုံးချိန်ထိ တုံ့ပြန်ထိုးသတ်ခဲ့သည်။

ထို့နောက် ဒုတိယအချီတွင်လည်း ဒူဘွိုက်စ်က ပြင်းထန်အားပါသည့်ထိုးချက်များဖြင့် ဖိအားပေးထိုးသတ်ခဲ့ပြီးနောက် ဖေဘီယို၏ နည်းပြအဖွဲ့ဝင်များက ကြိုးဝိုင်းအတွင်းသို့ ပဝါပစ်ပြီး အရှုံးပေးခဲ့သည့်အတွက် ဒူဘွိုက်စ်ကဒိုင်ပွဲရပ်ဖြင့်အနိုင်ရကာ ချန်ပီယံခါးပတ်ကို ကာကွယ်ခဲ့ခြင်း ဖြစ်သည်။

ဒူဘွိုက်စ်သည် လက်ရှိတွင် WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်ကို ကာကွယ်ခဲ့ပြီးနောက် IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံအဖြစ်ရပ်တည်နေသည့်ခရိုအေးရှားလက်ဝှေ့သမား ဟာဂိုဗစ်ချ်နှင့် ချန်ပီယံခါးပတ်ပေါင်း စည်းပွဲစဉ် ထိုးသတ်ခွင့်ရရှိခဲ့ပြီး အဆိုပါပွဲစဉ်ကို လာမည့် ၂၀၂၇ ခုနှစ်တွင် ထိုးသတ်ဖွယ်ရှိသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Mirror Fighting

Trs : STA

# 2026 LPGA Shanghai ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ရှုနင်ယင်ဆွတ်ခူး

ပေကျင်း အောက်တိုဘာ ၁၈

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် 2026 LPGA Shanghai ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိမ်ရှင်တရုတ်ဂေါက်သီးရိုက်မယ် ရှုနင်ယင်က ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း DP Tour သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲကို အောက်တိုဘာ ၁၅ ရက်မှစတင်ကာ ယနေ့ထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ရှုနင်ယင်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက် လျော့ဖြင့် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ရှုနင်ယင်၏ နောက်တွင် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ်များဖြစ်သည့် ချိုင်ဟေးဂျင်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ဖြင့် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီး အေမီယန်းက ရှစ်ချက်လျော့ဖြင့် တတိယနေရာတွင် ရပ်တည်ခဲ့သည်။

ရှုနင်ယင်သည် ၂၀၂၄ ခုနှစ်က LPGA Shanghai ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးခဲ့သကဲ့သို့ ယခုနှစ်ပြိုင်ပွဲတွင်လည်း ဒုတိယအကြိမ် ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

ရှုနင်ယင်က "အလုပ်ပိတ်ရက်တွေမှာ ပရိသတ်တွေအများအပြားလာအားပေးတာကို တွေ့ရလို့ ပျော်ပါတယ်။ နောက်ဆုံးအကျော့ ပြိုင်ပွဲမှာ အိမ်ရှင်ပရိသတ်တွေရှေ့ စိတ်လှုပ်ရှားစရာ ကောင်းတဲ့ပုံစံတွေ လုပ်ဆောင်ပြသနိုင်ခဲ့တဲ့ အတွက်ဝမ်းသာပါတယ်။ အခုလို အိမ်ရှင် ပရိသတ်တွေရှေ့မှာ ဆုဖလား ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်းသိရသည်။

Ref : DP Tour

Trs : STA



# AFC Challenge League ပြိုင်ပွဲဝင်အသင်းများ၏ဈေးကွက်တန်ကြေးအများဆုံးစာရင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ အဆင့်(၆)နှင့်(၈)နေရာ၌ရပ်တည်

ရန်ကုန် အောက်တိုဘာ ၁၈

AFC Challenge League ပြိုင်ပွဲဝင်အသင်းများ၏ ဈေးကွက်တန်ကြေးအများဆုံး စာရင်းတွင် ရန်ကုန်ယူနိုက်တက် အသင်းနှင့် ရှမ်းယူနိုက်တက် အသင်းတို့ အဆင့်(၆)နှင့်(၈)နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

AFC Challenge League ပြိုင်ပွဲကို မြန်မာနိုင်ငံကိုယ်စားပြု အသင်းများအဖြစ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက် အသင်းတို့ ပါဝင်ကစားနေပြီး ဈေးကွက်တန်ကြေး အများဆုံး စာရင်းတွင် ရန်ကုန်ယူနိုက်တက် အသင်းကအဆင့်(၆)နေရာနှင့်ရှမ်းယူနိုက်တက်အသင်းက အဆင့်(၈) နေရာ၌ ရပ်တည်နေခြင်း ဖြစ်သည်။

AFC Challenge League ပြိုင်ပွဲဝင်အသင်းများ၏ ဈေးကွက်တန်ကြေးအများဆုံး အသင်းစာရင်းတွင် အင်ဒိုနီးရှားကလပ် Borneo FC အသင်းက ယူရို ၅ ဒသမ ၄၇ သန်းဖြင့် ထိပ်ဆုံး၌ ရပ်တည်နေခြင်းဖြစ်သည်။

AFC Challenge League ပြိုင်ပွဲဝင်အသင်းများ၏ ဈေးကွက်တန်ကြေးအများဆုံးအသင်း ၁၀ သင်းစာရင်း၌ Borneo FC အသင်းနောက်တွင် လက်ဘနွန်ကလပ် Nejmeh SC အသင်းက ယူရို ၅ ဒသမ ၄၀ သန်း၊ တာဂျစ်ကစ္စတန်ကလပ် Istiklol Dushanbe အသင်းက ယူရို ၅ ဒသမ ၁၀ သန်း၊ လက်ဘနွန်ကလပ် Al Ansar အသင်းက ယူရို ၄ ဒသမ ၁၅သန်း၊ ကူဝိတ်ကလပ် Qadsia SC အသင်းက ယူရို ၃ ဒသမ၂၈ သန်း၊ ရန်ကုန်ယူနိုက်တက်အသင်းက ယူရို၂ ဒသမ ၅၄ သန်း၊ အိန္ဒိယကလပ် FC Goa အသင်းက ယူရို ၂ ဒသမ ၅၃ သန်း၊ ရှမ်းယူနိုက်တက် အသင်းက ယူရို ၂ ဒသမ ၅၀ သန်း၊ ကူဝိတ်ကလပ် Al Arabi SC အသင်းက ယူရို၂ ဒသမ ၄၅ သန်း၊ တာဂျစ်ကစ္စတန်ကလပ် Regar Tadaz အသင်းက ယူရို ၂ ဒသမ ၃၀ သန်းဖြင့် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

STA

# ရှမ်းယူနိုက်တက် အမျိုးသမီးအသင်းက ဂျပန်နှင့် ဖိလစ်ပိုင်ကစားသမားနှစ်ဦးကို ခေါ်ယူ





ရန်ကုန် အောက်တိုဘာ ၁၈

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲဝင်ကလပ် အသင်းတစ်သင်းဖြစ်သည့် ရှမ်းယူနိုက်တက်အမျိုးသမီးအသင်းက ဒုတိယအကျော့ပွဲစဉ်များအတွက် ယနေ့တွင် ဂျပန်နှင့် ဖိလစ်ပိုင်ကစားသမား နှစ်ဦးတို့ကို ခေါ်ယူခဲ့ကြောင်း သိရသည်။

ရှမ်းယူနိုက်တက် အသင်းသည် မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ဒုတိယအကျော့တွင်ရလဒ်ကောင်းများရရှိရန်အတွက် ပြည်ပကစားသမားခေါ်ယူမှုအဖြစ် အသက် ၂၄ နှစ်ရှိ ဂျပန်အမျိုးသမီးကစားသမား ကီရာရာအိုဂါဝါနှင့် အသက် ၂၈နှစ်ရှိ ဖိလစ်ပိုင် အမျိုးသမီးကစားသမား ရန်ဇီတို့ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ကီရာရာ အိုဂါဝါသည် ကွင်းလယ် တိုက်စစ်နေရာအပြင် တောင်ပံတိုက်စစ်ပိုင်းပါ ကစားနိုင်သူဖြစ်ပြီး ဂျာမနီကလပ်အသင်းများတွင်ကစားခဲ့ကာ ဥရောပ အတွေ့အကြုံရှိကစားသမားတစ်ဦး ဖြစ်သည့်အပြင် ဖိလစ်ပိုင်ကလပ် စတေလီယွန်လာဂူနာ အသင်းတွင်လည်း ကစားခဲ့ကာ အာရှဘောလုံး လောက အတွေ့အကြုံရှိကစားသမားတစ်ဦးဖြစ်သည်။

အလားတူ ရန်ဇီသည်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက မြန်မာအမျိုးသမီးလိဂ် ကလပ်အသင်းတစ်သင်းဖြစ်သည့် ဧရာဝတီအသင်းတွင် အငှားစာချုပ်ဖြင့် လာရောက်ကစားခဲ့ဖူးပြီး မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ အတွေ့အကြုံရှိ ကစားသမားတစ်ဦးဖြစ်သည့်အပြင် ဖိလစ်ပိုင်ကလပ် စတေလီယွန်လာဂူနာ အသင်းနှင့် အာရှဘောလုံးလောကတွင်အတွေ့အကြုံရှိ ကစားသမားတစ်ဦးဖြစ်ကြောင်းသိရသည်။

STA

# စပိန်လာလီဂါပြိုင်ပွဲတွင် ရာသီအစကိုးပွဲဆက် အနိုင်ရသည့် ရီးရဲလ်မက်ဒရစ်အသင်း၏ မှတ်တမ်းကို ဘာစီလိုနာအသင်းလိုက်မီ

ဘာစီလိုနာ အောက်တိုဘာ ၁၈

ဘာစီလိုနာ အသင်းသည် အောက်တိုဘာ ၁၇ ရက်က စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် ကစားခဲ့သည့် ဘက်တစ်အသင်းနှင့်ပွဲစဉ်တွင် အနိုင်ရပြီးနောက် ရီးရဲလ်မက်ဒရစ်အသင်း၏ စပိန်လာလီဂါပြိုင်ပွဲတွင် ရာသီအစကိုးပွဲဆက် အနိုင်ရခဲ့သည့် မှတ်တမ်းကို လိုက်မီခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဘာစီလိုနာ အသင်းက ဘက်တစ်အသင်းကို ငါးဂိုး နှစ်ဂိုးဖြင့်အနိုင်ရပြီး ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၀ မိနစ်တွင် လမိုင်းယာမယ်၊ ပွဲချိန် ၄၁ မိနစ်တွင် ရိုဒရီ၊ ပွဲချိန် ၅၁ မိနစ်တွင် ဂျူးဆပ်၊ ပွဲချိန် ၆၂ မိနစ်တွင် ဂါဗီယာ၊ ပွဲချိန် ၈၁ မိနစ်တွင် အိုမိုတိုက သွင်းယူခဲ့ခြင်းဖြစ်သည်။

စပိန်လာလီဂါပြိုင်ပွဲတွင် ရီးရဲလ်မက်ဒရစ်အသင်းက ၁၉၆၈-၁၉၆၉ ဘောလုံးရာသီအစ ကိုးပွဲဆက် အနိုင်ရခဲ့ပြီး ၅၈ နှစ်အကြာတွင် ဘာစီလိုနာအသင်းက ရီးရဲလ်မက်ဒရစ်အသင်း၏ ရာသီအစကိုးပွဲဆက်အနိုင်ရသည့် မှတ်တမ်းကောင်းတစ်ရပ်ကို လိုက်မီခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ၁၉၆၈-၁၉၆၉ဘောလုံးရာသီက ရီးရဲလ်မက်ဒရစ်အသင်းက ရာသီအစကိုးပွဲဆက်အနိုင်ရခဲ့သော်လည်း ၂၁ ဂိုးသာသွင်းယူခဲ့ပြီး ယခုအခါ ဘာစီလိုနာအသင်းက ကိုးပွဲဆက်အနိုင်ရထားကာ ၃၉ ဂိုးထိ သွင်းယူထားကြောင်း သိရသည်။

Ref : 365 Scores

Trs : STA

# လူငယ်များ စာရိတ္တမဏ္ဍိုင်ခိုင်မာရေး

ကိုယဉ်ချစ်(မန္တလေး)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဖော်ဆောင်ကြရာတွင် လူငယ်ထုအင်အားသည် အရေးပါသည့် အခန်းကဏ္ဍတွင် ရှိနေသည်။ ထို့ကြောင့် လူငယ်များကို နိုင်ငံတော်က အားကိုးအားထားပြုရသည့် မျိုးဆက်သစ်များ၊ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ၊ အနာဂတ်နိုင်ငံတော်ကို ထုဆစ်ပုံဖော်ကြမည့်သူများအဖြစ် သတ်မှတ်ထားသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ ၅၁ ဒသမ ၃၇ သန်းကျော်ရှိသည့်အနက် လူငယ်ဦးရေမှာ ၁၆ ဒသမ ၇၈ သန်းခန့်ရှိသဖြင့် နိုင်ငံ့လူဦးရေစုစုပေါင်း၏ ၃၂ ဒသမ ၆၆ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။

လူငယ်များသည် နိုင်ငံတော်အတွက် အဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြပြီး နိုင်ငံတော်ကြီးအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖော်ဆောင်ရာတွင် အဓိကအင်အားစုများဖြစ်ကြသည်။ လူငယ်များ၏ စွမ်းရည်စွမ်းအားများဖြင့် နိုင်ငံတော်၏အနာဂတ်ကို တည်ဆောက်သွားကြရမည်။

လူငယ်များသည် နိုးကြားတက်ကြွခြင်း၊ ခွန်အားရှိခြင်း၊ စူးစမ်းလေ့လာလိုခြင်း၊ ရဲရင့်ခြင်း၊ ဖန်တီးနိုင်သော စွမ်းအားများရှိခြင်း၊ သင်ယူတတ်မြောက်လွယ်ခြင်း၊ အများအကျိုးသယ်ပိုးလိုခြင်း စသည့် အရည်အချင်းများပိုင်ဆိုင်ထားကြသည်။ ဤအရည်အချင်းများကို လူငယ်များကိုယ်တိုင်က မှန်ကန်စွာ အသုံးချနိုင်ရေး ကြိုးစားအားထုတ်ကြရမည်ဖြစ်သကဲ့သို့ မိဘများ၊ ဆရာများကလည်း လူငယ်များကို တည့်မတ်ထိန်းကျောင်းပေးရန် လိုအပ်ပေသည်။

နိုင်ငံတော်အနေဖြင့် လူငယ်များကို ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရေး ဘက်ပေါင်းစုံမှအကောင်အထည်ဖော်ပေးလျက်ရှိသည်။ ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ စာရိတ္တဗလနှင့် မိတ္တဗလဟူသည့် ဗလငါးတန်ပြည့်ဝရေးသည် အရေးပါသော်လည်း စာရိတ္တဗလပြည့်ဝရေးသည် ပို၍အရေးကြီးသည်။ စာရိတ္တဆိုသည်မှာ ကိုယ်ကျင့်တရား၊ အကျင့်ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

လူငယ်များကို ငယ်ရွယ်စဉ်ဘဝကတည်းက စာရိတ္တကောင်းမွန်အောင် ပြုစုပျိုးထောင်ပေးနိုင်ပါက နိုင်ငံတော်တိုးတက်မှုအတွက် ရလဒ်ကောင်းများ ရရှိစေနိုင်မည်ဖြစ်သည်။

လူငယ်များကို ဗလငါးတန် ပြည့်ဝစေရေးနှင့် နိုင်ငံတော်ကို ချစ်မြတ်နိုးပြီး မြန်မာ့လူ့အဖွဲ့အစည်းများ မြှင့်တင်လိုစိတ်၊ မှန်ကန်သည့်အတွေးအခေါ်များ၊ အလေ့အကျင့်ကောင်းများပြည့်ဝသည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရေးအတွက် ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြရမည်။ ဗလငါးတန်နှင့်ပြည့်ဝသည့် လူငယ်များဖြင့် မြန်မာ့လူနေမှုဘဝများ မြင့်မားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ပါက အောင်မြင်မှုများ ပိုမိုရရှိနိုင်မည်။

အချို့လူငယ်များသည် မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီသည့် အမြင်မတင့်သည့် ဝတ်စားဆင်ယင်မှုများ ဝတ်ဆင်မှုများရှိလာခြင်း၊ သက်ကြီးရွယ်အို လူကြီးမိဘများအပေါ် ရိုသေလေးစားမှုမရှိခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ဂိမ်းများ အလွန်အကျွံကစားခြင်းများ ပြုလုပ်လာကြသည်။ မူးယစ်ဆေးဝါးကို အစပိုင်းတွင် အပေါင်းအသင်းများကြောင့်လည်းကောင်း၊ စမ်းသပ်သည့်သဘောဖြင့်လည်းကောင်းလုပ်ကိုင်ရာမှ နောင်တွင် စွဲလမ်းသွားကြပြီး စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်လာကြသည်။ တချို့မှာ တရားဥပဒေကိုချိုးဖောက်သည့် လုပ်ရပ်များကိုပင် ကျူးလွန်လာကြသည်။

> ❖ ပညာနည်းခြင်းကြောင့် စဉ်းစားတွေးခေါ်နိုင်မှုများ အားနည်းလာပြီး စာရိတ္တမဏ္ဍိုင်ကို ယိမ်းယိုင်စေသည်။ ထိုသို့ စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်ခြင်းသည် ကာယကံရှင်၏ ဗီဇအရလည်းကောင်း၊ မိဘအုပ်ထိန်းသူနှင့် ပတ်ဝန်းကျင်ကြောင့်လည်းကောင်း ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ငယ်စဉ်ဘဝက စာရိတ္တခိုင်မာအောင် ပြုစုပျိုးထောင်မှု အားနည်းခဲ့သူများသည် အမှန်တရားကို ရှာမတွေ့နိုင်ဘဲ ရိုးသားမှုများပျောက်ကာ ကိုယ်ချင်းစာစိတ်များကင်းမဲ့တတ်သည်။ မကောင်းသည့်အလုပ်ကို မကောင်းမှန်းသိလျက်နှင့်ပြုလုပ်ခြင်းဖြင့် စာရိတ္တကို အလေးမထားတော့ဘဲ မကောင်းမှုများကို ထပ်မံကျူးလွန်တတ်ကြသည်။ ❖

လူတစ်ဦးသည် ကျန်းမာခြင်း၊ ဉာဏ်ပညာထက်မြက်ခြင်း၊ စည်းစိမ်ဥစ္စာပြည့်စုံခြင်းနှင့် မိတ်ဆွေပေါများခြင်းစသည်တို့ မည်မျှပင်ပြည့်စုံစေကာမူ စာရိတ္တမကောင်းပါက လူ့ပတ်ဝန်းကျင်တွင် အရေးမပါ၊ အရာမဝင်ပေ။ စာရိတ္တသည် ကာယကံရှင်၏ ဂုဏ်သိက္ခာလည်းဖြစ်ရာ စာရိတ္တမကောင်းလျှင် ကာယကံရှင်သာမက မိဘဆွေမျိုးများ၏ဂုဏ်သိက္ခာကိုပါ ထိခိုက်နိုင်သည်။

လူငယ်များအနေဖြင့် "အစကောင်းမှ အနှောင်းသေချာ" ဆိုသည့်အတိုင်း ငယ်စဉ်မှစ၍ ပညာသင်ယူကြပြီး အသိပညာများဖြင့်သာ အဆိုး၊ အကောင်း၊ အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြား လုပ်ကိုင်နိုင်ကြမည်။

ကျောင်းနေအရွယ်တွင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာသင်ယူကြသည်။ စိတ်ဓာတ်ကောင်းမွန်ရေးသည် အလွန်အရေးကြီးသည်။ စိတ်ဓာတ်မြင့်မားလျှင် ဘဝလည်း တိုးတက်မြင့်မားလာမည်ဖြစ်ပြီး စိတ်ဓာတ်မကောင်းပါက မြင့်မားသည့်ဘဝအဆင့်အတန်းကို ပိုင်ဆိုင်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် လူငယ်များ၏ ကောင်းသောစိတ်ဓာတ်များကို ကောင်းမွန်သည့် နေရာများတွင် အကျိုးရှိအောင် အသုံးချတတ်စေရန် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

စည်းကမ်းသည် လိုက်နာစောင့်ထိန်းအပ်သည့် ကျင့်ဝတ်ဖြစ်၍ လူငယ်တိုင်းစည်းကမ်းစနစ်တကျ နေထိုင်တတ်ရန်လိုသည်။ "အကွပ်မရှိတဲ့ကြမ်း ပရမ်းပတာ"ဆိုစကားကဲ့သို့ စည်းကမ်းမရှိပါက ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသည့်အရေးအားလုံးသည် ပျက်စီးယိုယွင်းမည်ဖြစ်သည်။ စည်းကမ်းဟူသည် လူတစ်ဦး၏အခွင့်အရေးများကို ပိတ်ပင်တားဆီးနေခြင်းမဟုတ်ဘဲ ရပ်တည်နေထိုင်ကြသည့်ဘဝတွင် မှန်ကန်စွာရပ်တည်နေထိုင်နိုင်အောင် တည့်မတ်ပေးခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် လူတစ်ဦး၏ ပင်ကိုအရည်အသွေးများကို ပိုမိုထွန်းလင်းတောက်ပနေစေရန် ထွန်းညှိပေးသည့် အလင်းရောင်ဖြစ်သည်။

စည်းကမ်းရှိသူနှင့် စည်းကမ်းမရှိသူများတွင် အရည်အချင်း၊ အရည်အသွေးများ ကွဲပြားခြားနားနေတတ်သည်။ သစ်ပင်တစ်ပင်ကို ပုံသွင်းလိုပါက နုနယ်စဉ်ကတည်းက ပြုပြင်ယူရသည်။ ပင်စည်နှင့် အကိုင်းအခက်များကြီးရင့်မှပြုပြင်ပါက ခက်ခဲတတ်ပြီး မလိုအပ်သည့်နေရာများကို ခုတ်ထစ်ဖြတ်တောက်၍ ပြုပြင်ယူရသည်။ အလားတူ လူငယ်များကို ငယ်ရွယ်စဉ်ဘဝကတည်းကပင် စည်းကမ်းရှိသူ၊ စာရိတ္တကောင်းသူများဖြစ်အောင် ထိန်းကျောင်းပြုပြင်ပေးကြရမည်။

ပညာဆိုသည်မှာ အမှန်အမှား၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို သိရှိနားလည်ပြီး စဉ်းစားတွေးခေါ် ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်ဖြစ်သည်။ လူငယ်များ၏သဘာဝအရ လွတ်လပ်မှုကို မြတ်နိုးကြသည်။ ထိုလွတ်လပ်မှုသည် စည်းကမ်းဘောင် အပြင်ဘက်သို့ ရောက်ရှိသွားပါက ကြီးမားသော အန္တရာယ်များ ကြုံတွေ့နိုင်သည်ကို သတိပြုကြရမည်။ လူငယ်များသည် ပညာသင်ယူရမည့် အရွယ်တွင် ပညာကိုသာ အာရုံစိုက်သင်ယူကြရမည်။ မိဘတိုင်းက သားသမီးများ၏ ဘဝအတွက် ပညာတတ်မြောက်ရန် အရေးကြီးသည်ဆိုသည့်အသိများဖြင့် အခက်အခဲများကြားမှ ရုန်းကန်၍ သားသမီးများ၏ ပညာသင်ယူရေးကို ဦးစားပေးကြသည်။

ပညာရေးသည် ဘဝကိုပြောင်းလဲပေးနိုင်ပြီး မှန်ကန်သည့် တွေးခေါ်ဆင်ခြင်နိုင်စွမ်းကိုလည်း မြှင့်တင်ပေးနိုင်သည်။ ပညာတတ်မြောက်မှသာ ဘဝတွင် တိုးတက်မှုများကို ဖော်ဆောင်ပေးနိုင်ခြင်းကြောင့် မိမိတို့ဘဝ တိုးတက်အောင်မြင်ရေးအတွက် ပညာသင်ယူကြရမည်ဖြစ်သည်။

ပညာမတတ်သူ၊ ပညာနည်းသူ၊ ပညာမဲ့သူများသည် မလုပ်သင့်သည့်အလုပ်များကို လုပ်ဆောင်ရန် ဝန်မလေးဘဲ တစ်ဇွတ်ထိုးလုပ်ကိုင်တတ်ကြသည်။ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်မှုအားနည်းပြီး မလုပ်သင့်သည့်အလုပ်များကို လုပ်ကိုင်တတ်ကြသည်။ ထို့ကြောင့် မဖြစ်သင့်သည့် ရလဒ်များကိုခံစားကြရပြီး ဘဝတစ်ခုလုံးကိုပါ ပျက်စီးသွားကြသည့် သာဓကများစွာ ရှိခဲ့သည်။

ပညာနည်းခြင်းကြောင့် စဉ်းစားတွေးခေါ်နိုင်မှုများ အားနည်းလာပြီး စာရိတ္တမဏ္ဍိုင်ကို ယိမ်းယိုင်စေသည်။ ထိုသို့ စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်ခြင်းသည် ကာယကံရှင်၏ ဗီဇအရလည်းကောင်း၊ မိဘအုပ်ထိန်းသူနှင့် ပတ်ဝန်းကျင်ကြောင့်လည်းကောင်း ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ငယ်စဉ်ဘဝက စာရိတ္တခိုင်မာအောင် ပြုစုပျိုးထောင်မှု အားနည်းခဲ့သူများသည် အမှန်တရားကို ရှာမတွေ့နိုင်ဘဲ ရိုးသားမှုများ ပျောက်ကာ ကိုယ်ချင်းစာစိတ်များ ကင်းမဲ့တတ်သည်။ မကောင်းသည့်အလုပ်ကို မကောင်းမှန်းသိလျက်နှင့် ပြုလုပ်ခြင်းဖြင့် စာရိတ္တကို အလေးမထားတော့ဘဲ မကောင်းမှုများကို ထပ်မံကျူးလွန်တတ်ကြသည်။

လူငယ်များသည် စာရိတ္တမဏ္ဍိုင်ခိုင်မာစေရန် ရိုးသားမှုကို တန်ဖိုးထားခြင်း၊ စာပေဖတ်ရှုလေ့လာခြင်း၊ ပြင်ပဗဟုသုတများကို လေ့လာခြင်း၊ ဘိုးဘွားမိဘများ၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းခြင်း၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်မွေးမြူခြင်း၊ အများအကျိုးကိုသယ်ပိုးဆောင်ရွက်လိုစိတ်ရှိခြင်း၊ ပတ်ဝန်းကျင်ကောင်း၊ မိတ်ဆွေကောင်းများကို ရွေးချယ်ပေါင်းသင်းခြင်း၊ မြန်မာ့လူ့အဖွဲ့အစည်းကို မြှင့်တင်လိုစိတ်နှင့်မှန်ကန်သည့်အတွေးအခေါ်များ၊ အလေ့အကျင့်ကောင်းများ မွေးမြူခြင်းတို့ကို ဆောင်ရွက်သင့်သည်။

တစ်ဦးချင်းဖြစ်စေ၊ မိသားစုအတွင်း၌ဖြစ်စေ၊ အဖွဲ့အစည်းအတွင်း၌ဖြစ်စေ အတူနေထိုင်လုပ်ကိုင်ကြသူများသည် စာရိတ္တမဏ္ဍိုင် တည့်မတ်ခိုင်မာအောင် ကျင့်ကြံနေထိုင်ကြရမည်။ စာရိတ္တကောင်းမွန်သူများ စုပေါင်းနေထိုင်သည့် လူမှုပတ်ဝန်းကျင်သည် အေးချမ်းတည်ငြိမ်ပြီး သာယာဝပြောကာ ပျော်ရွှင်ချမ်းမြေ့မှုများကို ခံစားကြရမည်။ လူငယ်များသည် ဘဝခရီးကို လျှောက်လှမ်းကြရာတွင် မိမိ၏တန်ဖိုးနှင့် ဂုဏ်သိက္ခာဖြစ်သည့် စာရိတ္တမဏ္ဍိုင်ခိုင်မာအောင် နေထိုင်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ရိုးရာဆင်အကအလှူပြိုင်ပွဲကို အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပမည်



ယခင်နှစ်က ဆင်အကအလှူပြိုင်ပွဲကို တွေ့ရစဉ်။

**ကျောက်ဆည် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ရိုးရာဆင်အကအလှူပြိုင်ပွဲကို အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ဆင်အကအလှူပြိုင်ပွဲ ကော်မတီထံမှ သိရသည်။

အဆိုပါ ရိုးရာဆင်အကအလှူပြိုင်ပွဲတွင် ဒိုင်ခံဖျော်ဖြေရေးနှင့် ပြိုင်ပွဲဝင်ကပြရေး ဟူ၍အပိုင်းနှစ်ပိုင်းခွဲခြားထားကြောင်း သိရသည်။

"ပွဲတော် ဒိုင်ခံဖျော်ဖြေရေးအတွက် ကလေးဆင် ၅၁ စီးနဲ့ အသက်ကြီးဆင် ခြောက်စီးက မြို့တွင်း လှည့်လည်ကပြဖျော်ဖြေပေးမှာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်ဖျော်ဖြေရေးမှာ ကလေးဆင်၊ လူကြီးရိုးရာဆင်၊ ဘော်ကြယ်ဆင်နဲ့ သဘာဝ တီထွင်ဆန်းသစ်ဆင် စုစုပေါင်း ၈၂ စီး ပါဝင်မယ်လို့ စာရင်းပေးထားတာ ရှိပါတယ်။ ထပ်တိုးပါဝင်လိုတဲ့ ဆင်အဖွဲ့တွေကိုလဲ ဆက်လက်လက်ခံပေးသွားမှာပဲဖြစ်ပါတယ်"ဟု ဆင်အကအလှူပြိုင်ပွဲ ကော်မတီဝင် ဦးကျော်အေးက ပြောပြသည်။

ပြိုင်ပွဲဝင်ကပြရေးအပိုင်းတွင် ပြိုင်ပွဲဝင်ဆင်များသည် သတ်မှတ်ထားသည့် အမှတ်ပေးဒိုင်သုံးခုတွင် အလှည့်ကျ ကပြယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဒိုင်အဖွဲ့များအနေဖြင့် ဆင်အကအလှ၊ သီချင်းသီဆိုမှု စသည့်ကဏ္ဍများကို အချက်ကျကျ စိစစ်အမှတ်ပေးမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲအပြီးတွင် ဆုရရှိသည့် ဆင်အဖွဲ့များကို ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# The Comebacker ဇာတ်ကား၌ မင်းသား စတားလင်းကေဘရောင်း ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၁၈**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ The Comebacker ရုပ်ရှင်ဇာတ်ကားတွင် မင်းသား စတားလင်းကေဘရောင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁၇ ရက် သတင်းများအရ သိရသည်။

The Comebacker ဇာတ်ကားတွင် စတားလင်းကေဘရောင်းသည် မင်းသားကြီး တွမ်ဟင်၊ ကယ်လမ်တန်နာ တို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် စာရေးဆရာဒွေဗ်အက်ဂါ၏ The Comebacker ဝတ္ထုကို အခြေခံရိုက်ကူးမည့် ဘေ့စ်ဘောအားကစားလောကနောက်ခံ ဒရာမာဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Comebackerဇာတ်ကားကို ဒါရိုက်တာ မာရီရယ်လာဟယ်လာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

The Comebacker ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဒါရိုက်တာ မာရီရယ်လာဟယ်လာကပင် တာဝန်ယူ ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် The Comebacker ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့် ရက်တို့ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# မလေးရှားနိုင်ငံ၌ကျင်းပမည့် Miss Asia Global 2026 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် Tiara Zun Wai ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်

**ရန်ကုန် အောက်တိုဘာ ၁၈**

မလေးရှားနိုင်ငံ ပီနန်းမြို့၌ ကျင်းပမည့် Miss Asia Global 2026 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် Tiara Zun Wai ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အလှမယ် Tiara Zun Wai က ပြောပြ၍သိရသည်။

Miss Asia Global 2026ပြိုင်ပွဲကို အောက်တိုဘာ ၂၄ ရက်တွင် မလေးရှားနိုင်ငံ ပီနန်းမြို့၌ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ၊ ဖိလစ်ပိုင်၊ အီဂျစ်၊ နယူးဇီလန်၊ မက္ကဆီကို၊ နီပေါအပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်မှ နိုင်ငံကိုယ်စားပြုအလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။




"Tiara က ငယ်ငယ်ကတည်းက အလှမယ်လောကကို စိတ်ဝင်စားခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာလဲ Top 20 ထိတက်လှမ်းခဲ့ဖူးပါတယ်။ အဲဒီတုန်းက ပညာရေးပိုင်းကိုပဲ ဦးစားပေးထားတော့၂၀၁၆ ခုနှစ်ကနေ ၂၀၂၁ ခုနှစ်ထိ ကျောင်းသွားတက်တယ်။ ပြန်လာတော့မှ ကိုသက်ထွေးဇော်နဲ့ တွေ့ဆုံပြီး အလှမယ်လောကထဲကို ပြန်ဝင်ရောက်ဖြစ်တာပါ။ ကိုယ်ယူထားတဲ့ဘွဲ့ကလဲ အလှမယ်လောကအတွက် တော်တော်လေးအသုံးဝင်ပါတယ်။ တစ်ကျော့ပြန်ပြီး ဝင်ရောက်ရတာ ဖြစ်တဲ့အတွက် အများကြီး ရင်ခုန်စိတ်လှုပ်ရှားနေပါတယ်။ ပြိုင်ပွဲမှာလဲ မြန်မာနိုင်ငံအတွက် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားမှာပါ"ဟု အလှမယ် Tiara Zun Wai က ပြောပြသည်။

Miss Asia Global 2026 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အလှမယ် Tiara Zun Wai သည် ၂၀၁၅ ခုနှစ်က ကျင်းပသော Miss Myanmar International ပြိုင်ပွဲတွင် Zun Wai နာမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး Top 20 အဆင့်ထိ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

ASH

# The Guest ဝတ္ထုကို ရုပ်ရှင်ကားအဖြစ် ရိုက်ကူးရန် A24 ကုမ္ပဏီက စီစဉ်ထား

**နယူးယောက် အောက်တိုဘာ ၁၈**

စာရေးဆရာမ အမ်မာကလိုင်း၏ အရောင်းရဆုံးဝတ္ထုဖြစ်သော The Guest ဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ်ရိုက်ကူးရန် A24 ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း အောက်တိုဘာ ၁၇ ရက် သတင်းများအရ သိရသည်။

The Guest ဝတ္ထုသည် လူချမ်းသာ အသိုက်အဝန်းကြား ဝင်ရောက်ရန်ကြိုးပမ်းနေသည့် အမျိုးသမီးတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရေးသားထားသည့် ဝတ္ထုဖြစ်သည်။

The Guest ဇာတ်ကားတွင် အဓိက ဇာတ်ကောင်အဖြစ် မင်းသမီး ဆာဒီးဆင့် ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး အဆိုပါဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ လောရင်းစကာဖာရီယာက ရိုက်ကူး၍ ဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားဖွယ်ရှိသည်။

လက်ရှိတွင် The Guest ဇာတ်ကားရိုက်ကူးရေးအတွက် လောရင်းစကာဖာရီယာသည် A 24 ရုပ်ရှင်ကုမ္ပဏီနှင့်ဆွေးနွေးနေသည်။

ဒါရိုက်တာ လောရင်းစကာဖာရီယာသည် Lionsgate ကုမ္ပဏီ၏ Hustlars ဒရာမာဇာတ်ကားကို ရိုက်ကူးပေးခဲ့သော ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO




# စည်းတစ်ဖက်ခြား ရုပ်သံဇာတ်လမ်းတွဲကို Fortune-TV ရုပ်သံလိုင်းမှ အောက်တိုဘာ ၂၆ ရက်မှစတင်ကာ ထုတ်လွှင့်ပြသသွားမည်ဖြစ်

**ရန်ကုန် အောက်တိုဘာ ၁၈**

ထက်မြက် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် စည်းတစ်ဖက်ခြား ရုပ်သံဇာတ်လမ်းတွဲကို Fortune-TV ရုပ်သံလိုင်းမှ အောက်တိုဘာ ၂၆ ရက်မှစတင်ကာ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို ရိုက်ကူးထားသူ ဒါရိုက်တာ သင်္ဂါထံမှ သိရသည်။

စည်းတစ်ဖက်ခြား ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ယက္ခဒေဝီက ရေးသားပြီး ဒါရိုက်တာ သင်္ဂါက ထက်မြက် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"စည်းတစ်ဖက်ခြား ဇာတ်လမ်းတွဲကတော့ ဒရာမာဇာတ်လမ်းတွဲဖြစ်ပါတယ်။ လျှို့ဝှက်ဆန်းကြယ်မှုတွေ၊ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ အလှည့်အပြောင်းတွေနဲ့ အချစ်၊ အမုန်း၊ အငြိုးအတေးတွေကို ပေါင်းစပ်ပုံဖော်ထားတဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ ခွန်းသာချိုကို အရင်သရုပ်ဆောင်နေကျပုံစံတွေနဲ့မတူညီဘဲ ထူးခြားဆန်းသစ်ပြီး စိန်ခေါ်မှုရှိတဲ့ ကာရိုက်တာမျိုးနဲ့ မြင်ရမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ သင်္ဂါက ပြောပြသည်။

စည်းတစ်ဖက်ခြား ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ခွန်းသာချို၊ တင်မောင်ဆန်းမင်းဝင်း၊ ခိုင်နှင်းရဲ၊ သွေးသီဟ၊ အောင်ဇော်မင်း၊ ကျော်ဇင်ထွဋ်၊ မာယုသာ၊ အေဏီဇော်၊ စုရှင်း၊ အိမ့်ခြူးပွင့်၊ ပန်းနုဝေနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

## Republic of the Union of Myanmar
## President's Office
## Ordinance 7/2026
## 7th Waxing of Thadingyut 1388 ME
## 18 October 2026
### Announcement on Validity of Ordinance

1. The President Office issued an Ordinance 3/2026, declaring the state of emergency on 7th Waxing of Second Waso 1388 Myanmar Era, 21 July 2026.
2. Among the townships in the Regions and States specified in the ordinance, with the exception of Ngazun Township in Mandalay Region, Kyaukme and Hsipaw townships in Shan State, where administrative functions, community peace and stability, and the rule of law have returned to normal, the ordinance shall remain in force for the remaining townships for a further 90 days from today, in accord with Section 212 (d) of the Constitution of the Republic of the Union of Myanmar, with the approval of the sixth day of the Third Regular Session of the Third Pyidaungsu Hluttaw held on 16 October 2026.

Sd/ Min Aung Hlaing
President
Republic of the Union of Myanmar

## Republic of the Union of Myanmar
## President's Office
## Ordinance 8/2026
## 7th Waxing of Thadingyut 1388 ME
## 18 October 2026
### Announcement on Validity of Martial Law Order

1. In order to restore the administration, community peace and rule of law in the townships where the State of Emergency has been declared under Ordinance 7/2026, the martial law order was issued under Section 413 (b) of the Constitution of the Republic of the Union of Myanmar, and the executive and judicial power for these townships was entrusted to the Commander-in-Chief of Defence Services.
2. The Commander-in-Chief of Defence Services shall exercise the power and responsibilities by himself or shall transfer them to any appropriate military authorities.
3. This ordinance remains in force for 90 days from today.

Sd/ Min Aung Hlaing
President
Republic of the Union of Myanmar

## Republic of the Union of Myanmar
## Office of the Commander-in-Chief of Defence Services
## Martial Law Order 5/2026
## 7th Waxing of Thadingyut 1388 ME
## 18 October 2026

The martial law order 4/2026 issued by the Office of the Commander-in-Chief of Defence Services on 7th Waxing of the Second Waso of 1388 ME (21 July 2026) remains in effect, except in Ngazun Township of Mandalay Region and Kyaukme and Hsipaw townships of Shan State, where administrative affairs, community peace and tranquillity, and the rule of law have returned to their normal state.

Sd/ Ye Win Oo
General
Commander-in-Chief of Defence Services

# Iran says its 7-day plan to reopen Hormuz Strait still on table

**Tehran October 18**

Iran's Foreign Minister Seyed Abbas Araghchi said Sunday that Tehran-proposed seven-day plan to reopen the Strait of Hormuz is "still on the table."

Araghchi made the remarks in an interview with Iran's official news agency IRNA on the sidelines of the 52nd Session of the Council of Foreign Ministers of the Organization of Islamic Cooperation in the Iraqi capital Baghdad.

He said Iran's conditions for ceasing hostilities and reopening the strait were "completely clear" and had been submitted to the United States under the seven-day plan.

Washington has presented its views on the plan, which Tehran is reviewing, he added.

"Iran's plan is still on the table," Araghchi said. "If they (the United States) meet those conditions, the Strait of Hormuz will be reopened on the sixth day, and negotiations will resume on the seventh."

He said that Iran's conditions were neither extraordinary nor unusual, adding that they were the same commitments "the United States had already committed itself in the peace memorandum of understanding (MoU) and other negotiations."

Araghchi emphasized that Iran will not bow to threats and is prepared to defend itself, while remaining ready to pursue diplomacy.

On Feb. 28, Israel and the United States launched joint attacks on Tehran and other Iranian cities. Iran responded with waves of missile and drone attacks targeting Israel and U.S. bases and assets in the region, and tightened its grip on the Strait of Hormuz.

Xinhua

# Casualties reported in serious incident at Canadian military base

**Ottawa October 18**

Canadian Defence Minister David McGuinty confirmed Saturday night that a serious incident occurred earlier in the day at Canadian Forces Base (CFB) Wainwright in western Alberta province, causing casualties.

Speaking at a press conference in Ottawa, McGuinty said the Department of National Defence is closely monitoring the situation and will release more details as they become available.

The minister did not provide a specific number of fatalities, saying that it is still a "very active and delicate situation."

"We will have more to say in the coming hours and days," he said.

The base has not yet issued a statement on the specific cause of the incident or any casualties.

Local media reported that an explosion and subsequent fire at CFB Wainwright killed at least seven people and injured dozens of others. The report said live-fire training exercises were underway at the base when munitions may have struck a natural gas pipeline or gas well, triggering the explosion.

According to local media citing health officials, hospitals in Edmonton, the provincial capital, have been placed on Code Orange alert to handle a mass influx of incoming patients.

Located about 200 km southeast of Edmonton, CFB Wainwright covers over 600 square km. It is one of the busiest Army bases in Canada, and home to the Canadian Manoeuvre Training Centre and the 3rd Canadian Division Training Centre, according to the government website.

Xinhua

# Vice President U Nyo Saw Meets State-Level Departmental Officials in Hpa-an, Kayin State and Mawlamyine, Mon State, Inspects Implementation of Regional Development Projects



Vice-President U Nyo Saw meets state-level departmental officials.

**Nay Pyi Taw October 18**

Vice President U Nyo Saw, accompanied by members of his delegation, arrived in Hpa-an, Kayin State, this morning and delivered opening remarks during a meeting with Kayin State Chief Minister U Saw Myint Oo, state ministers, members of the state government, and state-level departmental officials at the meeting hall of the Kayin State Government Office. Later in the evening, he met and delivered remarks to Mon State Chief Minister U Aung Win Than, members of the state government, and state-level departmental officials at Aungsan Hall in the Mon State Government Office.

During the meetings, the Vice President discussed that Kayin State, Mon State, and Tanintharyi Region are geographically interconnected and share similar climatic and natural features; therefore, efforts should be made to successfully expand the cultivation of region-appropriate industrial raw crops such as oil palm, rubber, and durian, replace low-yielding aging plantations with high-yield varieties, intercrop coffee and cocoa, and successfully cultivate feed maize for livestock. To boost socio-economic development and advance the agricultural sector, he emphasized striving to process, distribute, and sell agricultural produce as high-value-added products, as well as successfully implementing the agriculture and livestock policies laid down by the Head of State. He further highlighted the necessity of achieving greater progress across all sectors in the respective states, emphasizing that state governments and relevant departments must collaborate closely to reduce and eliminate drug trafficking, illegal trade, and online gambling fraud. Additionally, he discussed ensuring the security, speed, and smooth flow of goods; promoting the development of agriculture- and livestock-based MSMEs; securing regional self-sufficiency in rice and edible oil; successfully implementing KG+9 education; ensuring all school-age children enroll in school and improving grade transition rates through collective action; successfully implementing departmental e-government initiatives; and timely executing disaster preparedness and mitigation measures across relevant sectors in response to potential impacts of the El Niño weather phenomenon.

During the meeting, Kayin State Chief Minister U Saw Myint Oo and Mon State Chief Minister U Aung Win Than presented state-specific data and future implementation plans during respective meetings held at their respective state government offices.

Subsequently, the accompanying Union Ministers and Deputy Ministers explained matters concerning regional development, fertilizer distribution, agriculture and livestock, and MSME sectors. The Vice President then reviewed and discussed the submissions, coordinated necessary measures, and delivered a concluding speech.

Earlier in the morning, upon arriving in Hpa-an, Kayin State, the Vice President inspected the assembly operations of three-wheeler vehicles at the Precision Auto Engineering Co., Ltd., and the assembly and quality testing of electric motorcycles and electric bicycles at the Arrow Auto Engineering Co., Ltd., located within the industrial zone. He also observed the manufacturing of modern agricultural machinery at the Shine Htoo Agricultural Machinery Manufacturing Factory, and inspected youth training activities in literature, music, dance, painting, computer science, and sports at the Kayin State Youth Center, with the State Chief Minister and relevant officials reporting on their respective sectors.

In the evening, the Vice President inspected the operations of the high-grade rice mill and grain dryer of the Shwe Myaing Agriculture and General Business Cooperative Society in Mawlamyine, according to the news agency. MNA

# All sown acreage of sesame harvested in Pale Township

**Pale October 18**

Local farmers have harvested all sown acreage of sesame in Pale Township of Sagaing Region this year, according to to the township Agriculture Department.

Pale Township was able to cultivate 80,060 acres of rainfed sesame during this year's monsoon crop season. Harvesting of the sesame fields began in August this year, and all the cultivated acreage has now been fully harvested, with yields exceeding 10 baskets per acre, according to reports.

"This year, Pale Township was able to cultivate 80,060 acres of rainfed sesame during the monsoon crop season. All the cultivated sesame acreage has now been fully harvested. We have also provided assistance to expand sesame cultivation, improve yields and encourage farmers to adopt Good Agricultural Practices (GAP)," said Daw Khin Lay Nwe, Head of the Pale Township Agriculture Department.

This year, the Township Agriculture Department provided guidance to rainfed sesame farmers in Pale Township on expanding sesame cultivation, adopting proper cultivation methods and GAP, using good-quality, pure seeds, and selecting high-yielding varieties.

Crops cultivated and produced under the GAP system offer several benefits compared with those grown using other farming methods, including better quality, higher prices and opportunities to sell in both domestic and international markets. As a result, farmers who adopt GAP can improve their economic returns and enhance their livelihoods and socioeconomic conditions. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice-President Daw Nan Ni Ni Aye inspects preparations for the successful staging of the 27th Myanmar Traditional Cultural Performing Arts Competitions



Vice-President Daw Nan Ni Ni Aye gives instructions to officials during the inspection of preparations for the 27th Myanmar Traditional Cultural Performing Arts Competitions.

**Nay Pyi Taw October 18**

Daw Nan Ni Ni Aye, Vice-President of the Republic of the Union of Myanmar and Chairperson of the Organizing Committee for the 27th Myanmar Traditional Cultural Performing Arts Competitions 2026, accompanied by Union Minister U Khin Maung Soe, Nay Pyi Taw Council Chairman U Kan Myint Than, deputy ministers and officials, inspected preparations for the successful staging of the competitions in Nay Pyi Taw this afternoon.

Vice-President Daw Nan Ni Ni Aye and her delegation first visited the Myanmar International Convention Centre-I (MICC-I), the National Library, the National Museum, the Ministry of Culture, Hotels and Tourism, and the Nay Pyi Taw accommodation camp, where the opening ceremony and competitions in various disciplines will be held. They inspected preparations for the ceremonies, competition halls, lighting and sound systems, and seating arrangements to ensure contestants could comfortably showcase their artistic talents. They also checked preparations for medical clinics and arrangements to facilitate smooth judging and scoring. Officials explained the preparations in their respective areas.

During the inspection, the Vice-President instructed officials to ensure that the opening ceremony, which would reflect the overall image of the competitions, was well organized, with proper arrangements for the programme, sound and lighting systems, and background LED displays. She also called for rehearsals to ensure smooth performances by entertainment groups, careful arrangements for guest seating and security, and adequate preparation of equipment and technical facilities required by contestants. She further stressed the need to regularly check air-conditioning systems and cleanliness in the competition halls, and coordinated with officials to address necessary matters.

Upon arriving at the Nay Pyi Taw accommodation camp and Nay Pyi Taw Municipal Guest House (2), Vice-President Daw Nan Ni Ni Aye inspected preparations for dormitories, dining halls, restaurants and shops to ensure comfortable accommodation and meals for contestants from regions and states participating in the 27th Myanmar Traditional Cultural Performing Arts Competitions and veteran artists serving as judges. She also reviewed the work of the respective subcommittees. The Vice-President instructed officials to ensure adequate water and electricity supplies and cleanliness at the accommodation facilities, provide nutritious, hygienic and fresh meals, and take precautionary measures to protect contestants, team supervisors and judges from health risks arising from uneven temperatures and changing weather conditions during the El Niño period. She stressed that necessary assistance should be provided promptly as required.

She then visited the open-air theatre at the Nay Pyi Taw Municipal Hall, where the traditional drama competition will be held, and inspected preparations for performances and seating arrangements for judges and members of the public attending the event. The Vice-President instructed officials to make thorough preparations in all aspects to enable competing troupes to fully showcase their artistic talents, noting that the traditional drama competition represents the standard of Myanmar's traditional theatrical arts.

The 27th Myanmar Traditional Cultural Performing Arts Competitions 2026 will be held grandly from October 21 to 29, guided by four objectives: promoting national pride and dignity while preserving the traditional cultural heritage of ethnic nationalities; fostering greater appreciation of traditional culture and patriotic spirit among younger generations; identifying, preserving and promoting the continued development of Myanmar's traditional cultural arts, and contributing to national development through the strength of cultural and artistic expression. More than 2,400 contestants from regions and states are expected to participate in the competitions. MNA

# Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) continues

Ongoing systematic demolition of a five-story building used for online gambling operations in Shwe Kokko Part-II.





Demolition using heavy machinery.





Demolition completed.

**Nay Pyi Taw October 18**

As a national responsibility, the government has placed emphasis on combat against online scams and gambling and carried out systematic complete demolition of illegal buildings in Shwe Kokko, where majority of online scams and gambling were operated, so that they cannot be used for such crimes again.

In doing so, the demolition of one of the 5-storey buildings used in online scams and gambling and being knocked down with the use of machinery in Shwe Kokko (Part-II) continued and 90 percent of the demolition works completed. Demolition of another 5-storey building there completed 15 percent so far.

Out of 63 buildings to be demolished in Shwe Kokko (Part-II), 25 were classified as to be knocked down with the use of machinery, four to be detonated and 34 to be brought down manually floor by floor due to their proximity to residential buildings. Systematic demolition works continued, completing detonation of four buildings and demolition of one with the use of machinery. The remaining 58 buildings will be systematically demolished.

In cooperation with neighboring and regional countries, the government has placed a special emphasis on total eradication of online scams and gambling, which has posed a threat on the global socioeconomic arena and national security.

100

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၇၈၀၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၇၈၀၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၀၀၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၇၈၀၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ သဒမ ၁၄ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ပဲတီစိမ်း ၉၀၀၉ ဧကထိဘဲ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၇၈၀၉ ဧကထိ ရိတ်သိမ်းပြီးစီး ပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ အထွက်နှုန်းကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ယခုနှစ် မုံရွာမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့်ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# တောင်တွင်းကြီးမြို့နယ် ပန်းတောငယ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး



**တောင်တွင်းကြီး အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေနှင့်ကျေးရွာပြည်သူ ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက ကျေးရွာတာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့်အတူ ပန်းတောငယ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

တောင်တွင်းကြီးမြို့နယ် ပန်းတောငယ်ကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိသော ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၆ သန်း၊ စုစုပေါင်းငွေကျပ် ၂၁ သန်းဖြင့် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာပြည်သူများ ကိုယ်တိုင် အောက်တိုဘာလ ၇ ရက်မှစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညီ**

# ကျုံပျော်မြို့နယ်တွင် ကောက်ရိုးမှိုများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျုံပျော် အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ကောက်ရိုးမှိုများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် အောက်တိုဘာလ ပထမအပတ်မှ စတင်ပြီး ယနေ့ထိ ဒေသထွက် စိုက်ပျိုးရေး ကောက်ရိုးမှိုများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ စိုက်ပျိုးရေး ကောက်ရိုးမှိုများ တစ်ရက်လျှင် ပိဿာချိန် ၁၅၀၀ မှ ၂၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"လက်ရှိမှာ တောင်သူတွေ စိုက်ပျိုးထားတဲ့ ကောက်ရိုးမှိုတွေ စတင်ပေါ်ထွက်နေတဲ့ အချိန်ဖြစ်ပါတယ်။ အခုလို မှိုတွေ ပေါ်ထွက်ပြီး အရောင်းအဝယ် ကောင်းမွန်နေတော့ မှိုစိုက်တောင်သူတွေ ဈေးကောင်းရလို လယ်ယာလုပ်သားတွေလဲ အဆင်ပြေလာတာတွေ့ရပါတယ်။ အခုနှစ် မှိုဈေးကောင်းရတာက မနှစ်ကထက် စိုက်တဲ့သူတွေနည်းသွားတာနဲ့ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူအားကောင်းနေလို့ အရောင်းအဝယ်တွေ ကောင်းနေတာပါ" ဟု ကျုံပျော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြသည်။



ကျုံပျော်မြို့နယ်တွင် တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ကောက်ရိုးမှိုအပါအဝင် အခြားရာသီပေါ်သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ မှိုတစ်ပိဿာလျှင်ငွေကျပ် ၁၈၀၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ကျုံပျော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# သာပေါင်းမြို့နယ် လင်းတာကျကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာပေါင်း အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လင်းတာကျကျေးရွာအုပ်စု လင်းတာကျကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာပေါင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်နှင့် ဝန်ထမ်းများက လင်းတာကျကျေးရွာ VRFP စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၆၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် လင်းတာကျကျေးရွာ (VRFP) စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၄၄၁ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၁၉ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၉ ဦးကို(VRFP)ရန်ပုံငွေကျပ်သိန်း ၄၆၀ ထိ ထုတ်ချေးပေးခဲ့ကြောင်း သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**


ပလင်ငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

❍ ကြည့်ရှုစစ်ဆေးမှ

ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် လည်းကောင်း၊ ညနေပိုင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးအောင်ဆန်းခန်းမ၌ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် လည်းကောင်း တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲများတွင် ဒုတိယသမ္မတက ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့သည် ဒေသတစ်ခုနှင့်တစ်ခုဆက်စပ်လျက်ရှိပြီး ရာသီဥတုနှင့် ရေမြေသဘာဝတူညီသည့်အတွက် ဒေသနှင့်ကိုက်ညီသည့် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သော ဆီအုန်းနှင့် ရော်ဘာအပြင် ဒူးရင်းကို အောင်မြင်အောင်တိုးချဲ့စိုက်ပျိုးရန်၊ အထွက်နှုန်းလျော့နည်းကျဆင်းသည့် သက်တမ်းရင့်စိုက်ခင်းများကို မျိုးကောင်းမျိုးသန့်များဖြင့် အစားထိုးပြန်လည်စိုက်ပျိုးရန်နှင့် ကော်ဖီနှင့်ကိုကိုးကို သီးညှပ်စိုက်ပျိုးရန်နှင့် တိရစ္ဆာန်အစားအစာဖြစ်သည့်အစေ့ထုတ်ပြောင်းကို ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးရန်၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးထွက်ကုန်များကို တန်ဖိုးမြင့်ထွက်ကုန်များအဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေးကြိုးစားဆောင်ရွက်ကြရန်၊ နိုင်ငံတော်အကြီးအကဲက ချမှတ်ထားသည့် စိုက်ပျိုးမွေးမြူရေးမူဝါဒများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ပြည်နယ်အလိုက်ကဏ္ဍစုံတွင် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်မှုအခြေအနေများ၊ မူးယစ်ဆေးဝါး၊ တရားမဝင်ကုန်သွယ်မှုနှင့် အွန်လိုင်းလောင်းကစားလိမ်လည်မှုများ လျော့နည်းကျဆင်းပြီး ကင်းစင်သွားသည်ထိ ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ရမည့်အခြေအနေများ၊ ကုန်စည်စီးဆင်းမှုလုံခြုံရေးနှင့် မြန်ဆန်ချောမွေ့ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ ပြည်နယ်အတွင်း ဆန်နှင့် ဆီဖူလုံမှုရှိရေးအခြေအနေများ၊ KG+9 ပညာရေးအောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ကျောင်းနေအရွယ်ကလေးများအားလုံးကျောင်းအပ်နှံတက်ရောက်ရေးနှင့် တန်းစဉ်ကူးပြောင်းမှုမြင့်မားရေး သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ ဌာနအလိုက် e-government လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သက်ရောက်လာနိုင်သည့်သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် အချိန်မီအကောင်အထည်ဖော် ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းတို့က ပြည်နယ်ဆိုင်ရာအချက်အလက်များနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကို သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ရုံးအသီးသီးရှိ တွေ့ဆုံပွဲများတွင် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ဒေသဖွံ့ဖြိုးမှု၊ ဓာတ်မြေဩဇာဖြန့်ဖြူးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ MSMEကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ဒုတိယသမ္မတသည် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့သို့ရောက်ရှိပြီး စက်မှုဇုန်အတွင်းရှိ ပရီစီရှင်းအော်တိုအင်ဂျင်နီယာရင်းကုမ္ပဏီလီမိတက်၏ သုံးဘီးယာဉ်များတပ်ဆင်ထုတ်လုပ်နေမှုနှင့် အဲရိုးအော်တိုအင်ဂျင်နီယာရင်းကုမ္ပဏီလီမိတက်၏ လျှပ်စစ်မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးစက်ရုံ၏ လျှပ်စစ်မော်တော်ဆိုင်ကယ်နှင့် လျှပ်စစ်စက်ဘီးများ တပ်ဆင်ထုတ်လုပ်နေမှု၊ အရည်အသွေးစမ်းသပ်တိုင်းတာနေမှုတို့ကိုလည်းကောင်း၊ ရှိုင်းထူးလယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးစက်ရုံ၏ ခေတ်မီလယ်ယာသုံးစက်များ ထုတ်လုပ်နေမှုများကိုလည်းကောင်း၊ ကရင်ပြည်နယ်လူငယ်စင်တာ၌ လူငယ်များ စာပေ၊ ဂီတ၊ အက၊ ပန်းချီ၊ ကွန်ပျူတာနှင့် အားကစားပညာရပ်များ လေ့ကျင့်သင်ယူနေမှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် မော်လမြိုင်မြို့ရှိ ရွှေမြိုင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ အဆင့်မြင့်ဆန်စက်နှင့် စပါးအခြောက်ခံစက်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




ဒုတိယသမ္မတ ဦးညိုစော ကရင်ပြည်နယ် ဘားအံမြို့၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံစဉ်။

# အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)တွင် ရိုမက်နည်းပညာသုံး သံရည်ကျိုမီးဖိုအလုပ်ရုံကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ထောက်ပံ့ကူညီမှုဖြင့် ဆောင်ရွက်သွားမည်



**နေပြည်တော် အောက်တိုဘာ ၁၈**

အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)တွင် ရိုမက်နည်းပညာသုံး သံရည်ကျိုမီးဖိုအလုပ်ရုံကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ထောက်ပံ့ကူညီမှုဖြင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရိုမက်နည်းပညာသုံး သံရည်ကျိုမီးဖိုလည်ပတ်နိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစက်ရုံ၌ ကျင်းပခဲ့ပြီး အစည်းအဝေးတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက သံရည်ကျိုမီးဖိုအလုပ်ရုံကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ထောက်ပံ့ကူညီမှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်၍ TPE ကုမ္ပဏီနှင့်ချုပ်ဆိုမည့် စာချုပ်ဆိုင်ရာအချက်အလက်များကို စနစ်တကျ စိစစ်ဆောင်ရွက်သွားရန်၊ စာချုပ်တွင် စီမံကိန်း၌ ပြီးစီးထားသည့် အလုပ်ရုံများကို အသိအမှတ်ပြုလက်ခံနိုင်ရေး၊ ဆောင်ရွက်ရမည့် နယ်ပယ်အလိုက် အချိန်ကာလနှင့် တန်ဖိုးသတ်မှတ်ရေး၊ လုပ်ငန်းစဉ်များပြီးဆုံးပါကရရှိမည့်ရလဒ်နှင့် တာဝန်ယူရမှုတို့ကို ပြည့်စုံအောင်ဖော်ပြပါရှိရေး တာဝန်ရှိသူများက ပေါင်းစပ်ဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ပကျွမ်းကျင်ပညာရှင်၏ စစ်ဆေးခဲ့သည့်အစီရင်ခံစာနှင့် စာချုပ်မူကြမ်းတို့ကို တိုက်ဆိုင်စစ်ဆေးရန်၊ သံစိမ်းထုတ်လုပ်မှု အရည်အသွေး၊ ဆက်တိုက်လည်ပတ်နိုင်မှုနှင့် ကုန်ကြမ်းသုံးစွဲမှုနှုန်းထားများကို တိကျစွာသတ်မှတ်ရန်နှင့် တာဝန်ယူမှုတို့ကိုပါညှိနှိုင်းရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့ပြင် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများက သံရည်ကျိုမီးဖိုလည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအမံများ တင်ပြမှုအပေါ် လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဆက်လက်၍ စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးအလုပ်ရုံ၌ စက်ရုံရှိဝန်ထမ်းများ၊ ပြည်တွင်း၊ပြည်ပမှ ကျွမ်းကျင်ပညာရှင်များပူးပေါင်း၍ စက်ပစ္စည်းများစစ်ဆေးခြင်း၊ စက်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယမန်နေ့ညနေပိုင်းကလည်း အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စက်ရုံရိပ်သာ၌ စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ လည်ပတ်နိုင်ရေးအတွက် စက်ပစ္စည်းများ စစ်ဆေးခြင်း၊ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ TPE နှင့် IED ကုမ္ပဏီတို့မှ ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့အတူ TPE ကုမ္ပဏီမှ ကိုယ်စားလှယ်နှင့်တာဝန်ရှိသူများကိုတွေ့ဆုံပြီး သံရည်ကျိုမီးဖိုကို ဘေးကင်းလုံခြုံစွာလည်ပတ်၍ အရည်အသွေးမီ သံစိမ်းများ တည်ငြိမ်စွာထုတ်လုပ်နိုင်ရေး၊ စက်ပစ္စည်းများ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်ရေးနှင့် ရေရှည်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်အခြေခံစနစ်များတည်ဆောက်နိုင်ရေး၊ သံရည်ကျိုမီးဖိုအလုပ်ရုံ လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းနယ်ပယ်နှင့်လုပ်ငန်းစဉ်များ၊ သံရည်ကျိုမီးဖိုရှိ စက်ပစ္စည်းများစစ်ဆေးခြင်း၊ စက်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်လုပ်ငန်များကို အချိန်ဇယားများရေးဆွဲ၍ သတ်မှတ်အချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑ စစ်အုပ်ချုပ်ရေးအမိန့်ဆက်လက်ထုတ်ပြန်မှ

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိ ကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်းပြုနိုင်သည်။

၃။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း ၉၀ အထိ အတည်ဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

✱ ၅၀၀၀၀ ကျပ်တန်ငွေစက္ကူမှ

ဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

သို့ပါ၍ ယခုကဲ့သို့အများပြည်သူ၏အကျိုးစီးပွားကို ပျက်ယွင်းအောင်စျေးနှုန်းမတည်မငြိမ်မှုဖြစ်အောင် သတင်းမှားဖြန့်ဝေသူများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ထုတ်အရေးယူပြီး ထိရောက်သောပြစ်ဒဏ်များ ချမှတ်နိုင်ရန် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၁၈-၁၀-၂၀၂၆)

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး





ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၈**

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၌ ကျင်းပမည့် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယသမ္မတဒေါ်နန်းနီနီအေးနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားနှင့် ဘာသာရပ်များအလိုက် ပြိုင်ပွဲများကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁(MICC-I)၊ အမျိုးသားစာကြည့်တိုက်၊အမျိုးသားပြတိုက်၊ယဉ်ကျေးမှုဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော် တည်းခိုရေးစခန်းတို့သို့သွားရောက်၍ အခမ်းအနားအစီအစဉ်အလိုက် ပြင်ဆင်ဆောင်ရွက်နေမှု၊ ပြိုင်ပွဲအမျိုးအစားများအလိုက် ပြိုင်ပွဲဝင်များ စိတ်အေးချမ်းသာစွာဖြင့် အနုပညာစွမ်းရည်များ ဖော်ထုတ်ယှဉ်ပြိုင်နိုင်ရန်အတွက် ခန်းမများ၊ မီး၊ အသံစနစ်၊ နေရာထိုင်ခင်းများပြင်ဆင်ထားရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ကြိုတင်စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် အကဲဖြတ်ဒိုင်လူကြီးများအမှတ်ပေးရာတွင် အဆင်ပြေချောမွေ့စေရေး စီစဉ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြသကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယသမ္မတက ဖွင့်ပွဲအခမ်းအနားသည် ပြိုင်ပွဲကြီးတစ်ခုလုံး၏ပုံရိပ်ဖြစ်သဖြင့် အခမ်းအနားအစီအစဉ်များ၊ အသံ၊မီးစနစ်နှင့်နောက်ခံ LED Display များစနစ်တကျဖြစ်စေရေး၊ ဖျော်ဖြေရေးအဖွဲ့များ စနစ်တကျဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ရန်၊ အခမ်းအနားတက်ရောက်ကြမည့် ဧည့်သည်တော်များ နေရာချထားရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို လစ်ဟင်းမှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်သွားကြရန်၊ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ရာတွင် လိုအပ်သည့်အထောက်အကူပြုပစ္စည်းများ၊ နည်းပညာဆိုင်ရာကိစ္စရပ်များ လစ်ဟင်းမှုမရှိစေရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ ခန်းမများအတွင်း လေအေးပေးစနစ်နှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး အမြဲမပြတ်စစ်ဆေးဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

နေပြည်တော် တည်းခိုရေးစခန်း၊ နေပြည်တော်စည်ပင်ဧည့်ရိပ်သာ(၂)သို့ ရောက်ရှိစဉ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များနှင့် အကဲဖြတ်ဒိုင်များအဖြစ် စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးကြမည့် ဝါရင့်အနုပညာရှင်ကြီးများ၏ နေထိုင်စားသောက်မှုအဆင်ပြေချောမွေ့စေရေးအတွက် အိပ်ဆောင်များ၊ စားရိပ်သာ၊ စားသောက်ဆိုင်များနှင့် လူသုံးကုန်အရောင်းဆိုင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒုတိယသမ္မတက ပြိုင်ပွဲဝင်များနှင့် ဒိုင်အဖွဲ့များ တည်းခိုနေထိုင်မည့်အဆောင်များတွင် ရေ၊ မီးလုံလောက်စွာရရှိစေရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ အာဟာရပြည့်ဝပြီး သန့်ရှင်းလတ်ဆတ်သည့် အစားအသောက်များကို စနစ်တကျကျွေးမွေးနိုင်ရေး၊ အယ်နီညို ရာသီဥတုအရှိန်ကြောင့် နေ့ရက်အလိုက် အပူအအေးမမျှတခြင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းများနှင့် ကြုံတွေ့ရနိုင်သဖြင့် ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် ဒိုင်အဖွဲ့များ ကျန်းမာရေးတစ်စုံတစ်ရာထိခိုက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အထူးဂရုပြုစီမံထားရန်နှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဇာတ်တော်ကြီးပြိုင်ပွဲကျင်းပမည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံသို့သွားရောက်၍ လဟာပြင်ကဇာတ်ရုံအတွင်း ဇာတ်တော်ကြီးပြိုင်ပွဲကပြယှဉ်ပြိုင်ရန်အတွက် ပြင်ဆင်ထားရှိမှု၊ အကဲဖြတ်ဒိုင်လူကြီးများနှင့် လာရောက်ကြည့်ရှုအားပေးကြမည့် မိဘပြည်သူများအတွက် နေရာထိုင်ခင်းစီစဉ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယသမ္မတက ဇာတ်တော်ကြီးပြိုင်ပွဲသည် မြန်မာ့ရိုးရာဇာတ်သဘင်အနုပညာ အဆင့်အတန်းကို ဖော်ညွှန်းသည့် ပြိုင်ပွဲကြီးဖြစ်သဖြင့် ပြိုင်ပွဲဝင်အဖွဲ့များ၏ အနုပညာစွမ်းရည်များ အပြည့်အဝ ဖော်ထုတ်ကပြယှဉ်ပြိုင်နိုင်ရေးအတွက် ဘက်ပေါင်းစုံစနစ်တကျကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန်မှာကြားသည်။

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရေးနှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှု အနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးစသည့် ဦးတည်ချက် လေးရပ်ဖြင့် အောက်တိုဘာ ၂၁ ရက်မှ ၂၉ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် စုစုပေါင်းဦးရေ ၂၄၀၀ ကျော် ပါဝင် ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ရှေ့ဖုံးမှအဆက်**

၂။ အဆိုပါထုတ်ပြန်ကြေညာချက်တွင်ဖော်ပြပါရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ မြို့နယ်များအနက် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ မူလအခြေအနေသို့ပြန်လည်ရောက်ရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၊ ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်တို့မှအပ ကျန်မြို့နယ်များအတွက် ၂၀၂၆ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင်ကျင်းပသော တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့၏ သဘောတူညီမှုဖြင့် ယင်းအမိန့်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၂၊ ပုဒ်မခွဲ(ဃ)အရ ယနေ့မှစ၍ ရက်ပေါင်း ၉၀ အထိ ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ထူးခြားသည့် နေ့အပူချိန်များ ( ၁၈ - ၁၀ - ၂၀၂၆ )

| | | | | |
|---|---|---|---|---|
| စစ်ကိုင်း | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ကော့ကရိတ် | ၃၆ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

## မိုးတိမ်တောင်များကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းတို့ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

## ညီညွတ်ရေးက အရေးကြီး

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်း နေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)**





❖ **သွားရောက်လေ့လာမှ** လေ့လာကြည့်ရှုကြသည်။

လေ့လာစဉ် သဘာဝအတိုင်း လှပသော ထုံးကျောက်လိုဏ်ဂူဖြစ်သည့် Thien Cung Cave အတွင်းရှိ ထုံးကျောက်တန်းများ၊ ကျောက်စက်ပန်းဆွဲများနှင့် ကျောက်စွယ်ကျောက်နံရံများ၏သဘာဝအလှတရားများနှင့် ထူးခြားသည့်ရှုခင်းများ၊ Lu Huong ကျွန်းနှင့် Couple ကျွန်းများ၏ သဘာဝထုံးကျောက်တောင်ဖြစ်တည်ပုံများ၊ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးနည်းလမ်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများနှင့် သဘာဝပင်လယ်ကမ်းခြေရှုခင်းများကို စိတ်ပါဝင်စားစွာလေ့လာကြသည်။

ညနေပိုင်းတွင် ဟနွိုင်းမြို့ရှိ ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးတက္ကသိုလ်ဖြစ်ခဲ့သည့် Temple of Literature ကိုရောက်ရှိပြီး UNESCO အသိအမှတ်ပြုကျောက်လိပ်ကြီးများ၏ကျောပေါ်တွင် စိုက်ထူထားသည့်ကျောက်စာတိုင်များနှင့် ဗီယက်နမ်ပညာရေးဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များ၊ ရှေးဟောင်းဗိသုကာလက်ရာများ၊ သမိုင်းဝင်အမွေအနှစ်များကို ခေတ်မီဒီဂျစ်တယ်နည်းပညာများ အသုံးပြုပြင်ဆင်ထားသည့် 3D ကျောက်စာများကို လေ့လာခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် ထူးချွန်ကျောင်းသားကျောင်းသူများသည် ဗီယက်နမ်နိုင်ငံ၏သမိုင်းဝင်အထိမ်းအမှတ်နေရာဖြစ်သည့် ဟိုချီမင်းပြတိုက်သို့ရောက်ရှိပြီး ဟိုချီမင်း၏ဘဝဇာတ်ကြောင်း အတ္ထုပ္ပတ္တိ၊ လွတ်လပ်ရေးလှုပ်ရှားမှုသမိုင်း စာရွက်စာတမ်းများနှင့် မှတ်တမ်းဓာတ်ပုံများ၊ ရှေးဟောင်းပစ္စည်းများ၊ ကိုယ်ပိုင်အသုံးအဆောင်ပစ္စည်းများနှင့် သမိုင်းဝင်ပစ္စည်းများ၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည့် စစ်သည်များ၏ စစ်ဝတ်စုံ၊ အသုံးအဆောင်များနှင့် လက်နက်ငယ်များပြသထားသည့်ပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် One Pillar Pagoda ရှေးဟောင်းဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း၊ Ba Dinh ရင်ပြင်နှင့် ဟိုချီမင်းဂူဗိမာန်၊ ဗီယက်နမ်နိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှု ပထဝီဝင်နှင့်သမိုင်းဆိုင်ရာ အထောက်အထားများ ခိုင်မာစွာကျန်ရှိနေသည့် UNESCO ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ်သတ်မှတ်ခြင်းခံထားရသော Imperial Citadel of Thang Long ရှေးဟောင်းနန်းတော်၊ Vietnam Military History Museum နှင့် ဗီယက်နမ်၏ရှေးအကျဆုံးနှင့် အထင်ကရရိုးရာပိုးထည်ထုတ်လုပ်ရာ ကျေးရွာကြီးဖြစ်သည့် Van Phuc Silk Village တို့သို့ရောက်ရှိကြပြီး ဗီယက်နမ်နိုင်ငံ၏ သမိုင်းကြောင်းများ၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းဗိသုကာ အမွေအနှစ်များ၊ သမိုင်းဝင်တိုက်လေယာဉ်များ၊ တင့်ကားများ၊ စစ်ဆင်ရေးမြေပုံများ၊ ပြင်ပကွင်းပြင်မှ စစ်လက်နက်ကြီးများ၊ ခေတ်မီ 3D မာတီမီဒီယာပြခန်းများ၊ ပိုးကောင်မွေးမြူခြင်း၊ ပိုးအိမ်မှ ပိုးမျှင်ထုတ်ယူခြင်း၊ ပိုးချည်ဆိုးဆေးဆိုးခြင်းမှစ၍ ရှေးဟောင်းသစ်သားရက်ကန်းစင်များနှင့် ခေတ်မီရက်ကန်းစက်များဖြင့် ပိုးထည်ရက်လုပ်နေပုံအဆင့်ဆင့်ကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်လာကြစေရန် ရည်ရွယ်သည့်ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်ခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားစနစ်တည်ငြိမ်ရေး၊ ဓာတ်အားတိုးတက်ရရှိရေး၊ ရေနံနှင့်ရေနံထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ စွမ်းအင်လေလွင့်ဆုံးရှုံးမှုလျော့ပါးရေးအပါအဝင် နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေးနှင့်လုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်တွင် စွမ်းအင်အရင်းအမြစ်မျိုးစုံတည်ရှိနေသည့်အတွက် ယင်းတို့ကို အချိုးညီစွာပေါင်းစပ်၍ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ပါက မျှော်မှန်းထားသည့်အချိန်ကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူတို့အတွက် စွမ်းအင်လိုအပ်ချက်များကို ဖူလုံစွာဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ စီမံကိန်းများ၊ လုပ်ငန်းများသည် ငွေကြေးအရင်းအနှီးကြီးမားပြီး အတတ်ပညာနှင့်လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအသီးသီးကို ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံသားလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို အထူးအလေးထား၍ အားပေးလျက်ရှိသည်နှင့်အညီ နိုင်ငံသားလုပ်ငန်းရှင်များကို ရေရှည်တွင် နိုင်ငံတကာစွမ်းအင်ကုမ္ပဏီကြီးများ၊ အဖွဲ့အစည်းကြီးများအဆင့်သို့ တက်လှမ်းနိုင်စေရေးအတွက် ရည်မျှော်လျက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အလမ်းများ၊ နိုင်ငံတော်အစိုးရအနေဖြင့် အားပေးကူညီမည့် အစီအစဉ်များကို Power Point Presentation များ၊ ရုပ်ပုံကားချပ်များ၊ 3D Model များဖြင့် တာဝန်ရှိသူများက ရှင်းလင်း၍ ချပြဆွေးနွေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ပထမပတ်တွင် နေပြည်တော်၌ကျင်းပမည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ ချပြဆွေးနွေးပွဲသို့ နိုင်ငံသားလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်အပ်ပါကြောင်းနှင့် ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် အောက်တိုဘာ ၃၀ ရက် ညနေ ၄ နာရီခွဲနောက်ဆုံးထား၍ အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်-

**ဆက်သွယ်ရန်** - ဦးမင်းသူအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊
ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ၊
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
၀၉ ၄၄၄ ၅၈၈ ၈၈၈၊ Email: messenger@e-moee.gov.mm

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။





☆ **ကျောဖုံးမှအဆက်**

ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ပွဲတော်လာဧည့်ပရိသတ်များက ကြည့်ရှုအားပေးကြသည်။

ထို့နောက် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ် လေးဆူပင့်ဆောင်လာသည့် ကရဝိက်ဖောင်တော်သည် ညောင်ရွှေမြို့ နန်းကပ်ချောင်းအတိုင်း အင်းလေးရိုးရာဆွဲလှေများဖြင့် ညောင်ရွှေမြို့ ဖောင်တော်ဆိုက်ပြာသာဒ်သို့ ဆိုက်ရောက်ပြီး ကရဝိက်ဖောင်တော်ပေါ်မှ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ် ပထမအဆူကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများကလည်းကောင်း၊ ဒုတိယအဆူကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများကလည်းကောင်း၊ တတိယအဆူကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများကလည်းကောင်း၊ စတုတ္ထအဆူကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့ကလည်းကောင်း ညောင်ရွှေမြို့အတွင်းသို့ လှည့်လည်အပူဇော်ခံမည့် မော်တော်ယာဉ်မှ ပြာသာဒ်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြသည်။

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားရုပ်ရှင်တော်မြတ်များ ညောင်ရွှေမြို့အတွင်း လှည့်လည်အပူဇော်ခံနေစဉ် အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲများ ကျင်းပရာ အမျိုးသား ၄၆ တက် အကြိုဗိုလ်လုပွဲနှင့်ဗိုလ်လုပွဲ၊ အမျိုးသားရာကျော်လှေ အကြိုဗိုလ်လုပွဲနှင့်ဗိုလ်လုပွဲ၊ ကျောင်းသား တစ်ဦးချင်း အကြိုဗိုလ်လုပွဲနှင့်ဗိုလ်လုပွဲ၊ ကျောင်းသား ၂၆ တက် ဗိုလ်လုပွဲနှင့်အမျိုးသမီး ၂၆ တက် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကြရာ လှေအသင်းများက အားကြိုးမာန်တက် စည်းလုံးညီညွတ်မှုစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ တိုင်းရင်းသား ယဉ်ကျေးမှုအကအဖွဲ့နှင့် ဆွမ်းပို့လှေအဖွဲ့ကို အင်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လည်းကောင်း၊ တစ်ဦးချင်း လှေလှော်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသူများကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ကလည်းကောင်း၊ ကျောင်းသား ၂၆ တက်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုရရှိသည့်အသင်းများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးကလည်းကောင်း၊ အမျိုးသား ၄၆ တက်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုရရှိသည့်အသင်းများကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကလည်းကောင်း၊ အမျိုးသမီး ၂၆ တက်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုရရှိသည့်အသင်းများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားရာကျော်လှေလှော်ပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့်အသင်းများကို ဆုများပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ညောင်ရွှေမြို့ အဠဒိသာဓမ္မဝိဟာရစံကျောင်းတော်၌ အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရားများကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြပြီး ညောင်ရွှေမြို့နယ် မိုင်းသောက်ဆရာတော်ကြီးအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **မောင်မောင်သန်း(တောင်ကြီး)**

● **လက်ဝှေ့ပြိုင်ပွဲမှ**

ခန့်ဖြိုးကျော်က ကချင်ပြည်နယ်အသင်းမှ ကောင်းထက်စံကိုလည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ရွှေပေါက မန္တလေးတိုင်းဒေသကြီးအသင်းမှ ဇင်မျိုးထွန်းကိုလည်းကောင်း၊ ၅၄ ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ ထွန်းထက်ခိုင်က စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ စိုးတင့်ရွှန်းကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အသင်းမှ ဖြိုးကျော်ကျော်က မကွေးတိုင်းဒေသကြီးအသင်းမှ သက်ပိုင်ထူးကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ရဲရင့်ထွေးက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဇင်မင်းခန့်ကိုလည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ လွင်မင်းထင်က တနင်္သာရီတိုင်းဒေသကြီးအသင်းမှ စိုင်းသူစိုးကိုလည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ စောစိုးထက်စံက ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ယူပီကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ ဘုန်းမြင့်မောင်က ရှမ်းပြည်နယ်အသင်းမှ ထူးခန့်ရှိန်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ လုံဂျုံရိန်ကြွယ်နော်က စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ နိုင်မင်းထွန်းကိုလည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ ရှာလုံနော်ဆန့်က မကွေးတိုင်းဒေသကြီးအသင်းမှ ထန်ကပ်မွန်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စချစ်လင်းဇော်က တနင်္သာရီတိုင်းဒေသကြီးအသင်းမှ အေးနိုင်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းမှ ဟန်ထက်အောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ အောင်ကျော်မိုးကိုလည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များအဖြစ် ၅၀ ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သန္တာက ရှမ်းပြည်နယ်အသင်းမှ ထက်ထက်အောင်ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ ဖူးဖူးက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ စောမမကိုလည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ နှိမ်မနားက ကချင်ပြည်နယ်အသင်းမှ ဝင်းသဉ္ဇာနိုင်ကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။ **STA**

■ **မမြရေလှောင်တမံမှ**

နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းဒဏ်မခံရစေရန်အတွက် မိုးရေကာဖျင်များစနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုကို ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေကို ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ ၁၀ ပေလျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် တမံရှိရေ ၃၀၄ ဒသမ ၄ ပေသာ ကျန်ရှိတော့သဖြင့် ၁၀ ဒသမ ၆ ပေခန့် လျှော့နည်းသွားကြောင်း သတင်းရရှိသည်။ **(၅၀၁)**

◆ **ချန်ပီယံဆုဆွတ်ခူးမှ**

ထိပ်တန်းအသင်းများကို ကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့တရုတ်ရိုးရာခြင်းအကပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Myanmar LDCR အသင်းသည် စုစုပေါင်း ရမှတ် ၉ ဒသမ ၁၅ မှတ်ဖြင့် ရမှတ်အများဆုံးရပ်တည်နိုင်ခဲ့ပြီးနောက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင် တရုတ်နိုင်ငံအပါအဝင် ဟောင်ကောင်၊ ဩစတြေးလျ၊ကနေဒါ၊ မလေးရှား၊ မြန်မာ၊ မက္ကဆီကို၊ နယ်သာလန်၊ အင်္ဂလန်၊ အမေရိကန်နိုင်ငံတို့မှ ကိုယ်စားပြုအသင်းများ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံကိုယ်စား Myanmar LDCR အသင်းက ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **STA**


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။**



## ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)နှင့်ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့်Onlineစနစ်ဖြင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၆ ရက်(သောကြာနေ့)မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online မှ ဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါ စနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot.gov.mm၊ www.rtad.gov.mm နှင့် www.myanmarrtad.comWebsite များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| **ရုံးချုပ်(နေပြည်တော်)** | - | ၀၆၇-၃၄၀၅၀၉၉ |
| **နေပြည်တော်ရုံး** | - | ၀၆၇-၄၅၁၀၀၆၂၊ ၀၆၇-၄၅၁၀၀၆၄ |
| **တိုင်းဒေသကြီးရုံး(ရန်ကုန်)** | - | ၀၉-၉၅၄၉၂၁၀၀၀ |
| **တိုင်းဒေသကြီးရုံး(မန္တလေး)** | - | ၀၉-၄၃၀၉၆၉၈၀ |

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# အိန္ဒိယ-မြန်မာ တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားရန် မြန်မာ့တပ်မတော်ဘောလုံးအဖွဲ့ ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၁၈**

အိန္ဒိယနိုင်ငံတွင် ကျင်းပမည့် အိန္ဒိယ-မြန်မာ တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သိန်းနိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးဘောလုံးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ထွက်ခွာကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးပြည့်စုံလင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော် ချစ်ကြည်ရေးဘောလုံးအဖွဲ့တွင် အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ စုစုပေါင်း ဦးရေ ၃၀ လိုက်ပါသွားပြီး အိန္ဒိယတပ်မတော်မှ ဘောလုံးအသင်းတို့နှင့် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲများကို အောက်တိုဘာ ၂၀ ရက်နှင့် ၂၃ ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ပြည့်စုံလင်း မြန်မာ့တပ်မတော်ချစ်ကြည်ရေး ဘောလုံးအဖွဲ့ကို နေပြည်တော် လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်စဉ်။

# လုပ်ငန်းဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကိုက်ညီမှုရှိစေရေးအတွက် OSSC ဌာနဆိုင်ရာအဖွဲ့များက စနစ်တကျစစ်ဆေးဆောင်ရွက်ရန် ဒုတိယဝန်ကြီးမှာကြား



**နေပြည်တော် အောက်တိုဘာ ၁၈**

လုပ်ငန်းဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကိုက်ညီမှုရှိစေရေးအတွက် OSSC ဌာနဆိုင်ရာအဖွဲ့များက စနစ်တကျစစ်ဆေးဆောင်ရွက်ရန် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်က ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါအထူးစီးပွားရေးဇုန် အစည်းအဝေးခန်းမတွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ One Stop Service Center – OSSC ဌာနများမှ တာဝန်ခံများနှင့် တွေ့ဆုံစဉ်မှာကြားသည်။

ထို့ပြင် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ လုပ်ငန်းဆောင်ရွက်ရာတွင် နိုင်ငံ့အကျိုးကိုရှေးရှု၍ စိတ်ကောင်းစေတနာကောင်းဖြင့် ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍သီလဝါအထူးစီးပွားရေးဇုန်အတွင်း အကောက်ခွန်ဆိုင်ရာရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်နေသည့် Thilawa Global Logistics Co.,Ltd ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်းရှိ Myanmar International Terminals Thilawa Port – MITT ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကုန်ပစ္စည်းကွန်တိန်နာများ ရောက်ရှိခြင်း၊ ထုတ်ယူခြင်း၊ တင်ပို့ခြင်းတို့ကို စနစ်တကျ မှန်ကန်စွာစာရင်းရေးသွင်းမှတ်တမ်းထားရှိရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ကိုရီးယားဘာသာစကားအရည်အချင်းစစ် စာမေးပွဲကျင်းပ



**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (Mandalay University of Foreign Languages–MUFL)တွင် ၂၀၂၆ ခုနှစ် ၁၀၈ ကြိမ်မြောက် ကိုရီးယားဘာသာစကားအရည်အချင်းစစ်(TOPIK) စာမေးပွဲကို အဆိုပါတက္ကသိုလ်တွင် ယနေ့ နံနက် ၉ နာရီမှ စတင်ကျင်းပခဲ့သည်။

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (MUFL) စာစစ်ဌာနတွင် TOPIK 1 (Level 1–2) မှ ဦးရေ ၆၅၀၊ TOPIK 2 (Level 3–6) မှ ဦးရေ ၁၀၈၀ စာဖြေသူဦးရေ စုစုပေါင်း ဦးရေ ၁၇၃၀ ဝင်ရောက်ဖြေဆိုခဲ့ပြီး အဆိုပါကိုရီးယားဘာသာစကား အရည်အချင်းစစ်(TOPIK)စာမေးပွဲသည် ကမ္ဘာတစ်ဝန်း တစ်ပြိုင်နက်တည်း ကျင်းပသော စာမေးပွဲဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကမ္ဘာ့အရိုးပွရောဂါနေ့ အသိပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၁၈**

ကုသရေးဦးစီးဌာန မြန်မာနိုင်ငံ ဟော်မုန်းရောဂါ ပညာရှင်များအဖွဲ့နှင့် မြန်မာနိုင်ငံ အရိုးရောဂါပညာရှင်များအသင်းတို့ပူးပေါင်းစီစဉ်သည့် ''ကမ္ဘာ့အရိုးပွရောဂါနေ့ လူထုအသိပညာပေးဟောပြောပွဲ(၂၀၂၆)''ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) ၌ ကျင်းပသည်။

နှစ်စဉ် အောက်တိုဘာ ၂၀ ရက်ကို ကမ္ဘာတစ်ဝန်းတွင် ''ကမ္ဘာ့အရိုးပွရောဂါနေ့(World Osteoporosis Day)'' အဖြစ် သတ်မှတ်ကျင်းပလျက်ရှိပြီး ယခုနှစ်အတွက် နိုင်ငံတကာအရိုးပွရောဂါဖောင်ဒေးရှင်း (IOF) က ချမှတ်ထားသော ဆောင်ပုဒ်မှာ (Campaign Theme) "BUILD, PROTECT AND STRENGTHEN Your Bones for Life" ဖြစ်ကာ အရွယ်သုံးပါးမရွေး မိမိတို့၏အရိုးကျန်းမာရေးကို စဉ်ဆက်မပြတ် ဂရုစိုက်ပျိုးထောင်သွားကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

ဟောပြောပွဲတွင် ပါမောက္ခ ဒေါက်တာတက်ထွန်းချစ်က "အရိုးကျန်းမာကာကွယ်ပါ" ခေါင်းစဉ်၊ ပါမောက္ခဒေါက်တာ ရွှေကျော်ဦးက "အရိုးပွရောဂါခွဲစိတ်ကုသရုံနှင့် မပြီးပါ" ခေါင်းစဉ်တို့ဖြင့် ဟောပြောဆွေးနွေးပြီး အရိုးပွရောဂါအကြောင်းသိကောင်းစရာများ၊ အရိုးပွရောဂါဖြစ်နိုင်ခြေစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

"အရိုးပွရောဂါဟာ အဖြစ်များတဲ့ ရောဂါတစ်ခုဖြစ်ပါတယ်။ ပြည်သူလူထုအများစုမှာအရေးကြီးတဲ့ ရောဂါတစ်ခုအနေနဲ့ သတိမထားမိကြသလို ရောဂါလက္ခဏာမပြတဲ့အတွက် သတိမထားမိကြဘူး။ ပြည်သူလူထုဂရုပြုမိပြီး ကျန်းမာရေးကို ပိုပြီးဂရုစိုက်နိုင်အောင် ရည်ရွယ်ဆောင်ရွက်တာပါ"ဟု ပါမောက္ခ ဒေါက်တာ တက်ထွန်းချစ်က ပြောသည်။

အရိုးပွရောဂါသည် ကမ္ဘာ့အနှံ့ဖြစ်ပွားလျက်ရှိပြီး အသက် ၅၀ နှင့်အထက် အမျိုးသမီးသုံးဦးတွင် တစ်ဦးနှင့် အမျိုးသား ငါးဦးတွင် တစ်ဦးသည် အရိုးပွ၊ အရိုးကျိုးခြင်းကို ကြုံတွေ့နေကြရကြောင်း သိရသည်။

"အရိုးပွရောဂါ ကာကွယ်ဖို့အတွက် အန္တရာယ်ရှိနိုင်တဲ့ အသက်အပိုင်းအခြားရောက်လာပြီဆိုရင် အမျိုးသမီးတွေ သွေးဆုံးတဲ့အချိန်မှာ သတိထားရမယ့် အချက်တွေရှိတယ်။ စားသောက်တဲ့အစားအသောက်မှာ ကယ်လစီယမ်ဓာတ်ကအဓိက ပါဝင်ဖို့လိုတယ်။ နို့နဲ့နို့ထွက်ပစ္စည်း၊ အရိုးပါတဲ့ ငါးကလေးတွေစားသုံးဖို့လိုတယ်။ ဒါ့ပြင် ဗီတာမင်ဒီလုံလောက်အောင် နေရောင်ခြည်ထိတွေ့ဖို့လိုတယ်။ ပရိုတင်းအသားဓာတ်ကို လုံလောက်အောင်စားသုံးဖို့လိုပါတယ်။ ဗီတာမင်ဒီပါတဲ့ အစားအသောက်တွေ၊ အစေ့အဆန်တွေ စားသုံးဖို့လိုပါတယ်"ဟု ပါမောက္ခ ဒေါက်တာတက်ထွန်းချစ်က အကြံပြုပြောကြားသည်။



အရိုးပွရောဂါ ကာကွယ်ကုသရေးတွင် ပြည်သူလူထုအတွင်း အသိပညာဗဟုသုတများတိုးပွားလာရေး၊ ရောဂါအန္တရာယ်ရှိသူများကို စောစီးစွာဖော်ထုတ်စစ်ဆေးနိုင်ရေးနှင့် စနစ်တကျကုသမှုရရှိစေရေးတို့ကို သက်ဆိုင်ရာဆေးပညာရှင်အဖွဲ့အစည်းများနှင့် လက်တွဲကာ စဉ်ဆက်မပြတ် တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာပျော်ရွှင်သော လူနေမှုဘဝကို ပိုင်ဆိုင်နိုင်စေရန်အတွက် မကူးစက်နိုင်သော နာတာရှည်ရောဂါများ ကာကွယ်ကုသရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ကျော်ကြီး**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၈**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ် အဆောက်အအုံ တစ်လုံးကို ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့ထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံးကို ဖြိုချဖျက်ဆီးမှုမှာ ယနေ့ထိ ၁၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် တစ်လုံးတို့ကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့်အဆောက်အအုံ ၅၈ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်း လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ်အဆောက်အအုံကို မဖြိုဖျက်မီ တွေ့ရစဉ်။









ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ်အဆောက်အအုံကို စက်ယန္တရားများဖြင့် ဆက်လက်ဖြိုချ ဖျက်ဆီးလျက်ရှိမှု မှတ်တမ်းဓာတ်ပုံ။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၁၅(က)တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
၂။ နိုင်ငံ့ဝန်ထမ်းများ။
၃။ ပညာသင်ကြားနေသူများ။
၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
၆။ ထောင်ဒဏ်ကျခံနေသူများ။

**ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ကူဝိတ်နိုင်ငံက ဗြိတိန်နိုင်ငံထံမှ ကန်ဒေါ်လာ သန်း ၄၉၀ တန်ဖိုးရှိ လေကြောင်းရန်ကာကွယ်ရေးစနစ်များ ဝယ်ယူ




ကူဝိတ်နိုင်ငံသည် နိုင်ငံ၏နယ်မြေအတွင်း မောင်းသူမဲ့လေယာဉ်(UAS)များ၏ ကျူးကျော်မှုမှ ကာကွယ်ရန်အတွက် ဗြိတိန်စစ်ဘက်ဆိုင်ရာ နည်းပညာကုမ္ပဏီတစ်ခုဖြစ်သော MARSS ထံမှ အမေရိကန်ဒေါ်လာ သန်း ၄၉၀ တန်ဖိုးရှိ လေကြောင်းရန်ကာကွယ်ရေးစနစ်များ ဝယ်ယူခဲ့ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းကုမ္ပဏီသည် ဩစတြေးလျနိုင်ငံအခြေစိုက် Electro Optic Systems ၏ လက်အောက်ခံ ကုမ္ပဏီခွဲတစ်ခုဖြစ်ပြီး ၎င်းတို့ပိုင် NiDAR ပလပ်ဖောင်းနှင့် ချိတ်ဆက်ထားသည့် လျှပ်စစ်-အလင်း အာရုံခံ၊ ရေဒါနှင့်ဆိုနာ အာရုံခံကိရိယာကွန်ရက်တစ်ခုကို တပ်ဆင်ပေးသွားမည်ဖြစ်သည်။ ဉာဏ်ရည်တု (AI)ဖြင့် လည်ပတ်သည့် အဆိုပါကွပ်ကဲရေးနှင့် ထိန်းချုပ်ရေးစနစ်သည် ခြေရာခံအချက်အလက်များကိုစုစည်းပေးပြီး လေကြောင်းနှင့် ရေကြောင်း ဘက်စုံနယ်ပယ်ခြိမ်းခြောက်မှုများကိုဆန်းစစ်ကာ တုံ့ပြန်မှုများကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးမည်ဖြစ်သည်။ ဤစွမ်းဆောင်ရည်သည် အော်ပရေတာများကို အီလက်ထရွန်နစ်ဂျမ်ဘာများ(soft-kill electronic jammers)နှင့် ကြားဖြတ်ဒုံးကျည်များ (Hard-Kill Interceptors) ကို ပေါင်းစပ်ထားသည့် အလွှာစုံချေမှုန်းနိုင်သည့်စနစ်များကို ပံ့ပိုးပေးမည်ဖြစ်သည်။

"ဒရုန်းတွေနဲ့ ဝေဟင်ခြိမ်းခြောက်မှုတွေကို တိုက်ဖျက်တယ်ဆိုတာ စနစ်တစ်ခုတည်းနဲ့ လုပ်ဆောင်တာမဟုတ်ပါဘူး။ ဒါဟာ စက္ကန့်ပိုင်းအတွင်းမှာ ထောက်လှမ်းခြင်း၊ ဆုံးဖြတ်ခြင်းနဲ့ ချေမှုန်းခြင်းတို့ကို လုပ်ဆောင်နိုင်တဲ့ ဉာဏ်ရည်ထက်မြက်ပြီး အလွှာလိုက် ဖွဲ့စည်းထားတာပဲ ဖြစ်ပါတယ်။ MARSS ကုမ္ပဏီက အဲဒီလိုစနစ်မျိုးကို အတိအကျ တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ လာမဲ့ ၂၄ လအတွင်းမှာ MARSS ကုမ္ပဏီဟာ ကူဝိတ်ပြည်သူတွေ၊ အရေးပါတဲ့အခြေခံအဆောက်အအုံတွေနဲ့ နိုင်ငံတော်ပိုင်ဆိုင်မှုတွေကိုကာကွယ်ပေးမဲ့ အာရုံခံကိရိယာတွေနဲ့ တိုက်ခိုက်ရေးကိရိယာတွေကို ချိတ်ဆက်တပ်ဆင်ပေးသွားမှာ ဖြစ်ပါတယ်"ဟု MARSS ကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ် Johannes Pinl က ပြောကြားသည်။

ဗြိန်တိန်နိုင်ငံ၏ ထုတ်ပြန်ချက်အရ ယခုစာချုပ်သည် အမေရိကန်နှင့် အစ္စရေးတို့ ပါဝင်ပတ်သက်နေသော ပိုမိုကျယ်ပြန့်သည့် အရှေ့အလယ်ပိုင်းပဋိပက္ခအတွင်း အီရန်နိုင်ငံ၏ ဒုံးကျည်နှင့် ဒရုန်း အပြင်းအထန်ပစ်ခတ်တိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် ဖွဲ့စည်းခဲ့ပြီး ပင်လယ်ကွေ့အတွင်းရှိ ကာကွယ်ရေးမိတ်ဖက်များထံ လက်နက်နှင့် ပစ္စည်းကိရိယာများ ဖြန့်ဖြူးမှုကို ညှိနှိုင်းပေးနေသည့် NATO အဖွဲ့၏ Task Force Sabre အစီအစဉ်အောက်ရှိ ကျယ်ပြန့်သောကြိုးပမ်းအားထုတ်မှုများကို ပိုမိုခိုင်မာစေကြောင်း သိရသည်။

စီးပွားရေးဘက်တွင်မူ အဆိုပါကူဝိတ်စီမံကိန်းသည် MARSS ကုမ္ပဏီ၏ စက်ရုံနှင့် ဗြိတိန်နိုင်ငံတစ်ဝန်းရှိ ၎င်း၏ ပြည်တွင်းထောက်ပံ့ရေး ကွင်းဆက်များတွင် အင်ဂျင်နီယာနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာအလုပ်အကိုင်ရာထူး ၁၀၀ ခန့်ကို အထောက်အကူဖြစ်စေမည် ဖြစ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ၏ ကာကွယ်ရေးအသင့်ဖြစ်မှုနှင့် စက်မှုလုပ်ငန်းဆိုင်ရာဝန်ကြီး Luke Pollard က "ဒီသဘောတူညီချက်ဟာ ဒေသတွင်း မိတ်ဖက်တွေကို ကူညီပေးဖို့ ကျွန်တော်တို့ရဲ့ကတိကဝတ်ကို ဗြိတိန်နိုင်ငံက အကောင်အထည်ဖော်နေပါတယ်ဆိုတဲ့ သက်သေပြချက်တစ်ခုဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ကူဝိတ်နိုင်ငံကို ကမ္ဘာ့အဆင့်မီ ဗြိတိန်နည်းပညာများနှင့် ကျောထောက်နောက်ခံပြုပေးခြင်းအားဖြင့် လက်ရှိကြုံတွေ့နေရသောခြိမ်းခြောက်မှုများကို ဆန့်ကျင်ပြီး မဟာမိတ်တစ်ရပ်၏ ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ပေးနေသည့်အပြင် ပြည်တွင်း၌ ကျွမ်းကျင်သောအလုပ်အကိုင်များကိုဖန်တီးပေးနိုင်ပြီး ဗြိတိန်စက်မှုလုပ်ငန်းအနေဖြင့် အရေးကြီးသောအချိန်တွင် တာဝန်ကျေပွန်စွာထမ်းဆောင်နိုင်ခြင်းကို ပြသနေကြောင်း သိရသည်။

**Kuwait Buys $490M Air Defense System From UK ကို ဘာသာပြန်ဆိုထားပါသည်။**

# အမေရိကန်က SM-3 IB ကြားဖြတ်ဒုံးကျည်များထုတ်လုပ်ရန်နှင့်ထိန်းသိမ်းရန် Raytheon ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို



အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် Standard Missile-3 Block IB (SM-3 IB) ကြားဖြတ်ဒုံးကျည်များ ထုတ်လုပ်ရန်နှင့် ထိန်းသိမ်းရန်အတွက် Raytheon ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစာချုပ်သည် နောက်ထပ်သက်တမ်းတိုးရွေးချယ်ခွင့် နှစ်နှစ်ပါဝင်ပြီး ဒုံးကျည်ကာကွယ်ရေးလက်နက်တိုက်များကို ပြန်လည်ဖြည့်တင်းရန်နှင့် ထုတ်လုပ်မှုအရှိန်မြှင့်တင်ရန်အတွက် Raytheon ကုမ္ပဏီနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနတို့က ကြေညာခဲ့သည်။

ယခုစာချုပ်သည် အမေရိကန်ရေတပ်အတွက် Standard Missile-6 (SM-6) ကြားဖြတ်ဒုံးကျည်များ ထုတ်လုပ်ရန် Raytheon ကုမ္ပဏီရရှိခဲ့သည့် ဒေါ်လာ ၂၄ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ ငါးနှစ်စာချုပ်၏ နောက်ဆက်တွဲလည်းဖြစ်သည်။ ၎င်း SM-3 IB နှင့် SM-6 နှစ်ခုစလုံးမှာ သင်္ဘောပေါ်မှပစ်ခတ်သည့် ကြားဖြတ်ဒုံးကျည်များဖြစ်ကြသော်လည်း SM-3 IB သည် ပျံသန်းမှုအလယ်ပိုင်းအဆင့်တွင် ပဲ့ထိန်းဒုံးကျည်များကို အဓိကကြားဖြတ်ဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး SM - 6 ကြားဖြတ်ဒုံးကျည်များမှာ လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးအခန်းကဏ္ဍတွင် ပိုမိုကျယ်ပြန့်သောတာဝန်များကို ထမ်းဆောင်ရန်ဖြစ်ကြောင်း သိရသည်။

Raytheon ကုမ္ပဏီ၏ ဥက္ကဋ္ဌ Phil Jasper က "ယခုကဲ့သို့ စာချုပ်ချုပ်ဆိုခြင်းသည် အရေးပါသောခဲယမ်းထုတ်လုပ်မှုကို တိုးမြှင့်ရန်နှင့် ကျွန်ုပ်တို့၏ဖောက်သည်များ လိုအပ်သည့်အချိန်တွင် လိုအပ်သည့် ကာကွယ်ရေးစွမ်းရည်များကို အပြည့်အဝပိုင်ဆိုင်စေရန် Raytheon ကုမ္ပဏီ၏ ကတိကဝတ်ကို ထင်ဟပ်ပြသနေခြင်းဖြစ်ပါတယ်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

SM-3 Block IB သည် စစ်ဆင်ရေးများတွင် သင့်လျော်ကိုက်ညီမှုကို လက်တွေ့ပြသပြီးဖြစ်ပြီး လက်နက်တိုက်များကို ပြန်လည်ဖြည့်တင်းရန်နှင့် အမေရိကန်ရေတပ်၊ ဒုံးကျည်ကာကွယ်ရေးအေဂျင်စီ (MDA)နှင့် မဟာမိတ်များ ကမ္ဘာတစ်ဝန်းတွင် ရင်ဆိုင်နေရသော ပြောင်းလဲလာသည့် ခြိမ်းခြောက်မှုများကို ရင်ပေါင်တန်းနိုင်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း Phil Jasper က ပြောကြားသည်။

SM-3 Block IB သည် သင်္ဘောပေါ်မှဖြစ်စေ၊ မြေပြင်မှဖြစ်စေ ပစ်ခတ်နိုင်ပြီး ပျံသန်းမှု အလယ်ပိုင်းအဆင့်တွင် တာတိုမှ တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်များကို ဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားသည့် ကြားဖြတ်ဒုံးကျည် တစ်မျိုးဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် စစ်ဆင်ရေး၌ ပထမဆုံးအကြိမ် စတင်အသုံးပြုခဲ့ပြီး အမေရိကန်ရေတပ်၏ ပေါင်းစပ်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးမူဘောင်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

ကြားဖြတ်ဒုံးကျည်တစ်စင်းလျှင် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၀ သန်းမှ ၁၅ သန်းထိ ကျသင့်မည်ဖြစ်ရာ SM-3 Block IB ဒုံးကျည်များသည် ခန့်မှန်းခြေ ဒေါ်လာ ၃၅ သန်းမှ သန်း ၄၀ ထိ ကျသင့်သည့် SM-3 Block IIA ထက် များစွာ ကုန်ကျစရိတ်သက်သာသည်။ ထိုသို့ သက်သာခြင်းကြောင့် ယခုဒုံးကျည်များကို ပမာဏအများအပြားဖြင့် ပိုမိုလွယ်ကူစွာ ထုတ်လုပ်ရန်ဖြစ်သည်။

အဆိုပါ SM-3 IB ကြားဖြတ်ဒုံးကျည်သည် အကွာအဝေး မိုင် ၅၅၉ ထိ ထောက်လှမ်းနိုင်ပြီး တိုက်ခိုက်နိုင်သည့် အမြင့်ပေမှာ မိုင် ၃၁၁ ခန့် ရှိသည်။ ၎င်း၏ အရောင်နှစ်မျိုးပါ အနီအောက်ရောင်ခြည်ရှာဖွေရေးအာရုံခံကိရိယာက ပစ်မှတ်များကို ပိုမိုတိကျစွာခွဲခြားနိုင်စွမ်းရှိစေပြီး ချိန်ညှိနိုင်သော လမ်းကြောင်းပြောင်းလဲမှုနှင့် ထိန်းချုပ်ရေးစနစ်က ပစ်မှတ်ကို မထိမှန်မီ အလွန်တိကျသည့်လှုပ်ရှားပစ်ခတ်မှုများကို လုပ်ဆောင်နိုင်ကြောင်း သိရသည်။

**US Awards Raytheon $6.3-Billion Contract for SM-3 IB Interceptors ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဘရာဇီးနိုင်ငံ အမေဇုန်ဒေသတွင် တောမီးလောင်ကျွမ်းမှုများမြင့်တက်လာသဖြင့် မြို့နယ် ၃၆ မြို့နယ်ကို အရေးပေါ်အခြေအနေသတ်မှတ်



**ဘရာဇီးလီးယား အောက်တိုဘာ ၁၈**

ဘရာဇီးနိုင်ငံ အမေဇုန်ဒေသတွင် တောမီးလောင်ကျွမ်းမှုများ မြင့်တက်လာသဖြင့် မြို့နယ် ၃၆ မြို့နယ်ကို အောက်တိုဘာ ၁၇ရက်တွင် အရေးပေါ်အခြေအနေ သတ်မှတ်လိုက်ကြောင်း သိရသည်။

လက်ရှိဘရာဇီးနိုင်ငံ အမေဇုန်ဒေသတွင် အောက်တိုဘာလ ဒုတိယပတ်မှ အောက်တိုဘာ ၁၇ ရက်ထိ တောမီးလောင်ကျွမ်းမှု ဖြစ်စဉ် ၁၆၇၉ ခုထိ ဖြစ်ပွားခဲ့ကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ ယခုနှစ်တွင် အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်ခြင်း၊ မိုးရွာသွန်းမှု နောက်ကျခြင်းနှင့် ခြောက်သွေ့မှုများခြင်းတို့ကြောင့်ဖြစ်ပြီး တောမီးများ ပိုမိုလွယ်ကူစွာ ကူးစက်လောင်ကျွမ်းစေခဲ့ကြောင်း သိရသည်။

ထိုသို့ တောမီးလောင်ကျွမ်းမှုများကြောင့် မာနာအွတ်မြို့နယ် အပါအဝင် မြို့နယ် ၃၆ မြို့နယ်တွင် အရေးပေါ်အခြေအနေ သတ်မှတ်ထားပြီး မာနာအွတ်မြို့နယ်တွင် လေထုညစ်ညမ်းမှု မြင့်တက်လာသဖြင့် အစိုးရကျောင်းများကိုလည်း ယာယီပိတ်ထားခဲ့ရသည်။

အာဏာပိုင်များက အဆိုပါ တောမီးများသည် စိုက်ပျိုးရေး လုပ်ငန်းအတွက် မြေယာရှင်းလင်း မီးရှို့မှုများနှင့် ဆက်စပ်နေနိုင်သဖြင့် စုံစမ်းစစ်ဆေးလျက်ရှိပြီး မီးငြိမ်းသတ်ရေး အဖွဲ့များကလည်း တောမီးများကို ထိန်းချုပ်နိုင်ရန် ဆောင်ရွက်နေကြကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အမေရိကန်နိုင်ငံ အောရိန်းကောင်တီတွင် တောမီးလောင်ကျွမ်းနေသဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ထုတ်ပြန်

**ဝါရှင်တန် အောက်တိုဘာ ၁၈**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အောရိန်းကောင်တီတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး တောမီးသည်လူနေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းလာနိုင်သည့်အတွက် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် အမေရိကန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု အောက်တိုဘာ ၁၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် အောက်တိုဘာ ၁၆ ရက်တွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ၂၄ နာရီအတွင်း တောမီးလောင်ကျွမ်းမှုမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက တောမီးကို ထိန်းချုပ်နိုင်ရေးထက် လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများဆီသို့ ကူးစက်လောင်ကျွမ်းမှုမရှိစေရေးကို ဦးစားပေးငြိမ်းသတ်လျက်ရှိကြောင်း၊ တောမီးကိုအမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကိုပါ ရယူသွားမည်ဖြစ်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

"အောရိန်းကောင်တီအနီးမှာ အောက်တိုဘာ ၁၆ ရက်က စတင်ပြီးတော့ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပါတယ်။ တောမီးဟာ ထိန်းချုပ်ရခက်တဲ့ အဆင့်ကို ရောက်ရှိနေပါတယ်။ လူနေအိမ်တွေနဲ့ အခြေခံအဆောက်အအုံတွေဆီကိုပါ ကူးစက်လာနိုင်တဲ့အတွက်တောမီးကို ထိန်းချုပ်နိုင်ဖို့ ကြိုးစားပေးနေပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့က လေကြောင်းအကူအညီရယူသွားဖို့ လိုအပ်နေပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေအနေနဲ့လဲ တောမီးကို အမြန်ဆုံး ထိန်းချုပ်ပေးနိုင်ဖို့ ကြိုးစားပေးနေပါတယ်"ဟု အမေရိကန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဖီဂျီနိုင်ငံတွင် ရေဘေးအန္တရာယ်ကာကွယ်ရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်သွားမည်

**ဆူဗာ အောက်တိုဘာ ၁၈**

ဖီဂျီနိုင်ငံတွင် မိုးရာသီကာလ ရောက်တိုင်း ရေကြီးရေလျှံမှုဖြစ်ပေါ်လေ့ရှိပြီး ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုမြင့်မားနေသဖြင့် ရေဘေးအန္တရာယ် ကာကွယ်ရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖီဂျီအစိုးရက ထုတ်ပြန်ခဲ့သည်ဟု အောက်တိုဘာ ၁၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ စီမံချက်ကို အကောင်အထည်ဖော်ရန် ဘဏ္ဍာရေးအခက်အခဲများရှိနေသည့်အတွက် နိုင်ငံတကာ၏အကူအညီကို ရယူသွားမည်ဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ကာကွယ်ရေး စီမံချက်ကို အကောင်အထည်ဖော်ရန် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ထိ ကုန်ကျနိုင်သဖြင့် အမေရိကန်ဒေါ်လာသန်း ၁၀၀ ပြည့်မီရေးအတွက် နိုင်ငံတကာ၏အကူအညီကို တောင်းခံသွားမည်ဟု ဖီဂျီအစိုးရက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။



"မိုးရာသီရောက်တိုင်း ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတယ်။ ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရသလို မလိုလားအပ်တဲ့ ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ အရေးကြီးဆုံးကတော့ ပြည်သူတွေ ဘေးကင်းဖို့အတွက်ပါ။ ရေဘေးအန္တရာယ် ကာကွယ်ရေးကို စီမံချက်တွေနဲ့ ဆောင်ရွက်သွားဖို့ ပြင်ဆင်ထားပါတယ်။ စီမံချက်တွေကို အကောင်အထည်ဖော်ဖို့ကတော့ ဘဏ္ဍာရေးလိုအပ်ချက်တွေရှိနေတယ်။ ဘဏ္ဍာရေးလိုအပ်ချက်တွေ ရှိနေတဲ့အတွက် နိုင်ငံတကာရဲ့ အကူအညီရရှိဖို့လဲ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတကာရဲ့ အကူအညီကို တောင်းခံသွားမှာ ဖြစ်ပါတယ်"ဟု ဖီဂျီအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ်တွင် မိုးခေါင်မှုနှင့် မြေအောက်ရေခန်းခြောက်မှုကြောင့် ရေလှောင်တမံများတွင် ရေပမာဏကျဆင်းနေ

**နယူးဒေလီ အောက်တိုဘာ ၁၈**

အိန္ဒိယနိုင်ငံ ကာနာတာကာ ပြည်နယ်တွင် မိုးခေါင်မှုနှင့် မြေအောက်ရေ ခန်းခြောက်မှုကြောင့် ရေလှောင်တမံများတွင် ရေပမာဏ ကျဆင်းမှုဖြစ်ပေါ်နေကြောင်း ကာနာတာကာ ရေထုအရင်းအမြစ်ဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု အောက်တိုဘာ ၁၇ရက် သတင်းများတွင် ဖော်ပြထားသည်။

ရေလှောင်တမံများတွင် ရေဝင်ဆံ့သည့်ပမာဏ၏ ၃၀ ရာခိုင်နှုန်းအောက် ရောက်နေသည့်အတွက် သောက်သုံးရေကို အကန့်အသတ်ဖြင့်သာ ပေးဝေသွားမည်ဖြစ်ကြောင်း၊ သိုလှောင်ထားသော ရေအရင်းအမြစ်များ လျော့နည်းလာသည့်အတွက် အကန့်အသတ်ဖြင့် ပေးဝေသွားမည်ဖြစ်သကဲ့သို့ ရေကို ချွေတာသုံးစွဲသွားရန်လည်း သတိပေးထားကြောင်း၊ ကာနာတာကာပြည်နယ်ရှိရေလှောင်တမံပေါင်း ၂၃ ခုတို့တွင် ရေပမာဏကျဆင်းနေခြင်းဖြစ်ပြီး သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်သွားရန် ပြင်ဆင်နေသည်ဟု ကာနာတာကာပြည်နယ် ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ပြည်နယ်အတွင်းမှာရှိတဲ့ ရေလှောင်တမံ ၂၃ ခုမှာ ရေပမာဏ ကျဆင်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေဝင်ဆံ့တဲ့ပမာဏရဲ့ ၃၀ ရာခိုင်နှုန်းအောက်ကို ရောက်ရှိနေပါတယ်။ မြေအောက်ရေထု အရင်းအမြစ်လဲ ခန်းခြောက်လာတဲ့အတွက် ရေပမာဏ သိသိသာသာ ကျဆင်းခဲ့တာဖြစ်ပါတယ်။ ရေလုံလောက်မှု ရှိရှိရေးအတွက်တော့ ပြည်နယ်ဝန်ကြီးချုပ်က စီမံချက်တွေနဲ့ ဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်"ဟု ကာနာတာကာ ရေထုအရင်းအမြစ် ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဖိလစ်ပိုင်နိုင်ငံတွင် မေယွန်မီးတောင် ပေါက်ကွဲရာမှ မီးခိုးငွေ့နှင့် ပြာမှုန်များ ထုတ်လွှတ်နေသဖြင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်

**မနီလာ အောက်တိုဘာ ၁၈**

ဖိလစ်ပိုင်နိုင်ငံ အယ်လ်ဘေးပြည်နယ်ရှိ မေယွန်မီးတောင်သည် အောက်တိုဘာလ ဒုတိယပတ်ကတည်းကစတင်၍ ပေါက်ကွဲမှုများ မကြာခဏဖြစ်ပွားရာမှ မီးခိုးငွေ့နှင့်ပြာမှုန်များ ထုတ်လွှတ်နေသဖြင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒဌာန (PHIVOLCS) ၏ အောက်တိုဘာ ၁၇ ရက် ထုတ်ပြန်ချက်အရ သိရသည်။

ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒဌာန (PHIVOLCS) ၏စောင့်ကြည့်လေ့လာမှုအရ မေယွန်မီးတောင်မှ မီးခိုးငွေ့များသည် မီးတောင်ထိပ်ဝအထက် အမြင့် မီတာ ၅၀၀ ခန့်ထိရောက်ရှိနေပြီး အဆိုပါမီးခိုးငွေ့နှင့်ပြာမှုန်များသည် မီးတောင်၏အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ကြောင်း၊ မီးတောင်လှုပ်ရှားမှုကြောင့် ချော်ရည်ပူများထွက်ပေါ်မှုနှင့် ပြာမှုန်များ လွင့်စဉ်မှုတို့ ဖြစ်ပေါ်နိုင်သဖြင့် အနီးဝန်းကျင်ရှိ ပြည်သူများအနေဖြင့် သက်ဆိုင်ရာအာဏာပိုင်များ၏ သတိပေးချက်များကို လိုက်နာရန် လိုအပ်ကြောင်း ထုတ်ပြန်ထားသည်။

ယခုကဲ့သို့ မီးတောင်များ မကြာခဏ ပေါက်ကွဲမှုကြောင့် မီးတောင်သတိပေးချက် ထုတ်ပြန်ထားပြီး အန္တရာယ်ဇုန်အဖြစ် သတ်မှတ်ထားသော မီးတောင်အနီးပတ်လည် လေးကီလိုမီတာအတွင်းသို့ ခရီးသွားများနှင့် ဒေသခံများ ဝင်ရောက်ခြင်းကို ဒေသဆိုင်ရာ အာဏာပိုင်များက တားမြစ်ထားကြောင်း သိရသည်။

မီးတောင်လှုပ်ရှားမှုများကြောင့် ပြာမှုန်များ လေထုအတွင်း ပျံ့နှံ့နေသည့်အတွက် လေထုညစ်ညမ်းကာ အသက်ရှူလမ်းကြောင်းဆိုင်ရာထိခိုက်မှုများကို ကာကွယ်ရန် ပြည်သူများအနေဖြင့် သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်များကို လိုက်နာသင့်သည်ဟု ဒေသဆိုင်ရာအာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ပုံမဝေးဘု ရောက်လုပါပြီ

မောင်ခြိမ့်



**ယမန်နေ့မှအဆက်**

ယင်းလိပ်ကိုတော့သည်ဒိုင်မှာငှား၍ ရောင်းတော့ တခြားဒိုင်ဆိုတာမျိုး ဘယ်သူမှမလုပ်ကြပါချေ။ လုပ်မိသူသည် ထိုဒိုင်ကိုဘယ်တော့မှမလာနဲ့တော့။ မပတ်သက်နဲ့တော့။ အခက်အခဲအကျပ်အတည်းရှိလျှင်လဲ အကူအညီလာ မတောင်းနဲ့တော့။

သို့ဖြစ်၍ မျက်နှာပျက်ရမည့်အလုပ်မျိုးကို ဘယ်သူမှမလုပ်ရဲကြပါ။ အဘယ်ကြောင့်ဆိုသော် ငါးဒိုင်၏အကြွေးနှင့် ကင်းသော တံငါသည်က ခပ်ရှားရှားပင်။

တစ်နေ့က မိမိချုံဖော်ရန် ဒေါ်တင်ကြည် ငါးဒိုင်တွင် ယင်းလိပ်သွားငှားစဉ် မိမိနှင့်ပြိုင်တူလိုလို ရောက်လာသော ကံလှနှင့်သူအရင်ယူမည်၊ ငါအရင်ယူမည်အလုအယက်ဖြစ်ခဲ့ရ၏။ နောက်ဆုံးတွင် အစဉ်ကတိတည်ကြည်စွာ မိမိဒိုင်တွင် ငါးပုစွန်သွင်းပေးသော ဖိုးနီကိုသာ ဒေါ်တင်ကြည်က ငှားလိုက်၏၊ ကံလှကိုမူ ဖိုးနီပြီးမှယူဟုပြောလိုက်သည်။

ကံလှသည် အကြွေးရှိသောဒိုင်တွင် အကြွေးနှိမ်မှာစိုး၍ အခြားဒိုင်တွင် သွားရောင်းတတ်၏။ ဒါကို ဒေါ်တင်ကြည်ကသိ၍ ဖိုးနီကို ဦးစားပေးလိုက်ခြင်းဖြစ်သည်။ ထိုနေ့က မိမိကို စိမ်းစိမ်းကြီးကြည့်ကာ တောက်တစ်ချက်ခေါက်၍ မကျေမနပ်ပြန်သွားသော ကံလှကိုသတိတော့ထားမိသားပင်။ သို့သော် ယခုလို အကြံပက်စက်လိမ့်မည်တော့ မထင်မိခဲ့ပါ။

ယခုကဲ့သို့ ချုံကို ဖျက်ဆီးသွားသည်မှာ ယခုညတော့မဟုတ်နိုင်။ မနေ့ညက ဖြစ်ပေလိမ့်မည်။ ကံလှသည် မိမိနှင့်အိမ်နီးနားချင်းဖြစ်ပါလျက် စည်းဖောက်လေပြီလား။ မျက်မြင်မဟုတ်လေကား တိတိကျကျတော့မပြောနိုင်။ ထင်ကြေးသာဖြစ်သည်။ ယူကြုံးမရစွာဖြင့် ဒေါသကို လျှော့ချလိုက်သည်။ ထို့နောက် ဘာမျှမဖြစ်သည့် လေသံဖြင့်–

"သားရေ ယင်းတွေပတ်ပြီး ကာတော့ဟော့၊ ရေစစ်တော့မယ်" ဆိုကာ ရေထဲအသာလျော၍ ဆင်းသည်။

ယင်းလိပ်များကို မြေတွင်းသို့ တစ်တောင်ခန့်ဝင်အောင်လှေပေါ်မှနေ၍ လက်ရိုက်တုတ်ဖြင့် ရိုက်ပေးနေသောသားက–

"အဖေ…ချုံတွေကဖရိုဖရဲနဲ့ ဘယ်လိုဖြစ်တာလဲ" ဟု မသင်္ကာသော လေသံဖြင့် ပြောသည်။

"ရေစီးကြမ်းတာရယ်၊ ငါတို့ချည်ထားတဲ့နှီးချက်တွေကမခိုင်တာရယ်ကြောင့် ဖြစ်မှာပါကွာ၊ မြန်မြန်သာလုပ်ဟေ့…"

စကားကို ပြတ်အောင်ပြောပြီး ရေထဲငုပ်ကာ ယင်းလိပ်တစ်ခုနှင့်တစ်ခု အဆက်အစပ်တွင် ဟာပေါက်မရှိအောင် ကလော်တံဖြင့် သေသေချာချာ ဖိ၍၊ ဖိ၍ ထိုးနေတော့သည်။ ယင်းလိပ်များကို ပတ်ပတ်လည်ကာပြီး ချုံကိုင်းများကို ကမ်းစပ်ပေါ်တင်တော့ ရေပေါ်ရေလျှံငါးများ အခုန်နည်းလှသည်။ "ကံတရားပေ့ါလေ"ဟုတွေးရင်း ဆက်တင်နေရသော်လည်း စိတ်ကခပ်ပျက်ပျက်ပင်။

ယင်းအခြေကိုကပ်၍ ဒိုင်းဝန်းဖြင့် ထိုးကာ၊ ကော်ကာဖော်လိုက်လျှင် ခြောက်ထုတ်လိုက်သော်လည်း ချုံအောက်ခြေတွင် ခို၍ကပ်၍ကျန်ခဲ့သော လက်မကား၊ လက်မဝါ ပုစွန်တုပ်ကြီးများကိုမြင်ရတော့မှအားတက်လာခဲ့ရပြန်၏။ ချုံအောက်ခြေနွံထဲတွင် တစ်ဝက်မြှုပ်ထားသော ဝါးဘူးများကို ဖော်မိချိန်တွင် ဖိုးနီပျော်ရွှင်သွားခဲ့ပါပြီ။

ရေပြန်တက်ခဲ့ပြီ။ ခပ်လှမ်းလှမ်း ခနိတော၊ ဝက်လာတောနှင့် လမုပင်တန်းဆီမှ လေးလေးမှန်မှန် ထွက်ပေါ်လာသော ဘုတ်အီသံသည် မှန်မှန်ကြီးထွက်ပေါ်လျက်ရှိ၏။

ဒေါ်တင်ကြည်၏ ငါးဒိုင်မှအပြန် ဖိုးနီတို့သားအဖ၏ လှော်တတ်တွင် အားမာန်အပြည့်၊ ပီတိအပြည့် ထည့်၍လှော်သဖြင့် လှေကလေးမှာ ရေပြင်တွင် တရိပ်ရိပ်ပြေးတော့၏။

ဖျက်ဆီးသူကဖျက်ဆီးခဲ့ပေမယ့် မပျက်စီးခဲ့ပါ။ ဝါးဘူးများအတွင်းမှ ငါးမြွေထိုး၊ ငါးမြွေကျားများ၊ ပုစွန်တုပ်ကြီးများကို ရောင်းချ၍ရလာသော ချွေးနဲစာငွေသည် ဖိုးနီ၏စွပ်ကျယ်အင်္ကျီရင်ဘတ်ထဲတွင် ပါလာခဲ့ပြီ။

အိမ်ရှေ့ရေဆင်းတံတားမှာ လှေဆိုက်တော့ မိမိအိမ်နှင့်ကပ်လျက် ကံလှတို့အိမ်တွင် လူစုလူဝေးနှင့် ဆူဆူညံညံဖြစ်နေသည်ကို တွေ့ရသည်။ "ဘာများဖြစ်တာပါလိမ့်"ဟု သိချင်ဇောဖြင့် အမြန်တက်လာခဲ့မိသည်။

ကံလှသည် သားဖြစ်သူခွေးပုကို ပွေ့လျက်ဘာလုပ်ရမှန်းမသိဘဲဖြစ်နေကာ ပတ်လည်ဝိုင်း၍ တစ်ယောက်တစ်ပေါက်ပြောနေသူများကို မော့၍ကြည့်နေသည်။

"ဒါဂျပ်ကိုက်တာဖြစ်မယ် မအိပ်စေနဲ့၊ နှိုးထား နှိုးထား"

"ငရုတ်သီးကျွေးကြည့်လေ၊ မစပ်ဘူးဆိုရင် ဂျပ်ကိုက်တာပဲ"

"သတိမေ့နေတဲ့လူက ငရုတ်သီးစားပြီးစပ်တယ်၊ မစပ်ဘူးထပြီးပြောနိုင်မလားဟဲ့" "ချောင်းဖျားက မြွေဆရာခေါ်ပြီး တွင်ခုတ်ပါလား" စသည်ဖြင့် တစ်ယောက်တစ်မျိုးဆူညံစွာ ပြောဆိုလျက်ရှိသည်။

ဖိုးနီသည် လူအုပ်ထဲတိုးဝင်သွားကာ"ဟေ့ကောင်ကံလှဘာဖြစ်တာလဲဆိုတာ မြန်မြန်ပြောစမ်း" ဟု ဆိုကာ လူနာဘေးတွင် ဝင်၍ထိုင်သည်။

"ငါလဲအတိအကျတော့မသိဘူးကွ၊ ချောင်းထဲမှာ ဒိုင်းဝန်းသွားထိုးရင်း ရေတက်မှပြန်လာတော့ အိပ်ချင်တယ် အိပ်ချင်တယ်ပြောပြီး လှဲနေတာ၊ ခေါ်လို့မရတော့မှ…"ဟု စကားကို ဆုံးအောင် မပြောနိုင်ဘဲ အသံတိမ်၍ တိမ်၍သွား၏။

"ဟာ…ဒါဆို ဒီအတိုင်းထားလို့ ဘယ်ဖြစ်မလဲကွ၊ ဆေးရုံသွားဖို့ မြန်မြန်လုပ်လေ"

"ဆေးရုံသွားဖို့အတွက် ငါတို့မှာငွေကငွေက …" ပြောရင်းမှဖိုးနီကို ငေးလျက်ကြည့်လိုက်သည်။ ဟုတ်သားပါလား။ ကံလှတို့ ချုံမဖော်ရသေးတာကို သွားသတိရရင်း ရင်ဘတ်ထဲတွင် ထည့်လာသော ငွေစက္ကူတို့ကို ယောင်၍စမ်းမိ၏။ ပြီးမှ တစ်စုံတစ်ခုကိုဆုံးဖြတ်ရင်း ကံလှလက်ထဲမှခွေးပုကို ကောက်၍ပွေ့လိုက်ပြီး လှေဆိပ်ကို အမြန်ဆင်းခဲ့တော့၏။

သူတို့ရွာကလေးနှင့် တစ်နာရီသာသာ ခရီးဝေးသော ညောင်ဝိုင်းတိုက်နယ်ဆေးရုံကလေးသည် မြစ်ကမ်း၏ အစပ်လယ်ကွင်း၏နံဘေးတွင် တည်ရှိကာ နံနက်ခင်း၏ နေရောင်ခြည်အောက်တွင်လှပနေလေသည်။

တာဝန်ကျဆရာဝန်၊ ဆရာမတို့၏ စေတနာအပြည့်အဝနှင့်ကုသမှုကြောင့် လူနာ၏ အသက်အန္တရာယ်မှလွတ်မြောက်ခဲ့ပြီ။

"ဘာမြွေပဲကိုက်ကိုက်ဆေးရုံဆေးခန်းကို အမြန်ဆုံးလာပြဖို့က အရေးကြီးပါတယ်။ ဒေသခံတွေအနေကလဲ ဆေးရုံဆေးခန်းကိုလာပြပြီး ကုသမှုခံယူဖို့ ဝန်မလေးသင့်ပါဘူး။ ပိုက်ဆံရှိမှ ဆေးရုံက ကုပေးတာဆိုတဲ့အယူအဆကလဲ မမှန်ပါဘူး။

ယခုဆိုရင် နိုင်ငံတော်ကလဲ မြို့ပြနဲ့ကျေးလက်ကျန်းမာရေးအဆင့် ကွာဟမှုနည်းအောင် တိုက်နယ်ဆေးရုံတွေ၊ ဒေသန္တရဆေးခန်းတွေကို လိုအပ်တဲ့နေရာတွေမှာ ဖွင့်ပေးပြီး ဆေးဝါးပစ္စည်းတွေကိုလဲ ဖြည့်ဆည်းပေးထားပါတယ်။

တတ်နိုင်တဲ့သူတွေအတွက် စရိတ်မျှပေးစနစ်ကို ကျင့်သုံးပြီး မတတ်နိုင်သူတွေအတွက် တတ်နိုင်သမျှကူညီပေးနေပါတယ်။ အဲဒီတော့ ရောဂါဝေဒနာဖြစ်လာရင် အမြန်ဆုံး ဆေးရုံဆေးခန်းကို လာရောက်ပြသကြဖို့ လိုအပ်ပါတယ်"ဆိုသော တိုက်နယ်ဆရာဝန်လေး၏ စေတနာစကားက ဖိုးနီတို့ရွာသားများအတွက် အားဆေးတစ်ခွက်လည်းဖြစ်သလို သူတို့ဘဝအတွက် အလင်းရောင်လည်းဖြစ်၏။

စိတ်ချရပြီဖြစ်သော လူနာကို အစောင့်ထားခဲ့ကာ ဖိုးနီနှင့်ကံလှတို့ လှေကလေးနှင့်ရွာကို ပြန်လာခဲ့ပြီ။ ကံလှသည် လှေဦးတွင်ငူငူကြီးလိုက်ပါလာသည်။

"ဟေ့ကောင်ကံလှ ဘာတွေစိတ်ပူနေတာလဲကွ၊ မင်းကလေးအတွက် စိုးရိမ်စရာမှမရှိတော့တာ။ လိုအပ်ရင်သုံးဖို့ မင်းမိန်းမကို ငါပိုက်ဆံပေးခဲ့ပါသေးတယ်။ ဘာမှအားမငယ်ပါနဲ့ကွာ၊ အရေးအကြောင်းဆို ငါတို့ရှိပါတယ်ကွ…"

ကံလှသည် ဘာမှပြန်မပြောနိုင်ဘဲ ဖိုးနီကိုသာ တွေတွေကြီး ငေးကြည့်နေရင်းက ရုတ်တရက် လက်အုပ်ချီပြီး ကန်တော့လေတော့သည်။

"ဟဟ ဟေ့ကောင် ဒါဘာလုပ်တာလဲကွ၊ မင်းဟာက" ဖိုးနီက အလန့်တကြားပြော၏။ "ငါ့ကို ခွင့်လွှတ်ပါကွာ၊ ငါ မင်းအပေါ်မှာ ယုတ်မာခဲ့မိတယ်။ ယင်းလိပ်ကလေးအရင်မရတာနဲ့ မင်းချုံကို ငါဖျက်ခဲ့မိတယ်။ အခု ငါ့သားလေးရဲ့ အသက်ဟာ မင်းပေးတဲ့ အသက်ပါပဲကွာ၊ ငါ့ကို ခွင့်လွှတ်ပါကွာ… "

"မဟုတ်တာကွာ မင်းနဲ့ငါက တစ်ရွာတည်းသားတွေပဲ၊ ပြီးတော့အိမ်နီးချင်း ဘဝတူတံငါသည်တွေ မဟုတ်လား။ တို့အချင်းချင်းမှမကူညီ၊ မရိုင်းပင်းရင် ဘယ်သူတွေက တို့ကိုလာကူညီမှာလဲ၊ ပြီးခဲ့တာတွေလဲပြီးပါစေတော့ကွာ။ နောက်နောင် မမှားဖို့သာလိုတာကွ၊ ပြီးတော့ ဗဟုသုတ အကြားအမြင်များအောင် စာဖတ်ကွကြားလား။

အခုတို့ရွာမှာ အလင်းရောင်ဆိုတဲ့ စာကြည့်တိုက်ကလေးဖွင့်ထားတာမင်းလဲအသိပဲ၊ ရှေးရိုးအစွဲတွေတတ်ယောင်ကား ဆရာအတုတွေနဲ့ ချည်းစခန်းသွားလို့မဖြစ်တော့ဘူး၊ ဆရာလေးပြောသွားတာမှတ်မိတယ်မဟုတ်လား။ မင်းတို့၊ ငါတို့ရဲ့ဘဝတွေဟာ အရင်တုန်းကလို အမှောင်တိုက်ထဲမှာ မဟုတ်တော့ဘူးကွ၊ အလင်းရောင်တွေသန်းလာပြီ၊ ငါတို့တစ်တွေရဲ့ဘဝတွေကို တိုးတက်အောင်ကြိုးစားကြရမယ်၊ ဒါမှ ငါတို့သားသမီးတွေရဲ့ ဘဝတွေလဲ တိုးတက်လာမှာကွ။ ငါတို့ရွာကလေးကနေ ဆရာဝန်တွေထွက်မလာဘူးလို့ ဘယ်သူမှမပြောနိုင်ဘူးကွ…"

ဖိုးနီ၏ စကားကြောင့် ကံလှသည် ခွန်အားသစ်များဝင်လာပြီး လှေကို ကျုံး၍၊ ကျုံး၍လှော်လေရာ လှေကလေးသည် တရိပ်ရိပ်ပြေးလျက်ရှိ၏။

ဟိုး ခပ်ဝေးဝေးရှိ ဝါးခယ်မမြို့ကို ဖြတ်ကူးထားသော ကြိုးတံတားကြီးက သူတို့ကို ဣန္ဒြေကြီးနှင့်လှမ်း၍ ကြည့်လျက်ရှိသည်။

တက်သစ်စနေဝန်းသည် ကြိုးတံတားကြီးပေါ်မှာ မေးတင်ကာ ပြာလဲ့သော မြစ်ပြင်ကြီးကို ရွှေရောင်ပက်ဖျန်းပေးလျက်ရှိသည်။

ဖိုးနီတို့ရွာကလေးထိပ်ရှိ "အလင်းရောင်" အမည်ရှိ စာကြည့်တိုက်ကလေးကို လှမ်း၍ မြင်နေရပြီမို့ ရွာနှင့် မဝေးတော့ပါ။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ဧက ၂၉၂၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကျောက်မြောင်း အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ဧက ၂၉၂၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၃၆၅၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၂၉၂၀ ထိရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူး ၁၃၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်း မြို့နယ်ခွဲမှာ ဖူးစားပြောင်း ၃၆၅၈ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းစိုက်ခင်းတွေ လက်ရှိမှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၂၉၂၀ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၂၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ဒေသထွက်မတ်ပဲတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု အားကောင်းနေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ဝယ်ယူမှု အားကောင်းလာတာကြောင့် ရန်ကုန်ဈေးကွက်မှာလဲ



အရောင်းအဝယ် ကောင်းလာတာဖြစ်ပါတယ်" ဟု ဝါးခယ်မမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ မတ်ပဲများ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကလောမြို့နယ် ဆင်လယ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ကလော အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်လားကျေးရွာအုပ်စု ဆင်လယ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ပေးခဲ့ကြသည်။

အဆိုပါကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သော်ဇင်ထူး

## ပန်းတိုင်ရောက်ဖို့

- ဝမ်းစာဖွေ ရိုးသားမနွေး
  ဘဝရေး ကောင်းမွန်စေ၊
  နေ့စဉ်သာ ကြိုးစားလျက်
  ဆောင်ရွက်မိတ်ဆွေ၊
  ရလဒ်ကောင်း ရာကြဲဖွေ
  တိုးတက်ဝေ အောင်မြင်ဖို့၊
  အလုပ်ကို အကြွေးမထား
  နိုးကြားလုပ်စို့။

- ပျင်းရိလျှင် ဆင်းရဲရ
  ဘဝမလှ နောက်ကျကျန်၊
  နောင်တတွေ ရင်မှာပိုက်
  လမ်းမိုက်ရောက်ပြန်၊
  ဆင်ခြင်လျက် အသိဉာဏ်
  အလုပ်မှန် နေ့စဉ်ပြု၊
  ကိုယ်ကျိုးရှောင် ရိုးသားထုံးကို
  နှလုံးမူရှု။

- ကံဆိုတာ အလုပ်ပဲ
  နေ့စဉ်ဖွဲ ရှိလျက်သာ၊
  ပန်းတိုင်ဆီ အားမလျှော့
  ခေါင်းမော့လျှောက်ပါ၊
  ဘဝလှ စေဖို့ရာ
  သင့်စိတ်မှာ အလုပ်မရွေး၊
  ဝမ်းစာဖွေ သမ္မာအာဇီဝနဲ့
  ပြုကြစို့လေး။ ။

မောင်မျိုးချစ်(အညာမြေ)

# ကဝမြို့နယ် သရက်ပင်ဆိပ်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကဝ အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သရက်ပင်ဆိပ်ကျေးရွာ၌ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၁ ဒသမ ၇၅ သိန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သရက်ပင်ဆိပ်ကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၆၀ ကို ငွေကျပ် ၃၁ ဒသမ ၇၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်ထံမှ သိရသည်။

သုတ

# လယ်ယာကဏ္ဍဖွံ့ဖြိုးဖို့ ဘက်စုံပေါင်းစပ်ဆောင်ရွက်စို့

မူမူ(မလှိုင်)

မြန်မာနိုင်ငံသည် နိုင်ငံစီးပွားရေးကဏ္ဍကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများပေါ်တွင် အခြေခံထားသောနိုင်ငံဖြစ်သည်။ မိမိနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှု မွေးမြူရေးနှင့် သီးနှံသစ်တောရောနှော စိုက်ပျိုးမွေးမြူရေး တစ်နည်းအားဖြင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးများတွင် လက်တွေ့ကျကျ စနစ်ကျစွာ ဆောင်ရွက်ကြခြင်းဖြင့် အရေအတွက် တိုးတက်လာနိုင်ပြီး အရည်အသွေးကောင်း ထုတ်ကုန်များရရှိလာစေရန် အားထုတ်ဆောင်ရွက်သင့်သည်။

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍမှထွက်ရှိသော ဆန်စပါး၊ သစ်သီးဝလံဖြစ်သော သရက်၊ ထောပတ်၊ ဒူးရင်း၊ ပိန္နဲ၊ မာလာကာ၊ ဩဇာသီး၊ ဥယျာဉ်ခြံသီးနှံဖြစ်သော မုန်ညင်း၊ မုန်လာ၊ ကညွတ်၊ ဂေါ်ဖီ၊ နံနံ၊ စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ရော်ဘာ၊ ဆီအုန်း၊ ကြံ၊ ဝါ၊ ဆီထွက်သီးနှံဖြစ်သော ပဲပုပ်၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီမုန်ညင်း၊ ဟင်းခတ်အမွှေးအကြိုင်ဖြစ်သော ငရုတ်ကောင်း၊ ကရဝေး၊ သစ်ကြံပိုး၊ လေးညင်း၊ ဖာလာစေ့၊ ပရဆေးပင်များဖြစ်သော ကွမ်းရွက်၊ နာနတ်ပွင့်၊ ဇာတိပ္ဖိုလ်၊ နံနွင်း၊ မိတ်သလင်၊ ဆေးဖက်ဝင်သော သစ်ခွနှင့်မှိုမျိုးစုံ၊ စားဖိုဆောင်သီးနှံဖြစ်သော ချင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ် စသော စိုက်ပျိုးသီးနှံများသည် လူတို့၏နေ့စဉ်ဘဝ ပတ်ဝန်းကျင်မှာ ဆက်နွှယ်ပါဝင် ဈေးကွက်ဝင်နေကြသည်။

ထိုသို့သော စိုက်ပျိုးရေးထွက် ပစ္စည်းအမျိုးစုံသည် အနည်းငယ်မှသည် ပမာဏအတိုင်းအတာတစ်ခုထိ နေ့စဉ်လုပ်ငန်းခွင်များတွင် အမြဲမပြတ်ပါဝင်လျက်ရှိသည်။ ထိုမှတစ်ဆင့် မိမိအိမ်၊ ရပ်ကွက် မြို့နယ်မှသည် တစ်နိုင်ငံလုံးအတိုင်းအတာထိ ဖူဖူလုံလုံပြည့်ပြည့်ဝဝနှင့် ဈေးနှုန်းကို သင့်တင့်မျှတစွာဖြင့် ဝယ်ယူသုံးစွဲခွင့်ရရန်လည်း ဆောင်ရွက်သင့်သည်။

စီးပွားရေး ဈေးကွက်အခြေအနေတစ်ခုသည် စားသုံးသူ၊ ကုန်ပစ္စည်းထုတ်လုပ်မှုပမာဏနှင့် ဝယ်လိုအား ချိန်ခွင်လျှာပေါ်တွင် များစွာတည်မှီနေကြောင်း လူတိုင်းသိပြီးဖြစ်သည်။ ဝယ်လိုအားရှိပြီး ကုန်ပစ္စည်း၏ အရည်အသွေးခိုင်မာနေပါက စားသုံးသူမှ နှစ်ခြိုက်စွာဝယ်ယူသုံးစွဲမည်။ ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေရန် သီးနှံထွက်ကုန် ပစ္စည်းများကို အမျိုးအမည်အလိုက် အရေအတွက်သာမက အရည်အသွေး မြင့်မားလာစေရန်လည်း စွမ်းဆောင်ရန်လိုအပ်သည်။

လယ်ယာထွက် သီးနှံမျိုးစုံကို စတင်စိုက်ပျိုးသည်မှအစ မျိုး၊ မြေ၊ ရေ၊ နည်း ဆိုသည့်အတိုင်း မိမိစိုက်ပျိုးမည့် သီးနှံနှင့် သက်ဆိုင်ဆက်နွှယ်သမျှ မျိုးစေ့ အရည်အသွေး၊ မြေဆီလွှာအခြေအနေ၊ စိုက်ပျိုးရေ ရရှိနိုင်သောအရင်းအမြစ်၊ မျိုးမြေရေတို့ကို ပေါင်းစပ်ပြီး စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန် တည်ရှိနေသော ပတ်ဝန်းကျင်အခြေအနေပေါ်လိုက်လျောညီစွာ နည်းပညာမှန်သမျှနှင့်ပေါင်းစပ်ဆောင်ရွက်တတ်ရမည်ဖြစ်သည်။ ယခုအခါတွင် ကောင်းမွန်သော စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများနှင့် တောင်သူများဝင်ငွေ တိုးတက်စေရေးအတွက် ပံ့ပိုးကူညီမှုများလည်းရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံသည် လယ်ယာလုပ်ငန်းများတွင် စိုက်ပျိုးရေးတစ်ခုတည်းကိုသာ အခြေပြုနေခြင်းမှ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ပေါင်းစပ်ဆောင်ရွက်ကြခြင်းဖြင့် ပိုမိုအကျိုးရှိစေကြောင်းကိုလည်း လေ့လာဆောင်ရွက်သင့်သည်။ မိမိနိုင်ငံ၏ အဓိကအခြေခံကျသော စားဝတ်နေမှုဖူလုံရေးတွင် စိုက်ပျိုးမွေးမြူရေး သက်မွေးလုပ်ငန်းသည် အရေးပါဆုံးဖြစ်သည်။ ဤလုပ်ငန်းများကို တစိုက်မတ်မတ်အားစိုက်ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံ၏ လူမှုစီးပွားဘဝများ အခြေခံမှအစဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး တိုင်းပြည်တိုးတက်ရေးကို လက်တွေ့ကျကျ အကျိုးပြုဆောင်ရွက်နိုင်ခြင်းဖြစ်မည်။ ထိုအခြေခံများမှစတင်ကာ ပြည်သူပြည်သားတို့၏ ပြည်တွင်းစားသုံးမှု ဖူလုံစေရေးကို အဓိက ဦးတည်ဆောင်ရွက်



လာနိုင်မည်။ ပိုလျှံလာမည့် လယ်ယာထွက်ကုန်များကို ပြည်ပသို့ တင်ပို့မှုမှ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ တိုးတက်ဖြည့်ဆည်းပေးနိုင်ရန်လည်း ရည်မှန်းနိုင်သည်။ ဤသို့ဆောင်ရွက်ခြင်းများနှင့်အတူ မြို့ပြနှင့် ကျေးလက်ဒေသကွာဟမှုများကိုလျှော့နည်းစေပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူဖြစ်စေရန်လည်း ရည်ရွယ်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၅၁ သန်းကျော်တွင် မြို့ပြနေလူဦးရေ ၃၀ ရာခိုင်နှုန်းသာရှိပြီး ကျေးလက်နေလူဦးရေ ၇၀ ရာခိုင်နှုန်းရှိသည်။ မြို့ပြနေ လူဦးရေများတွင်လည်း လယ်ယာထွက်ကုန်ပစ္စည်း၊ လယ်ယာလုပ်ငန်းနှင့်ဆက်နွှယ်သော လုပ်ငန်းဆောင်ရွက်ကြသူမှာ ၅၀ ရာခိုင်နှုန်းကျော်ရှိသည်။ ထို့ကြောင့် လယ်ယာထုတ်ကုန်လုပ်ငန်းများကို အကောင်အထည်ဖော်ခြင်းသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံ၍ အခြားကဏ္ဍများအားလုံးကို တစ်ပြေးညီ တိုးတက်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

နိုင်ငံတော်အတွင်း တည်ရှိနေသောစိုက်ပျိုးမြေများမပျက်စီးရေး၊ ရေရှည်စိုက်ပျိုး ထုတ်လုပ်နိုင်စွမ်းအားတည်တံ့နေစေရေး၊ စိုက်ပျိုးမြေ သယံဇာတများကို စနစ်တကျ ဖော်ထုတ်အသုံးချခြင်း၊ စိုက်ပျိုးရေး၏ အခြေခံလိုအပ်ချက်တစ်ခုဖြစ်သော စိုက်ပျိုးရေ သယံဇာတဖော်ထုတ် အသုံးချခြင်းတို့ကို ပူးတွဲစဉ်းစားဖော်ဆောင်သင့်သည်။ လယ်ယာလုပ်ငန်းခွင်တွင် မွေးမြူရေးနှင့် တွဲဖက်ဆောင်ရွက်ခြင်းဖြင့် လယ်ယာထွက် တချို့ပစ္စည်း သီးနှံအကြွင်းကျန်များကို တိရစ္ဆာန်အစာအဖြစ်အသုံးပြုနိုင်သလို မွေးမြူရေးမှထွက်ရှိသော အညစ်အကြေးများကိုလည်း မြေဆွေးပြုလုပ်၍ စိုက်ခင်းတွင် ပြန်လည်အသုံးချနိုင်သည်။ စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် လိုအပ်သည့် ကုန်စည်သယ်ဆောင်မှုများတွင်လည်း မွေးမြူရေး တိရစ္ဆာန်များကို အလွယ်တကူ အသုံးချနိုင်သည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး၏ လုပ်ငန်းတစ်ခုနှင့်တစ်ခု အကျိုးပြုစွမ်းဆောင်ရည်ကိုလည်း စဉ်းစားတွဲဖက် ဆောင်ရွက်နိုင်သည်။ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေး ကဏ္ဍမှသည် မိမိ၏မိသားစု စားဝတ်နေရေးဖူလုံကြွယ်ဝစေပြီး ပိုလျှံသည်ကို ရောင်းချခြင်းမျှဝေခြင်းမှ တစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းသို့ချဲ့ထွင် ဆောင်ရွက်နိုင်သည်။ ရရှိလာသောဝင်ငွေမှသည် စက်ကိရိယာ တိုးချဲ့ဝယ်ယူသုံးစွဲခြင်းဖြင့် မိမိ၏လယ်ယာ လုပ်ငန်းခွင်တွင် စက်စွမ်းအား တိုးမြှင့်ဆောင်ရွက်ခြင်း၊ လုပ်ငန်းလွယ်ကူ၍ အချိန်ကုန်သက်သာလာပြီး လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်သည်။ စက်စွမ်းအားကို မိမိလယ်ယာအတွက်သာမက အနီးအနား မိတ်ဆွေတောင်သူများထိ ဆောင်ရွက်မှုမှ ဝန်ဆောင်ခရရှိလာပြီး လုပ်ငန်းသစ်တစ်ခုအဖြစ် တိုးချဲ့နိုင်သည်။

ထို့ပြင် စိုက်ပျိုးမွေးမြူမှုနည်းပညာများကို လေ့လာ၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တတ်ခြင်းဖြင့် ခေတ်မီစိုက်ပျိုးမွေးမြူသူအဖြစ် ရပ်တည်ကာ အနာဂတ်မျှော်မှန်းချက် ခိုင်မာသော လုပ်ငန်းရှင်တစ်ဦးဘဝကို ရယူပိုင်ဆိုင်နိုင်သည်။ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးမှ အစပျိုးကာ ရပ်ကွက်တစ်ခု၊ ကျေးရွာတစ်ရွာထိ တိုးတက်လာအောင် စုပေါင်းဆောင်ရွက်ကြရာတွင် စီမံချက်၊ ရည်ရွယ်ချက် အခြေခံကောင်းလည်းလိုအပ်သည်။ မိမိဒေသအတွင်း တည်ရှိနယ်မြေ၊ ရေအရင်းအမြစ်နှင့် အနီးအဝေး သဘာဝများအပေါ်အခြေခံကာ ရာသီအလိုက် သီးနှံစိုက်ပျိုးမှု၊ သီးထပ်သီးညှပ်စိုက်ပျိုးမှု၊ ကျေးရွာအတွင်းမွေးမြူရေးကုန်ထုတ်လုပ်သူနှင့် ချိတ်ဆက်ဆောင်ရွက်တတ်မှုတို့သည်လည်း လယ်ယာထုတ်ကုန်လုပ်ငန်းအတွက် အရေးကြီးသော အချက်တစ်ခုဖြစ်သည်။

မိမိကျေးရွာအတွင်းမှာပင် စီမံချက်ကောင်းကောင်းနှင့် ပိုင်းခြားချိတ်ဆက် ဆောင်ရွက်နိုင်ပါလျှင် ကျေးရွာတစ်ခုထဲအတွင်းမှာပင် သီးနှံစုံရရှိနိုင်ခြင်း၊ သားငါးမွေးမြူရေးထွက် အသား၊ နို့၊ ဥအစုံရရှိစေနိုင်ခြင်း စသောအကျိုးကိုခံစားနိုင်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးတွင် တစ်ခါတစ်ရံ ကျရောက်လာတတ်သည့် ပိုးမွှားရောဂါကူးဆက်မှု ဟန့်တားရေးမှအစ ခြုံငုံကာကွယ် ဟန့်တားခြင်းကို စနစ်ရှိရှိအကွက်ကျကျ ဆောင်ရွက်ပေးနိုင်၍ ထိခိုက်ပျက်စီးဆုံးရှုံးမှုသက်သာစေနိုင်သည်။ ကျေးရွာအတွင်းမှာပင် ဆောင်ရွက်ခြင်းဖြင့် စရိတ်ကြီးမြင့်မှုကို လျှော့ချနိုင်သည်။ မိမိဒေသအတွင်းမှာပင် စီမံဆောင်ရွက်တတ်မှုကြောင့် ကုန်ပစ္စည်းပြတ်လပ်ခြင်း၊ ကုန်ပစ္စည်းစုပုံပျက်စီးခြင်းဘေးမှကင်းဝေးကာ အချိန်ရာသီအလိုက် လိုအပ်ချက်ပမာဏကို အချိုးညီညီ ဖြည့်ဆည်းမှုပြုနိုင်သဖြင့် ဈေးကွက်တည်ငြိမ်မှု ဈေးနှုန်းတည်ငြိမ်မှု စသောကုန်ဈေးနှုန်းအပြောင်းအလဲများမှုကို ထိန်းသိမ်းဆောင်ရွက်နိုင်မည်။

လူမှုစီးပွားဘဝ တည်ငြိမ်မှုကို အခြေခံကာ အဖွဲ့အစည်းအလိုက်စုဖွဲ့၍ သီးနှံတင်ပို့မှု၊ ကုန်သွယ်မှုကဏ္ဍများကို ကုန်ကျစရိတ်နည်းနည်းနှင့် ဆောင်ရွက်နိုင်မည်ဟုမျှော်လင့်ရသည်။ မိမိနိုင်ငံအတွင်း ဒေသအလိုက် သီးနှံထွက်ရှိမှုကွဲပြားကြသဖြင့် ဥပမာ တောင်ပေါ်ဒေသမှ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ အညာဒေသမှ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ငရုတ်၊ ကြက်သွန်၊ နှင့် ကမ်းခြေဒေသမှ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ စသဖြင့် အဓိကထွက် ကုန်ထုတ်လုပ်ငန်းများအရ အချင်းချင်းချိတ်ဆက် ဆောင်ရွက်ကြခြင်းဖြင့်စားရေရိက္ခာဖူလုံစေနိုင်သည်။

ပြောင်းလဲလာသော ရာသီဥတု သဘာဝပတ်ဝန်းကျင်အခြေအနေများအရလည်း စိုက်ပျိုးရေး၊ မွေးမြူရေး ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရမှု အခြေအနေလိုအပ်ချက်များ ကွဲပြားလာကြသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် သီးနှံအလိုက် အခြေခံခိုင်မာသော မျိုးကောင်းမျိုးသန့် လိုအပ်ချက်၊ လူဦးရေတိုးပွားလာမှုနှင့်အတူ မြို့ပြကျေးရွာများတိုးချဲ့လာ၍ စိုက်ပျိုးမြေဧကများ လျော့နည်းပျောက်ဆုံးလာသည့်အပြင် စိုက်ပျိုးနေသည့်မြေဆီလွှာများတွင် ဂရုတစိုက် မြေဆီလွှာထိန်းသိမ်းခြင်း မြေဆီလွှာကျန်းမာရေး အလေးဂရုပြုဆောင်ရွက်ခြင်းများ နည်းပါးမှု၊ မြေပြို၊ တောင်ပြိုဖြစ်စဉ်များပြားလာ၍ စိုက်ခင်းများဆုံးရှုံးမှုနှင့် ရေလွှမ်းမိုးခြင်းကြောင့် စိုက်ပျိုးပြီး လယ်ယာများဆုံးရှုံးမှု၊ ရေလိုအပ်ချက်အတွက် ရေသွင်းစိုက်ပျိုးနိုင်မှု ဧကများလျော့ပါးလာခြင်း ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ အပူပြင်းကာလတာရှည်၍ ရေခန်းခြောက်မှုများလာခြင်း၊ အစရှိသဖြင့် ဘေးဒုက္ခမျိုးစုံသည် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို အကြီးအကျယ် ဆုံးရှုံးမှုမြင့်မားစေသည်။

သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ အကြောင်းမျိုးစုံသော ပဋိပက္ခများကြောင့်လည်းကောင်း အရင်းအနှီးပြုရန် ခက်ခဲခြင်း၊ အခြေခိုင်ခိုင်ရပ်တည်မှုခက်ခဲခြင်းတို့ကြောင့် တစ်နိုင်တစ်ပိုင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို မဆောင်ရွက်နိုင်ကြပဲ လူမှုဒုက္ခပေါင်းစုံ တွေ့ကြုံနေကြရသည့်အခါ ဖွံ့ဖြိုးတိုးတက်ရန်အရေးမှာ အလှမ်းဝေးလျက်ရှိနေသည်။ အခက်အခဲများနေသော တောင်သူဘဝတွင် စိတ်တည်ငြိမ်မှုကင်းဝေးကာကျန်းမာရေး၊ လူမှုရေးအခက်အခဲများကြောင့် စိုက်ပျိုးမွေးမြူရေးပညာရှင်များ၏ နည်းပညာဖြန့်ဝေပေးမှု၊ တိုးချဲ့ပညာပေးလုပ်ငန်းဆောင်ရွက်မှု၊ ကုန်ထုတ်လုပ်ငန်းများတွင် ပူးတွဲပါဝင်ဆောင်ရွက်ခြင်းတို့မှာ ထိရောက်ရန် လိုအပ်ချက်များ ရှိနေကြသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးစနစ်တွင် အခြေခံကောင်းများရှိခဲ့ပြီး ရှေ့ဆက်တိုးချဲ့ ဆောင်ရွက်နိုင်သော ရေမြေဒေသ အခြေအနေများလည်း များစွာတည်ရှိနေသည်။ စီမံချက်၊ ရည်ရွယ်ချက်များ ခိုင်မာစွာ ချမှတ်ဆောင်ရွက်ကြခြင်းနှင့် စိတ်တူညီမျှ ပါဝင်လုပ်ကိုင်ကြခြင်းဖြင့် ရေရှည်တွင် ကိုယ်တိုင်မွေးမြူ စိုက်ပျိုးထုတ်လုပ်မှုမှသည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံပြည့်ဝနိုင်ပြီး ကြီးမားသော ပြည်ပဈေးကွက်ကြီးများသို့ တိုးချဲ့ထိုးဖောက်ဝင်ရောက်နိုင်ရန် ခြေလှမ်းပြင်ထားသင့်ပြီဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# အယ်လ်နီညိုနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်



















## ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဧက ၄၅၃၀ စိုက်ပျိုးမည်



ယခင်နှစ်က ထောပတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

ရွှေဘို အောက်တိုဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဧက ၄၅၃၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၁၄၁ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၁၁ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၂၂၆၀၊ ကျောက်မြောင်း မြို့နယ်ခွဲတွင် ၁၀၁၄ ဧက စုစုပေါင်း ဧက ၄၅၃၀ တို့ဖြစ်ကြောင်း၊ အဆိုပါ ထောပတ်ပဲစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလစတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ ဆောင်းသီးနှံ စိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ထောပတ်ပဲ ဧက ၄၅၃၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးသွားပါမယ်။ ထောပတ်ပဲ စိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းတဲ့ အနေအထားမှာရှိပါတယ်။ ထောပတ်ပဲဟာ ဈေးကောင်းရရှိတဲ့အတွက်ကြောင့် အားထားစိုက်ပျိုးကြတာ ဖြစ်ပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကွက်ဆန်းခုံး၏ သဘာဝနှင့် အသုံးဝင်ပုံ

**နှင်းအိ(ရာမညမြေ)**

ကွက်ဆန်းခုံးကို အင်္ဂလိပ်လို Calico Clam ဟု ခေါ်ဆိုကြပြီး ဒေသအခေါ် "ပြောက်ကျားခုံး"ဟု ခေါ်သည်။ ကွက်ဆန်းခုံး၏ အခွံပေါ်တွင် အညိုရောင်နှင့် အဝါရောင်အကွက်များသည် စစ်တုရင်ခုံကဲ့သို့ အကွက်များပါရှိတတ်သည်။ ကွက်ဆန်းခုံးကို သိပ္ပံအမည် Megapitaria maculata သို့မဟုတ် Macrocallista maculata ဟု ခေါ်ဆိုသည်။

**အလေ့အထ**

ကွက်ဆန်းခုံးသည် အကွက်အပြောက်ပါ ဖွင့်နိုင်ပိတ်နိုင်သော အခွံမာနှစ်ခုရှိသည်။ ၎င်းတို့၏ နေထိုင်ရာပတ်ဝန်းကျင်သည် ကမ်းလွန်ပင်လယ်ပြင်များ၏ သဲမြေ သို့မဟုတ် ကြမ်းတမ်းသောသဲနုန်းမြေများအောက်တွင် နေထိုင်ကြသည့်အပြင် ပင်လယ်ရေအနက် ၃၆ ပေ မှ ၇၂ ပေ ကြားတွင်လည်း တွေ့ရတတ်ပြီး အချို့မှာ ပင်လယ်ရေအနက် ပေ ၁၈၀ ထိ နက်သောနေရာများတွင် တွေ့နိုင်သည်။ အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်မှသည် ဖလော်ရီဒါပြည်နယ် ပင်လယ်ကွေ့ဒေသ၊ ကာရစ်ဘီယန်ပင်လယ်၊ ဘရာဇီးနိုင်ငံကမ်းရိုးတန်းနှင့် အတ္တလန္တိတ်သမုဒ္ဒရာ ကမ်းခြေတစ်လျှောက်တွင် ကျယ်ပြန့်စွာနေထိုင်ကြသည်။

**အစာရှာဖွေပုံ**

ကွက်ဆန်းခုံးတို့သည် ရေထဲတွင် မျောပါနေသော အမှုန်အမွှားများကို စစ်ထုတ်စားသုံးသည့် Filter Feeders သတ္တဝါများဖြစ်ကြသည်။ သဲထဲတွင် နေထိုင်ရင်း ၎င်းတို့၏ ရေစုပ်ပြွန်ကို သဲသောင်မျက်နှာပေါ်သို့ အနည်းငယ်ထုတ်ထားပြီး ၎င်းပြွန်မှတစ်ဆင့် ပင်လယ်ရေများကို ကိုယ်ထဲသို့ စုပ်ယူပြီး ရေထဲတွင် ပါလာသောအပင်မျောများနှင့် အဏုဇီဝပိုးမွှားများကို စစ်ထုတ်စားသုံးကာ အောက်ဆီဂျင်ကို ပါရှုရှိုက်ကြသည်။

**ရွှေ့လျားမှုနှင့် မိမိကိုယ်ကိုကာကွယ်ခြင်း**

အရွယ်ရောက်လာသော ကွက်ဆန်းခုံးများသည် တစ်နေရာတည်းတွင် အတည်တကျနေထိုင်လေ့ရှိသည်။ ၎င်းတို့တွင် ခြေထောက်အဖြစ် အသုံးပြုနိုင်သည့် သန်မာသော ကြွက်သားတစ်ခုပါပြီး ၎င်းကိုအသုံးပြု၍ သဲထဲသို့ လျင်မြန်စွာတိုးဝင်နေထိုင်ကြသည်။ ရန်သူ သို့မဟုတ် အန္တရာယ်နှင့်ကြုံတွေ့ရပါက ခိုင်မာသောအခွံနှစ်ခုကို တင်းကျပ်စွာပိတ်ထားခြင်းဖြင့် မိမိကိုယ်ကို ကာကွယ်ကြသည်။

**မျိုးပွားခြင်း အလေ့အထ**

ကွက်ဆန်းခုံးတို့သည် မျိုးဥများကို ပင်လယ်ရေထဲသို့ တစ်ပြိုင်နက်တည်းထုတ်လွှတ်ပြီး ပြင်ပတွင် သန္ဓေအောင်ကာ မျိုးပွားစေသည့် သတ္တဝါများဖြစ်ကြသည်။ သန္ဓေအောင်ပြီးနောက် ထွက်လာသောသားလောင်းများသည် ရေထဲတွင် လွတ်လပ်စွာကူးခပ်သွားလာကြပြီး အခွံများ စတင်ကြီးထွားချိန်တွင် ပင်လယ်ရေအောက်ခြေသို့ ဆင်းသက်ကာ သဲထဲ၌ အခြေချနေထိုင်ကြသည်။

**ပုံသဏ္ဍာန်**

ကွက်ဆန်းခုံး၏ အခွံပုံသဏ္ဍာန်သည် ချောမွေ့ပြောင်လက်ပြီး ဘဲဥပုံ သို့မဟုတ် အနည်းငယ်ဝိုင်းသော ပုံသဏ္ဍာန်ရှိသည်။ အခွံပေါ်တွင် သဲသဲကွဲကွဲမဟုတ်သော်လည်း အညိုရောင်နှင့် အဝါရောင် အကွက်ကလေးများရှိသည်။

**အရွယ်အစား**

ကွက်ဆန်းခုံးသည် အရွယ်အစား အလျားအားဖြင့် နှစ်လက်မမှ သုံးလက်မခန့်ထိ ရှိတတ်သည်။

**စားသုံးနည်းများ**

ကွက်ဆန်းခုံးကို ချင်း၊ ကြက်သွန်ဖြူ၊ စပါးလင်နှင့် စပျစ်ဝိုင်ဖြူ သို့မဟုတ် ရေအနည်းငယ်ထည့်ကာ



၅ မိနစ်မှ ၁၀ မိနစ်ခန့် ပေါင်းခြင်းဖြင့် အခွံများပွင့်လာကာ အတွင်းရှိအသားများကို စားသုံးနိုင်သည်။

ထို့ပြင် ကွက်ဆန်းခုံးကို မီးကင်၍ အခွံပွင့်လာလျှင် ထောပတ်၊ ကြက်သွန်ဖြူဆီချက် သို့မဟုတ် ချိစ်တို့နှင့်ရော၍ စားသုံးနိုင်သည်။

ကွက်ဆန်းခုံးသားကို ပင်လယ်စာစွပ်ပြုတ်၊ အာလူးကမာဟင်းရည် သို့မဟုတ် ခေါက်ဆွဲဟင်းရည်များထဲတွင် ထည့်ချက်နိုင်ခြင်း၊ အီတလီစတိုင် ပင်လယ်စာခေါက်ဆွဲ သို့မဟုတ် ပင်လယ်စာထမင်းကြော်များတွင် အသားကိုထည့်ကြော်ခြင်းများ ပြုလုပ်စားသုံးနိုင်သည့်အပြင် လတ်ဆတ်သောကွက်ဆန်းခုံးများကိုအခွံခွာပြီးရေစိမ်ကာ သံပရာရည်၊ ငရုတ်သီးဆော့တို့ဖြင့် ဆမ်း၍လည်းကောင်း၊ ခုံးသားကို သံပရာရည်၊ ကြက်သွန်နီ၊ ခရမ်းချဉ်သီး၊ နံနံပင်၊ ငရုတ်သီးတို့နှင့်သုပ်၍လည်းကောင်း စားသုံးနိုင်သည်။

**ကျန်းမာရေးအတွက် အသုံးဝင်ပုံ**

ကွက်ဆန်းခုံးသည် အညိုရောင်နှင့် အဝါရောင် အကွက်ပါရှိသော ပင်လယ်ခရုကမာတစ်မျိုးဖြစ်ပြီး ၎င်းတွင် ပရိုတင်းဓာတ်ကြွယ်ဝခြင်း၊ ဗီတာမင် B12 နှင့် သံဓာတ်ကြွယ်ဝခြင်း၊ နှလုံးကျန်းမာရေးကောင်းမွန်စေခြင်း စသည့်ကျန်းမာရေးအကျိုးကျေးဇူးများရရှိနိုင်သည်။

**ပရိုတင်းဓာတ်ကြွယ်ဝခြင်း**

ကွက်ဆန်းခုံးသည် ခန္ဓာကိုယ်ကြွက်သားဖွံ့ဖြိုးမှုအတွက်လိုအပ်သော ပရိုတင်းနှင့် အမိုင်နိုအက်စစ်များကို ပေးစွမ်းနိုင်သည်။ ကွက်ဆန်းခုံးသည် အဆီနည်းပြီး စွမ်းအင်ပြည့်ဝသည်။

**ဗီတာမင် B12နှင့် သံဓာတ်ကြွယ်ဝခြင်း**

ကွက်ဆန်းခုံးတွင် သွေးအားနည်းရောဂါကို ကာကွယ်ပေးသည့်သံဓာတ်နှင့် ဦးနှောက်နှင့် အာရုံကြောစနစ်ကို ကောင်းမွန်စေသော ဗီတာမင် B12 Nutrivore ဓာတ်များ အမြောက်အမြား ပါဝင်သည်။

**နှလုံးကျန်းမာရေးကို ကောင်းမွန်စေခြင်း**

ကွက်ဆန်းခုံးများသည် သွေးဖိအားကို လျှော့ချပေးပြီး နှလုံးရောဂါဖြစ်နိုင်ခြေကို သက်သာစေသည့် Omega-3 Fatty Acids ဓာတ်များပါဝင်သည်။

**သတိပြုရန်အချက်များ**

ချက်ပြုတ်ပြီးနောက် အခွံပွင့်မလာသော ကွက်ဆန်းခုံးများကို လုံးဝ (လုံးဝ) မစားသင့်ပေ။ ပင်လယ်စာများကို သေချာစွာကျက်အောင် ချက်ပြုတ်ခြင်းက ပင်လယ်စာတွင်ပါတတ်သော ဘက်တီးရီးယားအန္တရာယ်မှ ကာကွယ်ပေးနိုင်သည်။

**လက်မှုထည်များအတွက် အသုံးဝင်ပုံ**

ကွက်ဆန်းခုံး၏အခွံသည် မာ၍ ပြောင်ချောပြီး လှပသောအကွက်များ ပါရှိခြင်းကြောင့် ပင်လယ်ကမ်းခြေအမှတ်တရပစ္စည်းများ၊ လက်ဝတ်ရတနာများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ ပြုလုပ်ရာတွင် အသုံးများသည်။ ထို့ပြင် ငါးမွေးကန်အလှဆင်ရာတွင် ရေကန်အတွင်း သဘာဝအတိုင်းလှပစေရန် သန့်ရှင်းသောသဲနှင့်အတူ ထည့်သွင်းလေ့ရှိသည်။

**ဂေဟစနစ်အကျိုးပြုပုံ**

ကွက်ဆန်းခုံးများသည် ပင်လယ်ရေအောက်ဂေဟစနစ်ကို ရေရှည်တည်တံ့စေရန်အတွက် အရေးပါသောကဏ္ဍမှ ကူညီထောက်ပံ့ပေးနေသည့် သက်ရှိတစ်မျိုးဖြစ်သည်။ ၎င်းတို့သည် ရေထုကို သန့်စင်ပေးခြင်း၊ အစားကွင်းဆက်ကို ထိန်းညှိပေးခြင်း၊ ရေအောက်သတ္တဝါငယ်လေးများအတွက် ခိုလှုံရာပေးခြင်း၊ ကာဗွန်နှင့် နိုက်ထရိုဂျင်ဓာတ်ကို ထိန်းညှိပေးခြင်းတို့သည် ပင်လယ်နှင့် ကမ်းရိုးတန်း ဂေဟစနစ်ကို အကျိုးပြုကြသည်။

**ရေထုကို သန့်စင်စေခြင်း**

ကွက်ဆန်းခုံးများသည် ရေထဲတွင်ရှိသော အဏုဇီဝပိုးမွှားများ၊ ရေမှော်များနှင့် အနည်အနှစ်များကို ဖမ်းယူစားသုံးကြသည်။ ထိုသို့ စားသုံးခြင်းဖြင့် ရေထုကိုသန့်စင်စေပြီး နေရောင်ခြည်ရေအောက်ထဲထိ ပိုမိုဖြာကျနိုင်စေသည်။ ရေအောက်ပင်လယ်မြက်ခင်းများနှင့် အခြားအပင်များ အလင်းမှီစုဖွဲ့ခြင်း ကောင်းမွန်စွာလုပ်ဆောင်နိုင်ရန် ကူညီပေးသည်။

**အစာကွင်းဆက်ကို ထိန်းညှိပေးခြင်း**

ကွက်ဆန်းခုံးတို့သည် ဂေဟစနစ်၏ အရေးပါသော အစာအရင်းအမြစ်တစ်ခုဖြစ်သည်။ ငါးကြီးများ၊ ကဏန်းများ၊ ပင်လယ်ငှက်များနှင့် အခြားသော အသားစားရေသတ္တဝါများအတွက် အာဟာရပြည့်ဝသော အစားအစာဖြစ်သည်။

**ရေအောက်သတ္တဝါများအတွက် ခိုလှုံရာဖြစ်ခြင်း**

ကွက်ဆန်းခုံးများ သေဆုံးသွားသည့်အခါ ကျန်ရစ်ခဲ့သော ၎င်းတို့၏မာကျောသည့် အခွံများသည် ရေအောက်သတ္တဝါငယ်လေးများ၊ ကဏန်းငယ်၊ ငါးအသေးလေးများနှင့် ရေမှော်ပင်များအတွက် ခိုလှုံရာနှင့် တွယ်ကပ်ရှင်သန်ရာနေရာဖြစ်သည်။

**ကာဗွန်နှင့် နိုက်ထရိုဂျင်ထိန်းညှိပေးခြင်း**

ကွက်ဆန်းခုံးတို့သည် ရေထဲရှိ နိုက်ထရိုဂျင်ဓာတ်ကို စုပ်ယူထိန်းညှိပေးခြင်းဖြင့် ရေထုအဆိပ်သင့်စေမည့် ရေမှော်ပင်များ အလွန်အကျွံပေါက်ဖွားခြင်းကို တားဆီးပေးသည်။ ကွက်ဆန်းခုံးများသည် ၎င်းတို့၏အခွံများတည်ဆောက်ရန် ကာဗွန်ကို အသုံးပြုခြင်းကြောင့် ပင်လယ်ရေအတွင်း ကာဗွန်ထိန်းညှိမှုကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီပေးသည်။

အချုပ်အားဖြင့် ကွက်ဆန်းခုံးသည် လူတို့၏ ကျန်းမာရေးအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုပြီး ဒေသခံတို့၏ အသက်မွေးဝမ်းကျောင်းတစ်ခုဖြစ်သော လက်မှုကုန်ပစ္စည်းပြုလုပ်ရာတွင် အသုံးဝင်သည့်ရေနေသတ္တဝါဖြစ်ကြောင်း လေ့လာဖော်ပြလိုက်ရပါသည်။

**ကိုးကား**


- မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၁)
- ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊ အမှတ်(၃)
- Fish Base of Myanmar
- Inland Fisheries of Myanmar



## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# အယ်လ်နီညိုဖြစ်စဉ်ကြောင့် နေ့အပူချိန်မြင့်တက်ခြင်းနှင့် ကျန်းမာရေးအန္တရာယ်

**ပေါက်ပေါက်**

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကို အခြေခံကာ ခန့်မှန်းသုံးသပ်ချက်များအရ ၂၀၂၄ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် အယ်လ်နီညိုဖြစ်စဉ် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု သိရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပါသည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပူချိန်မြင့်မားမှုများဖြစ်ပေါ်ကာ အပူလျှပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်းဖြစ်ပါနိုင်သည်။

**သတိပြုရမည့် နေ့အပူချိန်**

နေ့အပူချိန်မြင့်တက်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်မားခြင်း၊ လူ၏ခံနိုင်သော အပူချိန်ကိုကျော်လွန်သည့် အပူဒဏ်ခံစားရခြင်းတို့ကို ဖြစ်စေနိုင်သည်။ ထို့ပြင် အပူချိန်မြင့်တက်လာခြင်း၏ဆိုးကျိုးဖြစ်သော နွေရာသီကာလ အပူရှိန်မြင့်မားမှုဒဏ်၊ ရေရှားပါးမှုဒဏ်၊ မီးလောင်ကျွမ်းမှုဒဏ်၊ စိုက်ပျိုးသီးနှံများ ထိခိုက်ပျက်စီးမှုဒဏ်နှင့် ကျန်းမာရေးထိခိုက်မှုဒဏ်များကိုလည်း မြန်မာနိုင်ငံ၏ အချို့သောတိုင်းဒေသကြီးများတွင် ကြုံတွေ့ကြရသည်။

အကယ်၍ လူတစ်ဦးသည် နေ့အပူချိန် ၄၁ ဒီဂရီစင်တီဂရိတ်တွင် အပူဒဏ်ကို အချိန်ကြာကြာခံစားရပါက ဦးနှောက်ကလာပ်စည်းများကို ထိခိုက်ပျက်စီးစေနိုင်ပြီး အပူချိန် ၄၃ ဒီဂရီစင်တီဂရိတ်တွင် နေပူထဲ၌ အချိန်ကြာကြာနေရပါက အသက်သေဆုံးနိုင်သည်။

ထို့ကြောင့် ပြောင်းလဲလာသော ပြင်ပအပူချိန်နှင့် လူ့ခန္ဓာကိုယ်အတွင်း၌ အပူချိန်တို့ မျှခြေဖြစ်စေရန်အတွက် ပူပြင်းသောရာသီတွင် ရေများများ သောက်ပေးသင့်သည်။ ထို့ပြင် ခန္ဓာကိုယ်တွင်း အပူငြိမ်း၍ အေးမြစေသော အစားအသောက်များ ဖြစ်ကြသည့် နွားနို့၊ ဒိန်ချဉ်၊ အုန်းစိမ်းရည်၊ ထန်းရည်ချို၊ ဖရဲသီး၊ သခွားမွှေးသီး၊ သံပရာသီး၊ ဘူးသီး၊ မန်ကျည်းသီး၊ ရှောက်သီး၊ ဂေါ်ရခါးသီး၊ မုန်လာဥအဖြူ စသည်တို့ကို စားပေးသင့်သည်။

**နေ့အပူချိန်မြင့်တက်ခြင်းကို ကာကွယ်ခြင်း**

ခရမ်းလွန်ရောင်ခြည်ဆိုသည်မှာ နေမှထုတ်လွှတ်လိုက်သော ရောင်ခြည်ထဲတွင် ရောနှောပါလာသည့် စွမ်းအားမြင့် လျှပ်စစ်သံလိုက်လှိုင်းများကို ခေါ်ဆိုခြင်းဖြစ်သည်။ အိုဇုန်းလွှာယိုယွင်းပါးလွှာမှုကြောင့် ကမ္ဘာတစ်လွှား တစ်နှစ်ထက်တစ်နှစ် သိသိသာသာ အပူဓာတ်ကဲလျက်ရှိသည်။ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းတိုင်းထွာချက်များအရ အဆင့် သုညမှ ၁၁ ထိရှိပြီး အပူချိန် သုညမှ သုံးထိကို အနိမ့်ဆုံးအဆင့်၊ အပူချိန် လေးမှရှစ်ထိကို အလယ်အလတ်အဆင့်နှင့် အပူချိန် ရှစ်မှ ၁၁ ထိကို အမြင့်ဆုံးအဆင့်ဟု သတ်မှတ်ထားသည်။ အထူးသဖြင့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ခြည်အောက် သွားလာလှုပ်ရှားခြင်းကို သတိပြုသင့်သည်။

အထူးသဖြင့် ခြောက်နှစ်အောက် ကလေးငယ်များ၊ အသက် ၆၀ ကျော် သက်ကြီးရွယ်အိုများနှင့် မွေးရာပါ အသားဖြူသူများက နေရောင်ခြည်ကို အာရုံခံစားလွယ်ကြသည်။ နေလောင်ဒဏ်ခံထားရသောအရေပြားကို ကိုင်တွယ်ကြည့်ပါက နာကျင်နေတတ်သည်။ ထိုအသေးစားနေလောင်ခြင်းကို ကုသရန်လွယ်ကူသော်လည်း အရေပြားနီမြန်းနာကျင်ရုံသာမက ရောင်ရမ်းပြီး အရည်ကြည်ဖုများပေါက်လာပါက အတွင်းပိုင်း အရေပြားအလွှာနှင့် အာရုံကြောများကိုပါ ထိခိုက်၍ အန္တရာယ်ရှိသည်။ ထို့ကြောင့် နေ့အပူချိန်မြင့်တက်ခြင်းမှ ကာကွယ်ရန်အတွက် အောက်ပါရှောင်ရန်၊ ဆောင်ရန် နည်းလမ်းကောင်းများကို ဖော်ပြလိုက်ပါသည်။

မွေးကင်းစကလေးငယ်များတွင် ဖြစ်တတ်သော အသည်းရောင်အသားဝါရောဂါ၊ ခရုသင်းရောဂါ အစရှိသော အရေပြားရောဂါများကို ခရမ်းလွန်ရောင်ခြည်ကုထုံးဖြင့်ကုသရသော်လည်း ရင်သွေးငယ် မျက်စိမထိခိုက်အောင် အရောင်ရင့်ရင့် မျက်စိအကာအကွယ်ယူရလေ့ရှိသည်။ အလားတူပင် နုနယ်သော ရင်ခွင်ပိုက်ကလေးများကို နေပူထဲထွက်ခါနီးတွင် မျက်စိပါမကျန် သတိထား၍ ဖုံးအုပ်ပေးရန်လိုသည်။

ခရမ်းလွန်ရောင်ခြည်ထိတွေ့မှု အနိမ့်ဆုံးအဆင့်မှာ အရေပြားလောင်၍ အသားအရေ မွဲခြောက်ခြင်းဖြစ်ပြီး မှဲ့ခြောက်များဖြစ်ခြင်း၊ မျက်စိကျိန်းစပ်ခြင်းဖြစ်စေသည်။ အမြင့်ဆုံးအဆင့်တွင် အရေပြားအိုမင်းရင့်ရော်၍ အရေးကြောင်းထင်ခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း၊ သားသမီးမရနိုင်ခြင်း၊ မျက်စိတိမ်စွဲခြင်း၊ ခုခံအားကျဆင်းခြင်း အစရှိသည့် ရောဂါဝေဒနာများကို ခံစားရနိုင်သည်။ Heat Stroke ခေါ် အပူကြောင့်လေဖြတ်ခြင်း၊ အပူပန်းဖျား ဖျားနာခြင်းနှင့် သွေးတိုးခြင်း၊ သွေးပေါင်ကျဆင်းခြင်း၊ နှာခေါင်းသွေးလျှံခြင်းတို့လည်း ဖြစ်စေနိုင်သည်။

ပူပြင်းသော နေရောင်ခြည်အောက်မဖြစ်မနေ သွားလာရမည်ဆိုလျှင် နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့အောင် မျက်နှာ၊ လည်ပင်း၊ ပခုံး စသည်တို့ကိုပါ အပူဒဏ်ကာကွယ်ပေးနိုင်မည့် ဦးထုပ်နှင့် UV ပါသောထီးများကို ဆောင်းခြင်း၊ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သည့် အရောင်ရင့်ရင့်ထူထဲသော အဝတ်အထည်များ ဝတ်ဆင်ခြင်းများ ဆောင်ရွက်သင့်သည်။

မျက်လုံးတစ်ဝိုက် ၉၉ ရာခိုင်နှုန်း လုံခြုံစွာဖုံးအုပ်နိုင်သော နေကာမျက်မှန်တပ်ဆင်ခြင်း၊ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံး စသည့်နေရာများကို SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးများ နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့်ကြိုတင်လိမ်းခြင်း၊ နေရောင်ခံလိမ်းဆေးတစ်ခါလိမ်းပြီးနောက် နှစ်နာရီကြာပြီးတိုင်း နောက်တစ်ကြိမ် ထပ်လိမ်းခြင်း၊ UV ကာကွယ်ကရင်မ်တို့သည် သစ်မြစ်သစ်ဥဖြင့် လုပ်ထားသော်လည်း ဘေးထွက်ဆိုးကျိုးဖြစ်စေနိုင်၍ မိမိနှင့်လိုက်ဖက်သော ကရင်မ်ကိုသာ ရွေးချယ်သုံးခြင်း၊ SPF ပမာဏမြင့်လေ ဓာတုပစ္စည်း ပါဝင်မှုများလေဖြစ်သောကြောင့် အဆိပ်ဓာတ်ပြေစေသော ရှားစောင်းလက်ပပ်မှ ထုတ်လုပ်သည့်ကရင်မ်ကို ဦးစားပေးရွေးချယ်ခြင်းများ ပြုလုပ်သင့်သည်။

အသက်တစ်နှစ်အောက် ငယ်ရွယ်သောကလေးများကို နေပူထဲသို့ခေါ်ဆောင်ခြင်းမပြုပါနှင့်။ ကလေးငယ်များကို အရိပ်ထဲတွင်သာ ကစားစေရန်ဖြစ်သည်။




ဦးရေပြားနေလောင်ခြင်းမှ ကာကွယ်ရန်အတွက် SPF ပါသော ခေါင်းလျှော်ရည်ဖြင့် ခေါင်းလျှော်ခြင်း SPF ပါသော ခေါင်းလိမ်းဆီများ လိမ်းခြင်း၊ ထီး သို့မဟုတ် ဦးထုပ်ဆောင်း၍ အပြင်ထွက်ခြင်းများ ပြုလုပ်သင့်သည်။

နေလောင်ခြင်းအတွက် နှုတ်ခမ်းအသားပပ်၍ ကွဲအက်ခြင်းမှ ကြိုတင်ကာကွယ်သည့်အနေဖြင့် SPF ပါသော နှုတ်ခမ်းဆိုးဆေးကိုသုံးသင့်သည်။

မိမိနေအိမ်များသို့ နေရောင်ခြည်စူးရှသည့် အလင်းရောင် တိုက်ရိုက်မကျရောက်စေရန် အကာအကွယ်ပြုပြီး ပြင်ပအပူဒဏ်သက်သာစေရန် လေဝင်လေထွက်ကောင်းသော ချည်သားအဝတ်အထည် အရောင်ဖျော့ဖျော့ပွပွတို့ကိုသာ ဝတ်ဆင်သင့်ပါသည်။

နွေရာသီသာမက ဆောင်းရာသီတွင်လည်း နေ့လယ်ဘက် အပူရှိန်ပြင်းထန်သဖြင့် နေရောင်ခြည်ဒဏ်အကာအကွယ်ယူ၍ အပြင်သို့ထွက်သင့်သည်။

နေလောင်ဒဏ်ခံရသော အရေပြားကို ရေခဲဝတ်ကပ်ပေးပြီး နာကျင်မှုသက်သာစေရန် အကိုက်အခဲပျောက်ဆေး သောက်ပေးနိုင်သည်။

နေလောင်ဒဏ်ကြောင့် သဘာဝအဆီများ ခန်းခြောက်စေတတ်၍ ရေအေးအေးဖြင့် လေးမိနစ်ခန့်ရေစိမ်ချိုးသင့်သည်။

ခန္ဓာကိုယ်တွင်း အပူချိန်မြင့်မားစေတတ်သော ချင်း၊ ငရုတ်သီးအမျိုးမျိုး၊ ငရုတ်ကောင်းမှုန့်၊ ချောကလက်၊ ဆိုဒါ၊ ဆီကြော်မုန့်အမျိုးမျိုး၊ အရက်၊ ချိစ်၊ ကော်ဖီတို့ကိုရှောင်သင့်သည်။

ရေများများသောက်၍ အရည်ရွှမ်းသော သစ်သီးဝလံများဖြစ်ကြသည့် နွားနို့၊ အုန်းစိမ်းရည်၊ တလည်းသီး၊ သံပရာသီး၊ မုန်လာဥအဖြူ ဘူးသီး၊ ဖရုံ၊ သခွား၊ ဖရဲသီး၊ လိမ္မော်၊ စပျစ်၊ နာနတ်၊ ဂရိတ်ဖရုသီး၊ ဘယ်ရီသီး၊ မုန်လာဥနီ၊ ဟင်းရွက်သုပ်၊ အစိမ်းရောင်ငရုတ်ချိုပွတို့ကို ပိုမိုစားသုံးသင့်သည်။ အဆီပြန်ဟင်းလျာများထက် အိုမီဂါ-၃ ဖက်တီးအက်စစ်ကြွယ်ဝသည့် ပင်လယ်ငါးစားပေးပြီး မန်ကျည်း၊ ခရမ်းချဉ်သီးဖျော်ရည်များနှင့် လက်ဖက်ရည်ကြမ်းများများသောက်ပေးသင့်သည်။

ချွေးထွက်လွန်နေသော အရွယ်ရောက်ပြီးသူလူတစ်ဦးအတွက် တစ်နေ့လျှင် သန့်ရှင်းသောသောက်ရေကို ငါးလီတာမှ ရှစ်လီတာခန့်ထိ ဓာတ်ဆားရည်နှင့်ရော၍ သောက်သုံးပေးသင့်သည်။

နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်း၊ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်း သို့မဟုတ် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်း သို့မဟုတ် ကားအတွင်းမှ ပူပြင်းသော နေရောင်အောက်သို့ ချက်ချင်းထွက်ခြင်း၊ အရက်သေစာ သောက်စားခြင်း စသည်တို့ကို အထူးရှောင်ရှားသင့်ပေသည်။

ရေချိုးနည်းမှန်ကန်မှသာလျှင် အပူကြောင့်လေဖြတ်ခြင်း(Heat Stroke) ကို ကာကွယ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အပူဒဏ်ခံနိုင်အောင် ဆေးဖက်ဝင်ရေချိုးနည်းအဆင့်ဆင့်ကို ယခုကဲ့သို့ အကြံပြုလိုပါသည်။

(က) ရေကို အရိပ်ထဲတွင်ချိုးရပါမည်။
(ခ) ဦးစွာ သောက်ရေတစ်ဖန်ခွက် အပြည့် သောက်ပါ။
(ဂ) ပြီးနောက် ဦးနှောက်ထဲရှိ အပူထိန်းအာရုံကြော နေရာများဖြစ်ကြသည့် ခြေထောက်အောက်ပိုင်း၊ လက်ဖျားနှင့် လက်မောင်းများကို ကြိုတင်အသိပေးသည့်အနေဖြင့် ရေဆွတ်ကာ ပက်ဖျန်းပေးပါ။
(ဃ) ပြီးမှ မျက်နှာသစ်ပါ။
(င) တစ်ဆက်တည်းမှာပင် လည်ကုပ်နှင့် လည်ပင်းတို့ကို ရေနှင့်ပက်ပေးပါ။
(စ) ဖော်ပြပါနည်း အဆင့်ဆင့်အတိုင်း ဆက်၍ရေချိုးပါ။

အထက်ဖော်ပြပါ နေ့အပူချိန်မြင့်တက်ခြင်းမှ ကာကွယ်ရန် နည်းလမ်းကောင်းများသည် အရွယ်သုံးပါး လူသားအားလုံးအတွက် အကျိုးဝင်ပြီး အထူးသဖြင့် သက်ကြီးဘိုးဘွားများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)၊ ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သောသူများ၊ အရက်စွဲသောသူများနှင့် မူးယစ်ဆေးသုံးစွဲသူများတို့တွင် အပူဒဏ်အန္တရာယ် ပိုမိုသတိထားသင့်ပေသည်။

အချုပ်ဆိုရသော် ကမ္ဘာကြီးသည် အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူရှိန်မြင့်မားကာ အစွန်းရောက်ဖောက်ပြန်ရာသီဥတုဖြစ်စဉ်များကို ပိုမိုကြုံတွေ့လာပြီး ဆုံးရှုံးမှုကြီးမားသော သဘာဝဘေးအန္တရာယ်များကိုလည်း ဖြစ်ပေါ်ခံစားရသည်။ အထူးသဖြင့် ကျွန်းနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကိုအခံရဆုံးဖြစ်သည်။ သို့ပါ၍ ပြည်သူအားလုံး ကျန်းမာရေးအသိ၊ သတိရှိကြစေလိုပါကြောင်း ရေးသားလိုက်ရပါသည်။

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ အင်ဂျင်နီယာသင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် -

(က) **၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်**မနှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၁၁-၁၀-၂၀၁၆** ရက်နေ့မှ စတင်၍ **၈-၁-၂၀၁၇** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူအကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှ ၆ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ ၂၀၁၇ ခုနှစ်၊ **ဇန်နဝါရီလ ၁၀ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-**၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-**၊ တတိယနှစ်ကျပ် **၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီးအဖြစ်** ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ်ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။







## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၇/ခ)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၂.၃၈)ဧကရှိမြေပေါ်တွင် ဆောက်လုပ်ထားသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် Mandalay Convention Centre အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းလုပ်ငန်းအား အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - (၁၆-၁၀-၂၀၂၆)ရက်နေ့မှ (၃၁-၁၀-၂၀၂၆)ရက်နေ့ထိ |
| (ခ) | တင်ဒါလျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးရက်/အချိန် | - (၃-၁၁-၂၀၂၆)ရက်၊ (၁၂:၀၀)နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာဝယ်ယူရန်နှင့် လျှောက်လွှာတင်သွင်းရမည့်နေရာ | - စီမံရေးရာဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| (ဃ) | တင်ဒါကျင်းပမည့် ရက်/အချိန်/နေရာ | - (၉-၁၁-၂၀၂၆)ရက်၊ (၁၄:၀၀)နာရီ အစည်းအဝေးခန်းမ(၃)၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ(၈)ထပ်ဆောင်၊ (ပထမထပ်) |

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန ဖုန်း ၀၂-၄၀၆၄၇၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm






- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၅/၂၀၂၆ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၅/၂၀၂၆**
၁၃၈၈ ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက်
(၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ၁၃၈၈ ခုနှစ် ဒုတိယဝါဆိုလဆန်း ၇ ရက် ၂၀၂၆ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၄/၂၀၂၆ သည် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၊ ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်တို့မှ အပ ဆက်လက်အတည်ဖြစ်သည်။

ပုံ
**ရဲဝင်းဦး**
**ဗိုလ်ချုပ်ကြီး**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

## အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ ညောင်ရွှေမြို့ အဋ္ဌဒိသာခမ္ဗဝိဟာရ ဒေသစာရီကျောင်းတော်ကြီးသို့ ကြွချီအပူဇော်ခံ



**ညောင်ရွှေ အောက်တိုဘာ ၁၈**

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားရုပ်ရှင်တော်မြတ်လေးဆူ အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီ ကြွချီအပူဇော်ခံလျက်ရှိရာ ယနေ့နံနက် ၇ နာရီတွင် ညောင်ရွှေမြို့နယ် လင်းကင်းကျေးရွာမှ အင်းလေးရိုးရာ ဘုရားဆွဲလှေ ၄၂ စီးဖြင့် ညောင်ရွှေမြို့ အဋ္ဌဒိသာခမ္ဗဝိဟာရဒေသစာရီကျောင်းတော်ကြီးသို့ ကြွချီအပူဇော်ခံလျက်ရှိကြောင်း သိရသည်။

ဦးစွာ ညောင်ရွှေမြို့ ဖောင်တော်ပြန်မဏ္ဍပ်ရှေ့ရှိ နန်းကပ်ချောင်းအတွင်း အင်းလေးအစုအဖွဲ့မှ ဆောင်ရွက်ထားသော စွမ်းအင်သုံးစွဲမှုလျှော့ချနိုင်ရေး၊ အင်းရေပြင်တွင် စက်ဆီများညစ်ညမ်းမှု လျှော့ချနိုင်ရေးအတွက် EV စက်လှေဖြင့် ကျောင်းကြို၊ ကျောင်းပို့နှင့် အင်းလေးဒေသထွက်ကုန်ဖြစ်သည့် ခရမ်းချဉ်သီး သယ်ယူပေးပို့မှုသရုပ်ပြသခြင်း၊ ဆွမ်းပို့လှေသရုပ်ပြသခြင်း၊ ကိန္နရီကိန္နရာအက၊ အင်းတိုင်းရင်းသားအက၊ တိုးနရားအကတို့ဖြင့် ကပြဖျော်ဖြေနေမှုကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊

စာမျက်နှာ ၁၉ ကော်လံ ၁ ☆



## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အမျိုးသားပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် ၄၈ ကီလိုတန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ စူပါလင်းဇယ်က ကရင်ပြည်နယ်အသင်းမှ ဝန်ဒန်အောင်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ

စာမျက်နှာ ၁၉ ကော်လံ ၁ ●

## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှော မြေသားနိမ့်ကျမှုပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှဆည်ရေများ လျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုကို ပြန်လည်ပြုပြင်ခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏အထက်ရေပြင်နှင့်ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျ နေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊

စာမျက်နှာ ၁၉ ကော်လံ ၄ ■



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။




## ကမ္ဘာ့တရုတ်ရိုးရာခြင်္သေ့အကပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Myanmar LDCR အသင်း ချန်ပီယံဆုဆွတ်ခူး

**ရန်ကုန် အောက်တိုဘာ ၁၈**

တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့တရုတ်ရိုးရာခြင်္သေ့အကပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Myanmar LDCRအသင်းအနေဖြင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့တရုတ်ရိုးရာ ခြင်္သေ့အကပြိုင်ပွဲသည် ခြင်္သေ့ရုပ်အကဝတ်စုံကို ဝတ်ဆင်ထားသည့်ကစားသမားများက ဒရမ်၊ လင်ကွင်း အစရှိသည့် တူရိယာသံများဖြင့် ခန္ဓာကိုယ်ထိန်းသိမ်းပြီး ဟန်ချက်ညီစွာ ကခုန်ပျံသန်းရသည့် တရုတ်ရိုးရာအားကစားအနုပညာတစ်မျိုးဖြစ်သည်။

အဆိုပါပြိုင်ပွဲကို တရုတ်နိုင်ငံ နန်ကျင်းမြို့တွင် အောက်တိုဘာ၁၆ရက်က ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာအသင်းအနေဖြင့် အိမ်ရှင် တရုတ်အသင်းအပါအဝင်

စာမျက်နှာ ၁၉ ကော်လံ ၄ ◆